www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၄၇၀၃၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၇၉၀၅၁၁
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၁၊ နိုဝင်ဘာ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း
ပုဇွန်တောင်မြို့နယ်။
ရန်ကုန်မြို့။
ဖြန့်ချေး - ၁၃၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

မယ်ခိုင် ၈၉၅.
ကျွန်မနှင့် သူတို့ /မယ်ခိုင် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၁ ။
၂၆၁ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။
(၁) ကျွန်မနှင့် သူတို့

*မယ်ခိုင်* ရဲ့ပရိသတ်များအားလုံး မင်္ဂလာပါရှင်. . .

ပထမဆုံးအနေဖြင့် မယ်ခိုင်ရယ်လို့ ရပ်တည်ခွင့်ရအောင် အားပေးကြသော ပရိသတ်ကြီးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောပြချင်ပါတယ်ရှင့်။

ကျွန်မရဲ့နာမည်ရင်းကတော့ 'မသဲခိုင်ဦး'ပါ။ ကျွန်မက ကချင်ပြည်နယ်၊ ဟိုပင်မြို့မှာ မွေးဖွားကြီးပြင်းပါတယ်။ မြစ်ကြီးနားတက္ကသိုလ်မှာ ပထဝီဝင်ဘာသာရပ်နဲ့ ကျောင်းပြီးပါတယ်။ ကျွန်မက (၂၇) ရက်နေ့ မေလဖွားဖြစ်ပါတယ်။ အခုဆို ကျွန်မရဲ့အသက်မှာ (၂၆)နှစ်ကျော်ခဲ့ပါပြီ။ ကျွန်မက ဆံပင်နည်းနည်းရှည်ပါတယ်၊ အချို့အချို့ကတော့ ကျွန်မနဲ့စကားပြောရတာကို ပျော်တယ်လို့ပြောကြပါတယ်။

ကျွန်မက မွေးချင်းလေးယောက်အနက် အကြီးဆုံးပါ။ သဲခိုင်ဦး၊ ချစ်သဲဦး၊ ချစ်မြဲ ဆိုပြီး မောင်သုံးယောက်ရှိပါတယ်။ သူတို့သုံးယောက်က ကျွန်မရဲ့ဘဝလို့ပြောရင် ရပါတယ်။ ကျွန်မက ပင်စည်တစ်ခုဆိုရင် သူတို့သုံးယောက်က ကျွန်မရဲ့အထက်မှာရှိတဲ့ အကိုင်းအခက်တွေပါ။ မယ်ခိုင်ရဲ့အချို့ပရိသတ်တွေ သိချင်နေတဲ့ မယ်ခိုင်ရဲ့ Biography ကတော့ အဲ့ဒီလို ခပ်ရိုးရိုးလေးပါပဲ။

မယ်ခိုင်ရဲ့ပရိသတ်ကြီးကို တောင်းပန်ချင်ပါတယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com

ကတော့ မိတ်ဆက်စာတွေ ပြန်မရေးဖြစ်တဲ့ကိစ္စပါပဲ။ ကျွန်မက ခရီးများလွန်းသူမို့ အကြောင်းအမျိုးမျိုးကြောင့် အချို့ကို ပြန်မရေးဖြစ်ပေမယ့် ပရိသတ်ကြီးက ကျွန်မရင်ထဲမှာ အကြီးကြီးရှိနေခဲ့ပါတယ်။ ထို့ကြောင့် ယခု ကျွန်မရဲ့ အုပ် (၃၀)မြောက် အမှတ်တရအဖြစ် ပရိသတ်အချို့ တောင်းခဲ့သော ကျွန်မရဲ့ဓာတ်ပုံနှင့်တကွ ကျေးဇူးတင်ကြောင်းကိုပါ မှတ်မှတ်ရရပြောချင်လွန်းလို့ အခုလိုဖန်တီးလိုက်ရခြင်းဖြစ်ပါတယ်ရှင့်။ (ဒီလိုလုပ်လိုက်ရတာကတော့ တစ်ယောက်ချင်းဆီကိုပေးဖို့ ဓာတ်ပုံက ကျွန်မမှာ များများမရှိလို့ပါ။)

ပြီးတော့ အဓိကကျေးဇူးတင်ကြောင်း ပြောချင်တာကတော့ ပရိသတ်နှင့်ကျွန်မကို ထိတွေ့ခွင့်ပေးခဲ့တဲ့ မယ်နိုင်ရဲ့ထုတ်ဝေသူ ရွှေပဒေသာစာပေမှ ဦးအေးလွင်ပါပဲ။ ဦးအေးလွင်ကို ကျွန်မ တကယ်ကိုကျေးဇူးတင်ပါတယ်။ ပြီးတော့ မယ်နိုင်ရယ်လို့ ရပ်တည်ခွင့်ရအောင် အားပေးကူညီကြတဲ့ ပရိသတ်ကြီးကို ရင်ထဲက လှိုက်လှိုက်လှဲလှဲကျေးဇူးတင်မိပါတယ်။

ပြီးတော့ ကျွန်မကို တကူးတက ခင်မင်ရင်းနှီးအားပေးခဲ့ကြပါသော တနိုင်းမြို့မှ ညီ L ရိန်ကြွယ်၊ ဒေးဒရဲမြို့မှ မခင်နှံ့ဒိုလွင်၊ ၃/သခ. ၆၅ (မြိတ်တက္ကသိုလ်)မှ မခိုင်စပယ်မျိုး၊ ငါးသိုင်းချောင်းမြို့မှ နေဇင်မိုး၊ တနိုင်းမြို့မှ မဆိုင်းဆန်၊ မန္တလေးမြို့မှ မစိုးမိုးသင်း၊ ကလေးမြို့မှ မလမင်း၊ စီးပွားရေးတက္ကသိုလ် (မုံရွာ)မှ မနုနုဝေ၊ ၂. မ. ၃၄ (မော်လမြိုင်တက္ကသိုလ်)မှ မနှင်းဆီ၊ ကချင်ပြည်နယ်၊ ပင်းဘောမှ ဒေါ်သန်းနွယ်၊ ဖောင်းပြင်မြို့နယ်၊ ကရားကျေးရွာ (ခေတ္တ ဆယ်ဇင်း၊ ဝေသာလီ)မှ မဖြိုးအိလှိုင်၊ ရာမညမြေမှ Moon၊ လှိုင်မြို့နယ်မှ ထက်ထက်၊ မာန်အောင်မြို့နယ်မှ ရခိုင်လူမျိုးလေး သူရိန်ကျော်၊ အငုံ့တပ်မြို့(မုံရွာ)မှ သားကြွယ်စင်၊ မှော်ဘီ(၂)လမ်း၊ လှိုင်မြို့နယ်မှ ခင်မြတ်နိုး၊ မာန်အောင်မြို့နယ်၊ ဇရပ်ကုန်းခင်က ပုတူ (ခ) ခင်အေးမော်၊ ပြည်ကြီးတံခွန် (မန္တလေး)မှ မအေးသန္တာမြင့်၊ ဖွဲကာပင်မြေမှ သဲစု၊ အင်းတော်မြို့နယ်၊ (၈) ရပ်ကွက်မှ မြသန်းနွယ်၊ ကျိုက်မရောမြို့၊ မွန်စု(၃)မှ အလင်းရောင်၊ မိုင်းမော၊ သဲဖြူချောင်းမှ စည်သူဖြိုးဝေ (ဘုန်းမိုးသွန်း) တို့အား အရမ်းကို ကျေးဇူးတင်ပါကြောင်း အုပ် (၃၀) ပြည့်တွင် မှတ်တမ်းတင်အပ်ပါတယ်ရှင့်။

ပြီးတော့ ကျွန်မက နောက်တစ်ခု ပြောချင်ပါသေးတယ်။ ကျွန်မရဲ့ '**ပေါက်ပန်းပမာ**' ဆိုတဲ့ အုပ်တွဲဝတ္ထုကို ပရိသတ်ကြီးက သတိထားမိကြလိမ့်မယ်လို့ ထင်ပါတယ်။ တကယ်က အဲဒီဝတ္ထုကို **ပေါက်ပန်းပမာ** (၁,၂,၃,၄) ဆိုပြီး ဇာတ်လမ်းရှည်အဖြစ် ရည်ရွယ်ခဲ့တာပါ။ သို့သော် အခက်အခဲအမျိုးမျိုးနဲ့ အဆင်မပြေမှုအမျိုးမျိုးတို့ကြောင့် အစီအစဉ်ပြောင်းလဲ၍ ဇာတ်လမ်းမှာမည်

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းခဲ့ရခြင်းကို ပြင်ဆင်ဖတ်ရှုပေးဖို့ ပရိသတ်ကြီးကို တောင်း ပန်ချင်ပါတယ်။ တောင်းဆိုချင်ပါတယ်ရှင့်။ 'ပေါက်ပန်းပမာ'၊ 'ကာလတစ်ခု၌. . .'၊ 'ကြယ်တံခွန်ထဲက ခရုအိမ်' ဆိုတာ က တကယ်တော့ ကျွန်မရည်ရွယ်ခဲ့တဲ့ ပေါက်ပန်းပမာ (၁,၂, ၃,၄) ပါပဲ။ ဒါကြောင့် ဒီဇာတ်လမ်းတွေကို 'ပေါက်ပန်းပမာ' ပါလို့ ရင်ထဲထားပြီး ပြင်ဆင်ပေးစေလိုပါတယ်ရှင့်။

အကယ်၍ အခွင့်သာခဲ့မယ်ဆိုရင် ချစ်တဲ့ပရိသတ်ကြီး နဲ့ကျွန်မ တွေ့ဆုံပြီး စကားတွေပြောချင်ပါသေးတယ်။ ပရိသတ် ကြီးရဲ့စကားသံတွေကိုလည်း နားထောင်ချင်ပါသေးတယ်။

ပရိသတ်ကြီးကို အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်မ ဆက်လက်ပြီး ကြိုးစားပါဦးမယ်ရှင့်။ ကျွန်မက ဝေဖန်အကြံပြု ခြင်းကိုလည်း နှစ်သက်ပါတယ်ရှင့်။

ပရိသတ်ကြီးက ဆက်လက်ပြီး အားပေးနိုင်ပါစေလို့
ဆုတောင်းရင်း. . .

မယ်ခိုင်

BURMESE CLASSIC

တောင်တွေဟာ
တိမ်တွေကိုတွေ့တယ်. . .
တိမ်တွေဟာ
တောင်တွေကိုကျော်ပြီး
နေကိုတွေ့တယ်. . .
နေဟာလည်း
အားလုံးကိုကျော်ပြီး
ပင်လယ်ပြင်ကိုတွေ့တယ်. . .
ဒါပေမဲ့
လှိုင်းလုံးတွေကတော့
ငါ့ဆီအလည်လာကြတယ်. . .
နင်ဟာ
လှိုင်းလုံးလေးဖြစ်ခဲ့မယ်ဆိုရင်
ငါက နင့်အတွက်
အာလာဒင်ဖြစ်ပေးမယ်လေ
ဘယ်လိုလဲ. . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဟူး. . . စိတ်တိုလိုက်တာ"

ဟုဆိုကာ ရှူးရှူးရှားရှားနှင့် ပြန်လာသော ဘွန်ဖိုင်ကြောင့် ရိုင်းနင်မှာ မျက်လွှာလေးပင့်ကာကြည့်လိုက်ပြီး ဘာမှစိတ်မဝင်စားသလို ဂစ်တာကိုသာ ဆက်တီးနေလိုက်ပါ၏။

သူ့ကိုလုံးဝဂရုစိုက်ချင်ပုံမပေါ်ကဲ့ ရိုင်းနင်ရဲ့ပုံကြောင့် သူ့မှာ ရှူးရှူးရှားရှားနှင့်ပင် လေသာဆောင်ကွင် ပန်းချီဆွဲနေဖသာရှိမိုင်လာ ဆီ တက်ခဲ့လာခဲ့ပြန်ပါ၏။

"ဟူး. . . စိတ်တိုလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒုတိယအကြိမ် ထပ်ညည်းလိုက်ပေမယ့် ရှိမိုင်လာမှာ လုံးဝ ကို သူ့စကားကိုကြားလိုက်ပုံမရချေ၊ သူ့မှာ ကျွမ်းပဲပတ်ထိုးရမလား၊ တိုက် ပေါ်ကပဲ ခုန်ချရတော့မလား ဝေခွဲမရနိုင်အောင် ဖြစ်သွားရပါသည်။

"ရှိမိုင်လာ"

"ဘာလဲ"

"ငါစိတ်တိုနေတယ်လေ"

"အဲ့ဒါ ငါက ဘာလုပ်ရမလဲ"

"ငါက မင်းရဲ့ညီလေ၊ ငါစိတ်တိုနေတာကို ဒီအတိုင်းပဲထား တော့မှာလား"

"ထိုင်ရှိုးရမှာလား။ အဲ့ဒါဆိုရင်တော့ မင်း ရဲကြီးသွားနိုင် တယ်။ ငါက မင်းထက်သုံးနှစ်ကြီးတယ်"

"နည်းနည်းတော့ ဂရုစိုက်ပေးဦးလေ"

"ငါမအားသေးဘူး ဘွန်ဖိုင်။ မင်း ရှုပ်ချင်ရင် ရှိုင်းနှင်ကိုသွား ရှုပ်"

ဟုသာဆိုပြီး သူ့ကို နည်းနည်းမှဂရုမစိုက်တော့ဘဲ ပန်းချီကို သာ စွဲမြဲစွာဆွဲနေသောကြောင့် ဘွန်ဖိုင်မှာ ဒေါသဖြစ်ရတာကိုတောင် မလျှော့တမ်လပ်နှင့်ပင် အောက်ထပ်သို့ လှေကားအတိုင်းပြန်ဆင်းလာကာ



အဆောင်ဆောင်အခန်းခန်းရှိသည့်ထဲမှ ရှိုင်းနှင်၏စတူဒီယိုဟုသတ်မှတ် ထားသောအခန်းထဲသို့ ဝင်လာခဲ့ပြန်ပါ၏။

"ရှိုင်းနှင်"

"ဗလီညာဆိုတဲ့ကောင်မလေးကြောင့် မင်းစိတ်တိုလာရပြန်ပြီ မဟုတ်လား"

"မင်းပဲစဉ်းစားကြည့်လေ၊ မိန်းကလေးပဲ စကားပြောရင် တိုး တိုးသက်သာရှိရမှာပေါ့။ ခုတော့ ငါ့နားရောက်မှ အော်ရယ်ရတယ်လို့၊ အဓိပ္ပာယ်မရှိတာ၊ ငါ့နားတောင် ကွဲထွက်တော့မယ်"

"မင်းက မမောပေမယ့် ဒီအကြောင်းကိုနားထောင်ပေးရတဲ့ ငါက မိုးအီနေပြီ။ နေစမ်းပါဦး။ အဲ့ဒီကောင်မလေးက လှသလား"

"ဘယ်ကလာ၊ အရပ်က လေးပေကျော်လောက်ပဲရှိမယ်"

"တော်တော်ပုတာပဲ"

"မျက်လုံးက ပြူးသေး၊ ဆံပင်က ဘာအရောင်မှန်းမသိဘူး။ ရယ်လိုက်ရင် နှုတ်ခမ်းကိုမမြင်ရတော့ဘူး၊ ဆိုးတာက ရယ်လိုက်တိုင်း မျက်လုံးမရှိတော့တာပဲ"

"မင်း အဲ့ဒီကောင်မလေးကို တော်တော်အလွတ်ရနေတာပဲ"

"ဘယ်မှာရလို့လဲ၊ ပြာကလပ်စီနိနေတဲ့သူ့ကို ငါလုံးဝမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူကရော မင်းကိုသိလား"

"သူ့ကိုသွားမေးပါလား"

"သူက ဗလတွေဘာတွေရော ကောင်းသလား"

"ဝါးခြမ်းကွဲတောင် ဆရာခေါ်ရမယ်"

"ဒါဆို ပိန်ပိန်လေးပေါ့"

"အင်း"

"ငါအံ့ဩတာ တစ်ခုရှိတယ်"

"ဘာလဲ"

"အရပ်က လေးပေကျော်ပြီးတော့၊ ဝါးခြမ်းကွဲက ဆရာခေါ်ရလို့ရတဲ့ကိုယ်လုံးကိုယ်ပေါက်နဲ့ဆို လေတိုက်ရင်တောင်လွင့်မလားပဲ၊ ဒါကို အရပ်က ခြောက်ပေ၊ ကိုယ်အလေးချိန်က ၆၈ ကီလိုနဲ့ မင်းက ကြောက်နေရတယ်ဆိုတော့"

"ဘယ်မှာကြောက်လို့လဲ။ ငါ ဘယ်တုန်းက ကြောက်တယ်ပြောလို့လဲ"

"မကြောက်ဘူးလား၊ လုံးဝကိုမကြောက်ဘူးလား"

"လက်သန်းတစ်ချောင်းစာတောင် မကြောက်ဘူး"

"အဲ့ဒါဆိုရင် ဖက်နမ်းပစ်လိုက်ကွာ"



"ဘာ! "

"မင်းက နုသေးတော့ မိန်းကလေးတွေအကြောင်းကိုမသိသေးဘူး"

"ဘာ! "

"ဘာမှမစိုးရိမ်ပါနဲ့၊ မင်း ဆယ့်ကိုးနှစ်ပြည့်ပြီးပြီပဲ၊ လူကြီးဖြစ်ပြီ၊ ကြိုက်ရင် ဆွဲသာနမ်းပစ်လိုက်"

"ငါမကြိုက်ဘူး"

"ဟာ, မကြိုက်ရင်လည်း လုပ်သင့်ရင်လုပ်ရမယ်လေ"

"ဘာကြောင့်လဲ"

"အပြင်ပန်းက မာကျောတယ်လို့ထင်ရတဲ့မိန်းကလေးတွေက တိမ်းညွတ်မိရင် သူများနဲ့မတူအောင်ဘဲ။ အစပိုင်းခက်ပေမယ့် နောက်ပိုင်းကတော့ ပန်းမွေ့ရာကြီးပေါ့ကွာ"

"အင်း"

"အပြင်ပန်းက နူးညံ့တဲ့မိန်းကလေးတွေကျတော့ ကြိုးစားရလွယ်တယ်။ သူတို့က စိတ်ပျော့တာကိုး၊ ဒါပေမဲ့ နောက်ပိုင်းသိပ်ပြဿနာများတယ်။ သူတို့က အရာရာကိုလွယ်ကူတဲ့သဘောဆန္ဒရှိတယ်လေ။ ဆိတ်ဖလူးပန်းလိုပေါ့ကွာ။ မွှေးလွန်းလို့ နံလာတာ"

"မင်း, ဘာတော်ကီတွေ ကျွေးနေပြန်ပြီလဲ ရှိုင်းနှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ အချိုရည်ဘူးသောက်ကာ ဝင်လာသောရှိမိုင်လာက ဆက်တီတွင် ဝင်ထိုင်လိုက်ပါ၏။

"ညီအငယ်ဆုံးမို့ သမိုင်းပေးတာဝန်အရ သင်ပေးနေတာ"

ဟု ရှင်းနောက်နောက်ဆိုကာ. . .

"ဟား. . . ဒီနေ့ထူးဆန်းတဲ့နေ့ပဲ"

"ရှူးနေပြီလား"

ဟု ဘွန်ဖိုင်က ပြောလိုက်လျှင်. . .

"ဒီနေ့ ဇူလိုင်ဆယ်ရက်. . . ဖေဖော်ဝါရီဆယ်လေးရက်က လူတိုင်းနဲ့ဆိုင်တယ်။ ဒါပေမဲ့ ဒီနေ့ကတော့ ငါတို့သုံးယောက်နဲ့ပဲ ဆိုင်နေတယ်"

ဟုဆိုသဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြပါ၏။

"ငါတို့သုံးယောက် မျက်နှာချင်းမဆိုင်ဖြစ်တာ ဘယ်လောက်ကြာသွားပြီလဲ"

ဟု ရှိုင်းနင်က ဆိုတော့မှ သဘောပေါက်ကာ ရယ်မိလိုက်ကြပါသည်။

"ငါတို့တစ်ခုခုလုပ်ကြရင် မကောင်းဘူးလား"

ဟု ရှိုင်းနင်ကဆို၍ ဘွန်ဖိုင်ရော ရှိမိုင်လာပါ ကြည့်လိုက်စဉ်



ရှိုင်းနင်က အကျော်ကြားဆုံးအပြုံးနှင့်. . .

"ငါတို့ ကလပ်မှာ သွားကကြမလား"

"ဖြစ်မလား"

"ဖြစ်ပါတယ်"

"ငါတို့က မင်းအတွက်ပြောတာ"

"မင်းက အခုနာမည်ကြီးနေတော့"

"ရပါတယ်ဆိုမှကွာ၊ ငါ့ညီအစ်ကိုတွေအတွက်တော့ ဒီလောက် ရင်းနိုင်ပါတယ်"

"မင်း ဒီမှာဘယ်နှရက်နေမှာလဲ ရှိုင်းနင်"

"ဆယ်ရက်လောက်တော့ နေဖြစ်မယ်၊ ပြီးရင် နောက်တစ်ခွေအတွက် အချောသွင်းဖို့ရှိတယ်။ ပြီးရင် နောက်လထဲမှာ ပြင်သစ်သွားရမယ်။ ဖိတ်ထားတာလေ"

"မင်း တကယ်ပဲ ဒီအလုပ်တွေကိုဆက်လုပ်နေတော့မှာလား ရှိုင်းနင်"

"ကိုယ့်ဆန္ဒအတိုင်း ကိုယ့်ဘဝကိုကိုယ့်ဖာသာစိတ်ကြိုက်တည်ဆောက်ရတာလောက် ကျေနပ်စရာကောင်းတာမရှိဘူး ရှိမိုင်လာ"

"တစ်ခါတစ်ရံမှာ ငါတွေးမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ငါတို့ ဘွန်ဖိုင်အပေါ် တရားရဲ့လားလို့"

"ဘဝဆိုတာက တရားက အလိုအလျောက်ဖွဲ့စည်းလာပြီးသား ပါ။ ငါ့မှာ ဂီတပါရမီရှိလို့ ငါက အခု အောင်မြင်စွာ ဂီတနယ်ပယ်မှာ အခြေချမိနေပြီ၊ ငါ့အတွက် သံစဉ်သာရှိရင် ဘာမှမလိုတော့ဘူး။ မိဘ အမွေလည်း မလိုဘူး။ ငါက လူတစ်ယောက်ပဲ၊ ကိုယ့်အားကိုယ်ကိုးပေါ့။ မင်းက စုတ်တံတွေ၊ ဘောပင်တွေ၊ စာရွက်တွေရှိနေရင်ပဲ ရနေပြီမဟုတ် လား"

ဟုဆိုသဖြင့် ရိုမိုင်လာက ခွန်းတုန့်မပြန်ဖြစ်ပါ။

"မင်းနဲ့ငါက အတူတူပါ ရိုမိုင်လာ၊ ကိုယ့်ယုံကြည်တဲ့ဘဝကို ကိုယ့်စိတ်နဲ့ဖြတ်သန်းချင်ကြတယ်"

"ဆောရီး. . . ဘွန်ဖိုင်၊ မင်းကို ငါတို့ ကွန်မျူတာတွေကြားမှာ ပစ်ထားသလို"

"နိုးနိုး. . . ရိုမိုင်လာ၊ ဒီတစ်ချက်မှာတော့ မင်း ငါ့ထက်အတွေး ပိုသွားပြီ။ မင်းရဲ့ဝါသနာအရတော့ သဘာဝကျပါတယ်"

ဟုဆိုပြီး ရိုမိုင်လာရဲ့လက်ထဲမှ အချိုရည်ကိုဆွဲယူကာ မော့ချ လိုက်ပြီးမှ. . .



"ငါတို့သုံးယောက်ထဲမှာ ဒီကောင်က ဉာဏ်အကောင်းဆုံးပဲ။ သချာ်အိုင်ကျူ ကိုးဆယ့်သုံးရာခိုင်နှုန်းဆို ဒီကောင့်ကို ငါတို့ဆရာခေါ်ရ တယ်။ ပြီးတော့ ဘာသာစကားတော်တော်များများကိုလည်း ကျွမ်းကျွမ်း ကျင်ကျင်တတ်တယ်။ အဲ, မကြာခင်မှာ စီးပွားရေးဘွဲ့နဲ့ ပညာရေးမှာ အနားယူတော့မယ်။ ဒီလိုကောင်က မိသားစုရဲ့စီးပွားရေးကိုမထိန်းသိမ်း ဘူးဆိုရင် ငါတို့လိုကောင်တွေက ထိန်းသိမ်းရမှာလား။ ဒါဆိုရင်တော့ ငါးလမကြာဘဲ အိမ်တောင် နေစရာရှိလိုက်မှာမဟုတ်ဘူး"

"ရိုင်းနင်, ငါ မင်းအကြောင်းကောင်းကောင်းသိတယ်။ ကွန် မျူတာနဲ့ဝေးချင်တိုင်း မင်း ငါ့ကိုကောင်းကောင်းမြှောက်ပင့်ဦးမှာပဲ"

"ငါတို့က မလိမ္မာတဲ့သားမိုက်တွေ၊ အဲ့တော့ မာမီအချစ်ဆုံး မင်းကပဲ ငါတို့အစားရော,ရောပြီးလုပ်ဆောင်ပြလိုက်ပေါ့။ ဒါပေမဲ့ တစ် ခုတော့ရှိတယ် ကလေးဆန်တဲ့အဲ့ဒီစိတ်ကိုတော့ ပြုပြင်မှဖြစ်မယ်။ မပြု ပြင်ရင်တော့ မင်းလက်အောက်ကဝန်ထမ်းတွေ ခေါင်းကျိုးနေရလိမ့် မယ်"

"ဘယ်သူကရော လုပ်မယ်ပြောသေးလို့လဲ"

"မလုပ်လို့မရဘူးလေ. . . ငါတို့အထဲမှာ မအောင်မြင်သေးတဲ့ မင်းပဲရှိတယ်။ အဲ့တော့ မိဘတွေရဲ့အမွေကိုလည်း မင်းပဲဆက်ခံရလိမ့်

www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဂုဏ်ယူလိုက်စမ်းပါကွာ။ မာမီ့ရဲ့စိန်ဆိုင်ကြီးရော၊ ဒယ်ဒီရဲ့ကုမ္ပဏီ လုပ်ငန်းကပါ နိုင်ငံတော်များများနဲ့ဆက်ဆံနေတာ။ သွားရည်ယိုချင်စရာကြီးပါ''

''တော်ပြီတော်ပြီ၊ အဲ့ဒီအကြောင်းတွေ ဆက်မပြောချင်တော့ဘူး။ စက်ရုပ်ဖြစ်လွန်းလို့''

''ဒါနဲ့ ခု ဒယ်ဒီဘယ်ရောက်နေသလဲ''

''လွန်ခဲ့တဲ့သုံးရက်ကပဲ စင်ကာပူသွားမယ်ပြောတာပဲ''

''မာမီရော''

''မြန်မာပြည်အထက်ပိုင်း တက်သွားတယ်''

''ဟူး. . . တကယ်တော့ ချမ်းသာတယ်ဆိုတာ လူကိုအထီးကျန်စေတာပါလား''

''ဟေ့. . . ငါတို့ ကလပ်သွားမယ့်အစား အိမ်မှာပဲ ပါတီပေးပြီး ကဲကြရင် မကောင်းဘူးလား''

''ကောင်မလေးမရှိရင် မနေတတ်တာ မင်းရဲ့အကျင့်ပဲ ရိုင်းနင်။ မင်းဒီလိုလုပ်ချင်နေတာမဟုတ်လား။ မင်းသဘောပဲ''

ဟုသာ ရှိမိုင်လာကပြောပြီး ပြောင်လက်နေသောစန္ဒရားကို တီးခတ်နေလိုက်ပါသည်။

''အကြိုက်ချင်းမတူတာပေါ့။ ဒါကြောင့် မင်းရဲ့မျက်နှာက ခံစားချက်မဲ့နေတာပဲ ရှိမိုင်လာ''

''အဲ့ဒါတစ်ခုတော့ မင်းက ချီးကျူးစရာပဲ ရိုင်းနင်။ ကောင်မလေးတွေအများကြီးက မင်းအပေါ်ယိုင်လာအောင် မင်း ဘာဆေးသောက်ထားလဲ''

''အချစ်ဆေးပေါ့. . . တကယ်တော့ မိန်းကလေးတွေက အချစ်ကိုသိပ်ကြိုက်ကြတယ်''

''ဒါ လွယ်တာမှမဟုတ်တာ''

''မှန်မှန်ပြောစမ်း! ဘွန်ဖိုင်၊ မင်း တစ်ယောက်ယောက်ကို ကြိုက်နေပြီလား''

''မကြိုက်ပါဘူး''

''မကြိုက်ရင်တော့ သိပ်ကိစ္စမရှိဘူး။ ကြိုက်ရင်တော့ ဖက်သာနမ်းပစ်နော်၊ ကြားလား''

''မင်းအတတ်ကောင်းတွေသင်ပေးမနေနဲ့ ရိုင်းနင်။ ဒါ မြန်မာပြည်၊ ချက်ချင်း အမျိုးသမီးရေးရာ ရောက်သွားနိုင်တယ်''

''အထာရှိတာပေါ့ကွ၊ အထာမလည်ဘဲလုပ်ရင်တော့ ဘယ်နိုင်ငံသူဖြစ်ဖြစ် ပါးရိုက်ချိုးနိုင်တာပဲ။ အထာသိလား. . . အထာ''

www.burmeseclassic.com

www.burmeseclassic.com



သာရှိုင်းနှင်၏စကားကို ဘွန်ဖိုင်မှာ မျက်ခုံးနှစ်ဖက်တွန့်ကွေးကာ စဉ်းစားနေမိပါတော့၏။

❖ ❖ ❖

## အခန်း (၂)

''ရှိုင်းနှင်. မင်းအခုဘယ်မှာလဲ''

''ဘာလုပ်မလို့လဲ''

''ငါ မင်းနဲ့တွေ့ချင်တယ်''

''မင်းအခုဘယ်မှာလဲ''

''အိမ်မှာ''

''ကောင်းပြီလေ၊ နောက်ဆယ်မိနစ်ဆို ငါရောက်မယ်''

ဟုဆိုကာ ဖုန်းကိုပိတ်လိုက်ပြီး သူ့ဘေးနား ဝိုင်းအုံနေကြတဲ့ ကလေးများကို အကျော်ကြားဆုံးအပြုံးနှင့် နှုတ်ဆက်ကာ ထရပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့. . .

"တို့တွေကို အမှတ်တရတစ်ခုခုမပေးသွားတော့ဘူးလား ရှိုင်းနှင်"

"ဘာလိုချင်သလဲ"

သူက အပြုံးမပျက်ပင်ဆိုလိုက်တော့ မိန်ကလေးငါးယောက်မှာ ခပ်ရဲရဲပင် ဆေ့ပင်တစ်ချောင်း သူ့ကိုလှမ်းပေးကာ လက်တစ်ဖက်ကမ်းပေးကာ. . .

"တို့လက်ဖမိုးမှာ လက်မှတ်ထိုးပေးပါလား။ တို့ ရှိုင်းနှင်နဲ့တွေ့ခဲ့ပါတယ်ဆိုတဲ့ အမှတ်တရပေါ့"

"မခက်ခဲပါဘူး"

ဟုဆိုကာ ဆေ့ပင်အဖုံးကိုဖွင့်ဖို့ကြံရွယ်ပြီးမှ နာရီကိုငုံ့ကြည့်ကာ. . .

"ဆောရီး လေဒီ့မင်းတို့တွေရဲ့တောင်းဆိုချက်ကို ကိုယ်လိုက်လျှောရင် ငါးမိနစ်အချိန်ကုန်သွားလိမ့်မယ်။ ကျန်တဲ့ငါးမိနစ်နဲ့ ဒီလမ်းတွေကိုဖြတ်ဖို့အတွက် မဖြစ်နိုင်ဘူး"

ဟုဆိုကာ မိန်းကလေးတွေပေးထားသော ဆေ့ပင်ကို လှမ်းပေးလိုက်ပြန်ပါသည်။



"ဖုန်းဝင်တာက ရှင့်ရည်းစားလား"

"ရည်းစား? "

"ရှင် ရည်းစားရနေပြီလား"

"ဘာဖြစ်လို့လဲ"

"ရှင်က ဒီလောက်ထိအရေးပေးနေလို့ပါ။ သူက အဲ့လောက်ထိပဲ ရှင့်အတွက်အရေးပါသလား"

ဟု ခပ်တည်တည်ပုံနှင့်မေးလာချိန်မှာတော့ သူက ထပ်မံ၍ပြုံးမိသွားပါသည်။

"သူက ကိုယ့်အတွက် အရေးကြီးတယ်။ ကိုယ်မဟုတ်ဘူးမိသားစုအတွက်ပါ အမိကကျတဲ့လူပဲ။ သူသာပေါ်ထွက်မလာခဲ့ရင် ကိုယ်အဆိုတော်မဖြစ်ဘဲ ကွန်ပျူတာဖြစ်နေလောက်ပြီ"

"ဟင်! "

"သူက စောင့်နေရတာကိုလည်း မကြိုက်ဘူး။ နောက်ကျရင်လည်း စိတ်ဆိုးလေ့ရှိတယ်။ သူဖုန်းခေါ်လို့ မကိုင်ရင်လည်း မကြိုက်ဘူး။ သူခေါ်လို့ မလာနိုင်ဘူးပြောလည်း မကြိုက်ဘူး။ ကဲ. ကိုယ်သွားပြီနော်"

ဟုသာဆို၍ ထွက်လာခဲ့ပါသည်။

သိပ်ရေပန်းစားပြီး နာမည်ကြီးနေသောသူ၏ သွားရာလမ်း

www.burmeseclassic.com



တစ်လျှောက်တွင် ယောက်ျား၊ မိန်းမ၊မကျန် အားလုံးမှာ ငေးနေကြကုန်ပါ၏။

"တီဗွီထဲမှာသာ မဟုတ်ဘူးဟဲ့။ အပြင်မှာလည်း ရိုင်းနင်က သိပ်ကိုချောတာပါလား"

ဟူ၍ပြောနေကြသူများကို သူက အနုပညာသမားပီပီ ကြည်ရွှင်သောအပြုံးတုလေးနှင့် ဖမ်းစားလိုက်ပါသည်။

"သဘောကောင်းမယ့်ပုံပဲနော်။ နောက် အများကြီးအားပေးရအောင်"

ဟု ဝိုးတဝါးလေး ကြားမိပြန်တော့လည်း စိတ်ထဲမှာ ကျေနပ်သလိုလိုတော့ရှိသားပင်။

"ဩော်, ရိုင်းနင်ဆိုတာ သူလား"

သူက ကြည်နူးပီတိဖြစ်နေရတုန်း ရှိပါသေးသည်။ သူ့နားထဲ ဖြတ်ပြေးသွားသော ထိမထင်အသံကျယ်ကြီးကြောင့် စိတ်ထဲမတင်မကျဖြစ်သွားရပါသည်။

"အင်း, ရုပ်ကတော့ ချောသားပဲ၊ ဒါပေမဲ့ အဲ့ဒီရုပ်ကလေးဗန်းပြပြီး ရှုပ်ချင်တိုင်းရှုပ်၊ ပွေချင်တိုင်းပွေမယ့်ပုံစံမျိုးပါ"

ဟု သူ့ကိုကဲ့ရဲ့သလိုဝေဖန်သလိုပြောလာသော ထိုအသံကြောင့်



သူစိတ်မတိုဘဲ မနေနိုင်တော့ပါ။ ဒါ သူ့ကိုဘလိုင်းကြီးစွပ်နေတာ မဟုတ်သား။

လူဆိုတဲ့အမျိုးကလည်း ခက်တော့ခက်သား။ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ၊ အကောင်းပြောတာကိုပဲ ခံချင်ကြတယ်မဟုတ်လား။ လောကမှာ မြှောက်ပြောတာကိုကြိုက်တဲ့လူက ကိုးဆယ့်ငါးရာခိုင်နှုန်းရှိနေလျှင် ထိုအထဲမှာ ရိုင်းနင်ဆိုတဲ့လူလည်း ပါပေလိမ့်မည်။

ထို့ကြောင့်ပင် 'ဒီလိုအထာမျိုးတွေလာပေးမနေနဲ့မိန်းကလေး။ ဘယ်လိုပြောပြော မင်းကိုငါလုံးဝလှည့်ကြည့်မှာမဟုတ်ဘူး' ဟု စိတ်ကိုအားတင်းကာ ဘာမှမကြားလိုက်သလို ဆက်လျှောက်မိပေမယ့်?. . .

"ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး ဘဝင်လည်းကိုင်ပုံရတယ်"

ဟူသောစကားလုံးမှာတော့ သူတင်းသွားရပါသည်။

"ဟဲ့, ဗလီညာ၊ နောက်ကျနေပြီ"

ဟူသောတစ်စုံတစ်ယောက်ရဲ့အော်သံကြောင့် တံခါးချပ်ကိုဖွင့်နေသောသူမှာ မသိမသာနှင့် ထိုမိန်းကလေးကိုစွေကြည့်လိုက်ရာ ဆံပင်ဘော့လယ်လောက်ရှိသည့် ခပ်ပိန်ပိန်သေးသေးကျောပြင်ကိုသာ တွေ့လိုက်ရပါတော့သည်။

သူ့စိတ်ထဲ တင်းသွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမလှမပပုံစံမျိုးက သူ့ကို ခုလိုကြီး ကဲ့ရဲ့သွားလို့ပါ။

သူမရော ဘယ်လောက်လှနေတာမို့လဲ။

သူမှတ်မိသလောက်တော့ သူတွဲလာသမျှမိန်းမတွေရဲ့ခြေဖဝ

မှန့်စာလောက်တောင်မမီတဲ့ နောက်ကျောအလှပါပဲ။

သူ နှာခေါင်းရှုံ့ကာ ကားထဲသို့ဝင်လိုက်သည်တွင်. . .

"ဗလီညှာ၊ ဒီနာမည်ကို ငါကြားဖူးသလိုပဲ"

ဟုစဉ်းစားမည်ပြုပြီးမှ ဘာမှဆက်မစဉ်းစားတော့ဘဲ၊ ကားစ

ကို နှိုးလိုက်ပါသည်။ သို့သော် ရင်ထဲမှာတော့ မတင်မကျကြီးပင်. . .

"အလကားအရှုပ်ထုပ်၊ ငါ သတိပြုမိအောင်လို့များ တေ

ထွင်နေသေးတယ်။ ဟား. . . အရူးပဲ၊ မင်းလိုလမ်းဘေးအဆင့်မျိုး

မိန်းကလေးကို ငါက ဂရုစိုက်စရာလား"

ဟုပင် ပျစ်ပျစ်နှစ်နှစ်ကြီးပြောကာ ပြုံးလိုက်တော့ ရင်ထဲ

မကျေနပ်ခြင်းက သက်သာသွားရပါသည်။

"မင်း၊ နှစ်မိနစ်နဲ့လေးဆယ့်ငါးစက္ကန့် နောက်ကျတယ် နိုင်းနှ

"လေနီကြမ်းကြောင့်ပါ"

"လေနီကြမ်း? "

"တစ်ခါတစ်ရံမှာ မိန်းကလေးတွေရဲ့အထာက သိပ်ရယ်ရာ



သိလား. . . သူများတွေထက်ထူးခြားအောင် လုပ်ပြရင်းပဲ သူတို့ကို တစ်

လောကလုံးက ရှိသမျှယောကျ်ားတွေက စိတ်ဝင်စားလိမ့်မယ်လို့ ထင်

တတ်ကြတာ"

"ရယ်စရာကြီးပေါ့။ ငါမှတ်မိသလောက်တော့ မိန်းကလေးတွေ

ကိုဝေဖန်တာ ပထမဆုံးကြားဖူးတာပဲ"

ဟုဆိုကာ သူတို့နှစ်ယောက်နားရောက်လာတဲ့ ရိုမိုင်လာက

ဆိုလျှင်. . .

"အမှန်က ငါနဲ့တွဲတဲ့မိန်းကလေးတွေအားလုံး အဆင့်ရှိတယ်၊

ငါက ဗလွတ်ရွတ်တဆန်ဆန် ခပ်ပေါ့ပေါ့မိန်းကလေးတွေကို စိတ်မဝင်

စားဘူး၊ သတိပြုရမှာက ငါ့ကိုချဉ်းကပ်ဖို့ဆို နည်းညွှန်ရမယ်။ အဲ့လိုပုံစံမျိုး

ကို ငါက အမုန်းဆုံးပဲ"

"အဲ့လိုပုံစံမျိုး? "

"အင်း၊ ထားလိုက်ပါတော့ အာရုံနောက်တယ်။ ကဲ,ဆို၊ ဘာ

ကိစ္စကြောင့် အပူတပြင်းခေါ်လိုက်ရတာလဲ"

ဟုဆိုကာ ရိုမိုင်လာ၏လက်ထဲမှအချိုရည်ဘူးကို ဆွဲယူလိုက်

စဉ်တွင် ရိုမိုင်လာက အကုန်မော့သောက်ပစ်လိုက်၍. . .

"ရှိုး. . . "

www.burmeseclassic.com

www.burmeseclassic.com



"မင်းအကြောင်းကို ငါကောင်းကောင်းနုပ်နေပြီ၊ ဒီလိုအချောင်သောက်တာ ဘယ်နကြိမ်ရှိပြီလဲ"

"ဒီနေ့ဘယ်လိုဖြစ်နေတာလဲ၊ ဘာတစ်ခုမှကို အဆင်မပြေပါလား"

ဟုဆိုလိုက်စဉ်မှာ ဘွန်ဖိုင်က သူ၏ဘေးမှခလုတ်ကိုနှိပ်လိုက်ကာ. . .

"ခုချက်ချင်း အချိုရည်မျိုးစုံ ယူလာခဲ့ပါ"

ဟုပြောလိုက်ပါသည်။ ထိုအခါမှ ရိုင်းနှင်ရဲ့မျက်နှာတွင် ကြည်စင် ဝင်းပသွားကာ ဘွန်ဖိုင်ကိုပြေးဖက်ပစ်ပါ၏။

"ငါ့ညီက အကောင်းဆုံးပဲ"

ဟုပြောပြီးမှ တစ်ခုခုကိုသတိရသွားသလိုနှင့် ငြိမ်သက်သွားရပါသည်။ ဗလီညာဆိုတာကို ပါးစပ်မှပြောချင်မိပေမယ့် နှုတ်ဆိတ်ပြီးမှသာ နေဖြစ်သွားပြန်သည်။

"အစ်ကိုလေး ရပါပြီ"

ဟုဆိုရင်း အချိုရည်ဘူးမျိုးစုံကို ဗန်းကလေးနှင့်မ,လာသူအား ဘွန်ဖိုင်က စွဲစွဲနစ်နစ်ကြည့်ကာ. . .

"အခန်းထဲဝင်ရင် အရင်ဆုံး တံခါးခေါက်ရမယ်ဆိုတာ မင်းမသိဘူးလား"



ဟု ဝိတ်ဟောက်ပစ်လိုက်ပါသည်။

"တောင်းပန်ပါတယ်အစ်ကိုလေး၊ ကျွန်မ. . ."

"မင်းလစာ တစ်လဘယ်လောက်ရှိသလဲ"

"ငါးသောင်းပါ"

"တခြားအိမ်မှာ လုပ်တုန်းကရော ဘယ်လောက်ရသလဲ"

"သုံးသောင်းပါ"

"ဒီနေ့ ဘယ်နရက်လဲ"

"ဆယ့်နှစ်ရက်နေ့ပါ"

"ကြိုတင်လစာ ငါးသောင်းယူပြီး မင်းထွက်တော့"

"ရှင်! "

"ဒေါ်မာကြည် မရှိဘူးလား"

"ရှိပါတယ် အစ်ကိုလေး"

ဟုဆိုကာ ပိန်ရှည်ရှည်နှင့် အမျိုးသမီးတစ်ယောက်မှာ ဘွန်နိုင်၏ခေါ်သံ မဆုံးလိုက်သေးခင်မှာဘဲ ပေါ်လာရပါသည်။

"မနက်ဖြန်မနက်ကို သူ့မျက်နှာကိုမမြင်ချင်ဘူး"

"ကျွန်မ ဆုံးမ. . ."

www.burmeseclassic.com

www.burmeseclassic.com



''သူ့ကို ကြိုတင်လစာ ငါးသောင်းပေးလိုက်''

သူက အေးစက်စက်ဆိုလိုက်သဖြင့် ခေါ်မာကြည်မှာ ဘာကိုမှ စောဒက မတက်ဝံ့တော့ပါဘဲ. . .

''ဟုတ်ကဲ့''

ဟုဆိုကာ ရှိရှိကျိုးကျိုးလေးပြောပြီး ထိုမိန်းကလေးကို ခေါ်ထုတ်သွားခဲ့ပါသည်။

''ဒီအလုပ်ကိုပဲမှီပြီး မိသားစုစားဝတ်နေရေးဖြေရှင်းနေတယ်ဆိုရင်တော့ အခက်တွေ့ဦးမယ်''

ဟု သဘောထားကောင်းသူ ရှိမိုင်လာက ဆိုလျှင်. . .

''ကျန်တဲ့ဆယ်ရက်တွင်း အလုပ်ရှာရင် ရနိုင်သေးတာပဲ''

ဟုရှိုင်းနင်က လူမိုက်အားပေး ထီမထင်ပြောလာပါသည်။

''တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်သင့်တယ်''

ဟု ရှိမိုင်လာက အကြီးပီပီပြောရပေမယ့် အခန်းကို တံခါးမခေါက်၊ ခွင့်မတောင်းဘဲ ဝင်တတ်တဲ့အကျင့်ကို လုံးဝမုန်းသည့်ဘွန်ဖိုင်ရဲ့စိတ်ကိုလည်း သိနှင့်နေပါသည်။

''ခွင့်လွှတ်တယ်? အဲ့ဒါ ငါ့သမိုင်းမှာမရှိဘူး ရှိမိုင်လာ။ မရေမင်းက မင်းကိုအဲ့ခေါ်သွားမယ်၊ ခွင့်လွှတ်ပါလို့တောင်းပန်လို့ရသလား



ခွင့်လွှတ်တဲ့သူဟာ စည်းကမ်းမရှိတဲ့လူဘဲ။ ခွင့်လွှတ်ပါလို့တောင်းပန်တဲ့လူထက် ခွင့်လွှတ်တတ်တဲ့လူက ပြစ်မှုပိုကြီးတယ်''

''ဟား. . . ပျင်းစရာကြီးပါလား။ ငါ့ကို ခုလိုတကူးတကခေါ်လိုက်တာ ဒါတွေကြားနာခိုင်းမလို့လား ဘွန်ဖိုင်''

''မင်း မနေ့က တွဲတဲ့မိန်းကလေးရဲ့နာမည်က. . .''

''မနေ့က ငါ သုံးယောက်တွဲတယ်၊ တစ်ယောက်က ဟန်နီခင်၊ နောက်တစ်ယောက်က ရှိစီ၊ နောက်တစ်ယောက်က ရှုပါခ''

''ဆံပင်အမဲရောင်နဲ့တစ်ယောက်''

''ဪ, ရှုပါခ။ ဒါနဲ့ဘာလုပ်မလို့လဲ''

''အဲ့တစ်ယောက်ကို ရှိမိုင်လာနဲ့မိတ်ဆက်ပေးလိုက်''

''ဘာ! ''

''ငါနဲ့''

ဟု ရှိမိုင်လာမှာ တအံ့တဩပင် မယုံနိုင်စွာပြောလျှင်. . .

''မင်း့ဆေးသောက်ထားပါတယ်နော် ဘွန်ဖိုင်''

''ငါ့သွေးက (အို) အုပ်စုမို့ မရှုးနိုင်တာ လုံးဝသေချာတယ်''

''ဒါဆို ဘာကိစ္စနဲ့ ငါက ပါနေရတာလဲ''

''မင်းရေးထားတဲ့ကဗျာကို ငါဖတ်ပြီးပြီ''

www.burmeseclassic.com

"ပိုင်ရှင်ရဲ့ခွင့်ပြုချက်မရဘဲ ဒီလိုလုပ်တာ သိပ်လူကြီးလူကောင်း မဆန်ဘူး ဘွန်ဖိုင်"

"ဖတ်ချင်လွန်းလို့တော့ မဟုတ်ဘူး။ စာရွက်တွေ့လို့ ကောက်ကြည့်လိုက်တာ။ မဖတ်စေချင်ရင် ကိုယ့်ပစ္စည်းကိုစနစ်တကျသိမ်းပေါ့"

"အဲ့ဒီကဗျာနဲ့ မိတ်ဆက်ခိုင်းရတာ ဘာများဆက်စပ်မှုရှိနေလို့လဲ"

"သူ့ကို ကိုယ်တိုင်မေးကြည့်ပေါ့"

ဟုဆိုကာ မသိသလိုပင် နေလိုက်တဲ့ဘွန်ဖိုင်ကြောင့် ရိုင်းနင်မှာ ပို၍သိချင်သွားရကာ ရိုမိုင်လာကို ဘာလဲဆိုသည့်အကြည့်နှင့် ကြည့်လိုက်ပါသည်။

သူကလည်း မေးခွန်းနှင့်ကြည့်လိုက်သလို သူ့ကိုပြန်ကြည့်တဲ့ ရိုမိုင်လာရဲ့မျက်လုံးမှာလည်း အဖြေရှိနေပုံမရပါ။ ထို့ကြောင့်ပင်. . .

"ဘာတဲ့၊ တိမ်လွှာတွေက မျက်နှာ. . . ချစ်တာက ဘာဖြစ်တာ"

"တိမ်လွှာထဲကမျက်နှာ. . . ချစ်သူရဲ့အပြုံးက နေရောင်တွေမို့ နေခြည်အလှာမှာ မေးစက်ချင်တယ်. . . ပါကွာ"

"ဩော်. အေးအေး. . . အဲ့ဒါ. . . အဲ့ဒါ"



"အဲ့ဒါဘာဖြစ်လဲ"

"ရည်းစားတောင် တစ်ယောက်မှမရှိဖူးတဲ့ကောင်က အဲ့လို အလှဖွဲ့လိုက်တော့ ရယ်စရာကြီးဖြစ်မနေဘူးလား"

"ဘာ! "

"အနည်းဆုံး အချစ်ကဗျာရေးတဲ့ကောင်က ချစ်ကြည့်ရဦးမယ်လေ။ မင်းရဲ့အချစ်ကဗျာက ဆားမပါတဲ့ဟင်းကြီး စားနေရသလိုဘဲ"

"အထင်သေးလှချည်လား ဘွန်ဖိုင်"

ဟု ရိုင်းနင်ကပြောတော့ ဘွန်ဖိုင်မှာ ရိုမိုင်လာကို သံသယနှင့် ကြည့်လိုက်ပါသည်။

"ဒီကောင့်မှာ ရည်းစားမရှိခဲ့ဘူး။ ရှိခဲ့တယ်, မင်းသေချာသိလို့လား"

"ဟမ်း. . ."

"ငါ ဒုတိယနှစ်တုန်းက ငါ့ကိုအသည်းအသန်ကြွေတဲ့ ကောင်လေးရှိတယ်"

"အဲ့တော့"

"သနားစရာတော့ကောင်းပါတယ်။ ဒါပေမဲ့ အဲ့လိုအထာမျိုး

www.burmeseclassic.com

www.burmeseclassic.com

တွေ ငါရင်မခုန်ဘူး''

ဟု ရိုမိုင်လာက အေးစက်စက်ပြောလျှင်. . .

''ရိုင်းနှင်, မင်းရော''

''ငါက ဘာကိစ္စပါလာရတာလဲ''

''ဖျူးတာကွာ၊ မင်းကတော့ ခဏခဏရင်ခုန်တယ်မဟုတ်လား''

''မင်းပြောတဲ့ အဲ့ဒီရင်ခုန်တာတွေဘာတွေ ငါမသိဘူး။ မိန်းကလေးတွေကိုချစ်ရတာ ပျော်စရာကောင်းတယ်။ ဒါပဲသိတယ်။ ငါက အရေပေးလို့ အတည်ကြိုးလာညှိနေတာမျိုးကို ငါစိတ်ရှုပ်တယ်''

''နေစမ်းပါဦး ဘွန်ဖိုင်. . . မင်း အခုတစ်လော ဘာကြောင့် ဒီအကြောင်းတွေကို လာဆွေးနွေးနေရတာလဲ''

ဟု ရိုမိုင်လာကပြောလာလျှင် ဘွန်ဖိုင်မှာ မလုံမလဲဖြစ်သွားရကာ. . .

''ဘာဖြစ်လဲ, အဲ့ဒါပြောတာ၊ ရိုင်းနှင်က ဆရာကြီးမှိုမကြည့်တာ၊ မရတော့ဘူးလား''

''အင်း, နည်းနည်းတော့ ထူးဆန်းတာအမှန်ပဲ''

ဟုပင် တွေးဆဆလေးပြောမိလိုက်တော့သည်။

အခန်း (၃)

''ဟင်! ဒါက ဘာလဲ''

ဟု အိတ်ကလေးလွယ်ကာ ဆင်းလာသောရိုင်းနှင်ကို ဘွန်ဖိုင်က ပြောလိုက်ပါ၏။

ရိုင်းနှင်၏အနောက်ဘက်တွင် ခရီးဆောင်အိတ်ကိုသယ်ကာ ဆင်းလာသောလူကို. . .

''ကားထဲ သွားထည့်ထားလိုက်ပါ''

ဟု ရိုင်းနှင်ကဆိုပြီး သူ့ဘေးတွင်ဝင်ထိုင်ကာ သူ့ပခုံးကိုပုတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘန်ကောက်ခဏသွားမလို့"

"ဘာကိစ္စနဲ့လဲ"

"ပျင်းလို့"

"အပိုတွေပြောမနေနဲ့။ မင်းဘယ်လိုကောင်မှန်းသိတယ်"

"အလကားပြောတာပါ။ ခွေအသစ်အတွက် ဗွီစီဒီသွားရိုက် မလားလို့။ ငါပြန်လာရင် ဘာဝယ်ခဲ့ရမလဲ"

"ဘယ်နေ့လဲ၊ မရေရာတဲ့မနက်ဖြန်တွေမှာလား"

ဟုခရီးသွားပြီဆိုရင် စိတ်ကြိုက်ကြွာချင်သလောက်ကြွာတတ် သည့်ရိုင်းနင်ကို ရွဲ့ပြီးပြောလိုက်ပါသည်။

"မင်းက စီးပွားရေးလုပ်မယ့်ကောင်ဆိုတော့ ပွဲတက်ဝတ်(စုံ) ကောင်းကောင်းဝယ်လာမယ်"

"ထူးထူးဆန်းဆန်းပါလား"

"လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့။ မင်းရဲ့ဝတ်စုံကိုကြည့် ပြီး ရှိန်သွားမယ့်ဒီဇိုင်းမျိုးလေ"

"လိုလိုလက်လက်တွေ ငါမကြိုက်ဘူးနော်"

"ဘာဖြစ်လို့လဲ"

"အဝတ်အစားကြောင့် ရှိန်မယ်ဆိုရင်တော့ ရှေးရှေးတုန်း



ကရောဖ်ရဲ့ ပွဲနေပွဲထိုင်ဝတ်စုံ"

"ဟားဟား. . . မင်းပေါက်ကရတွေ တွေးတတ်လာပြီဘွန်ဖိုင်း။ ဒါနဲ့ ရိုမိုင်လာလည်း မတွေ့ပါလား"

"လူမနေတဲ့နေရာမျိုးမှာ ပန်းချီသွားဆွဲနေမှာပေါ့"

"ဒီကောင်လည်း မလွယ်ဘူးဟဲ့"

"မင်းလည်း မလွယ်ပါဘူး"

"ငါက ဘာလို့မလွယ်ရမှာလဲ"

"အကြောင်းသိတွေချင်း လျှို့မနေနဲ့ရိုင်းနင်။ မနက်ဖြန် မာမီ ပြန်ရောက်မှာမို့ မင်းရှောင်တယ်ဆိုတာ ငါရော ရိုမိုင်လာပါ သိတယ်"

"ရိုမိုင်လာရော ရှောင်သွားတာလား"

ထိုအမေးကိုမဖြေဘဲ စာအုပ်ကိုသာကြည့်ကာ. . .

"ဟူး?. . . နောက်ဆုံးတော့လည်း ငါပဲကျန်ရပြန်တာပဲ"

"ဟာ, မင်းက မာမီရဲ့အချစ်ဆုံးသားကို၊ နေပေါ့"

"မာမီက မင်းတို့နဲ့တွေ့ချင်တယ်လို့ပြောနေတယ်"

"ရွှေပြည်အေးတရားပဲ နေမှာပေါ့"

"မာမီနဲ့မတွေ့တာ ဆယ်လလောက်ရှိနေပြီမဟုတ်လား"

"ငါက ခဏလေးတောင် ထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်သုံးရက်ဆို ဒယ်ဒီလည်း ပြန်ရောက်မယ်"

"အင်း မိသားစုတစ်ခေါက်တစ်ခါဆုံတာတော့ ကောင်းပါတယ်"

ဟုပြောတော့ သူက ရိုင်းနင်ကိုမျက်စိစွေ၍ကြည့်လိုက်ရာ. . .

"ဘာလဲ"

"မင်းပါးစပ်က အဲ့လိုပြောတာမှဟုတ်ရဲ့လားလို့ဆန်းစစ်တာ"

"စကားလုံး ရှာလိုက်ဦးမယ်။ မာမီကိုနိုင်လောက်တဲ့စကား မှ ငါလာခဲ့မယ်"

"စိတ်မပူပါနဲ့၊ ငါရှိနေသေးတာပဲ။ မင်းပြန်ချင်သာပြန်ခဲ့ပါ"

"အိုကေလေ၊ ငါပြန်လာခဲ့မယ်"

ဟုဆိုကာ သူ့ပခုံးကိုပုတ်ပြီး ထွက်သွားသောရိုင်းနင်ရဲ့နော ကျောကို မကြည့်တော့ဘဲ ရီမုခ်နဲ့ တီဗွီကိုဖွင့်လိုက်ရာ ကြောက်မက်ဖွ သတ္တဝါကြီးရဲ့မျက်နှာက ဘွားခနဲပေါ်လာ၍ သူစိတ်ဝင်တစားနှင့် ကြည့် နေလိုက်ပါသည်။

"ဘာကားကြည့်နေတာလဲ"

"ဟမ်း. . . ရှိမိုင်လာ"

"အဲ့လောက်ထိကြီး မျက်လုံးပြူးနေ ဘာက ဘာလဲ။ ငါ က ကြောက်စရာကောင်းနေလို့လား"



ဆံပင်ရှည်မျောမျောလေးနှင့် ရှိမိုင်လာက ပြောလျှင်. . .

"ငါက မင်းကို ပြေးပြီလို့ထင်နေတာ"

"အမှန်က ငါပြေးမလို့ပဲ"

"ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ"

"တစ်စုံတစ်ယောက်ကြောင့်ပေါ့"

"တစ်စုံတစ်ယောက်? "

"ထားပါတော့၊ အဲ့ဒါအရေးသိပ်မကြီးဘူး။ ဒယ်ဒီရော မကြာ ခင်ရောက်လာမယ်ဆို"

"အင်း"

"ဒီအလုပ်တွေက အားလုံးကို မင်းပဲ ကျိန်းသေတာဝန်ယူရ မယ်နော်"

"စိတ်မပူပါနဲ့။ နောက်လအနည်းငယ်ဆို ငါ့ပညာရေး နားပါ ပြီ။ ဒယ်ဒီနဲ့မာမီကလည်း ကျန်းမာနေသေးတယ်။ နောက် ဆယ်နှစ် အာမခံ"

"အခုပဲ ဦးစီးရမယ်ဆို ဘယ်လိုလုပ်ကြမလဲ"

"စိတ်မပူပါနဲ့၊ ငါကြည့်လုပ်ပါ့မယ်"

ဟု သူက လူကြီးဆန်စွာပြောလိုက်လျှင် ထိုအခါမှ ရှိမိုင်လာ

www.burmeseclassic.com

www.burmeseclassic.com



မှာ သက်မကြီးချကာ. . .

"ခုမှပဲ စိတ်အေးရတော့တယ်"

"ဘယ်လောက်ထိများ စိတ်ပူသွားသလဲ"

"ငါတစ်ယောက်တည်း ကျောင်းပြီးနေတာလေ။ မြားဦးက ငါ့ဘက်လှည့်မှာ ကျိန်းသေတယ်။ ငါ့လက်ထဲသာ ဒီလုပ်ငန်းတွေရောက်လာလို့ကတော့ ငါးလအတွင်း လူအယောက်ငါးထောင်ကျော်လောက် အလုပ်လက်မဲ့ဖြစ်ကုန်ကြမယ်"

"မင်းက မင်းဖိဇအတိုင်း အတွေးလွန်နေတာပါကွာ။ ဖြစ်နိုင်ခြေကိုစဉ်းစားပေါ့။ ဒီလောက်စီးပွားရေးကို သက်တမ်းကြာကြာ ဦးစီးလာတဲ့ မာမီနဲ့ဒယ်ဒီက စုတ်တံနဲ့စာရွက်တွေ ဘောပင်တွေအကြောင်းပဲသိတဲ့မင်းကို သူတို့သွေးနဲ့ရင်းနှီး ရှာကြံထားခဲ့တာတွေကို မျက်စိမှိတ်အပ်ပါ့မလား"

"ငါ ဗေဒင်ဟောနိုင်တယ်"

"စကားကိုအဆက်စပ်မရှိပြောတာ မင်းရဲ့မွေးရာပါ ဆိုးဝါးတဲ့အကျင့်ပဲ ရှိမိုင်လာ"

"စကားကိုဆုံးအောင် နားထောင်လေကွာ။ သူများရဲ့အနာဂတ်ကို မပြောနိုင်ပေမယ့် မင်းကိုတော့ ငါသိနိုင်တယ်။ ဒီလောက်အသက်



အရွယ်နဲ့ အဲ့ဒီလောက် စဉ်းစား တွေးခေါ်ဉာဏ်ရှိတဲ့မင်းက စီးပွားရေးသမားကောင်းဖြစ်လာနိုင်တယ်။ မယုံမရှိနဲ့။ မင်းက သချာ်အိုင်ကျူကိုးအယ့်သုံးရာခိုင်နှုန်းလေ။ အဲ့ဒီအခါ ငါပိုက်ဆံလိုရင်လည်း ချေးဦးနော်"

"လျှောက်ပြောမနေနဲ့ ရှိမိုင်လာ၊ မင်းရဲ့ပန်းချီကားတစ်ချပ်ဘယ်ဈေး အော်တယ်ဆိုတာ ငါသိပြီးသား. . . ငါတို့သုံးယောက်ထဲမှာအဝ်လိပ်စာအတော်ဆုံး,မင်းက ဒီမြန်မာပြည်ထဲမှာပဲ ရပ်တန့်နေမှာမဟုတ်ဘူးဆိုတာ ငါသိတယ်"

"အင်း, ငါ.ပြပွဲတစ်ခုလောက်တော့ လုပ်ကြည့်ရမလားလို့။ ကိုယ်တော်ပြပွဲ"

"ဟာ, စွာလှချည်လား"

"မစီစဉ်ရသေးပါဘူး။ စဉ်းစားနေတုန်းပါ"

"အဲ့ဒီလောက်ဆို မင်းဦးနှောက်ထဲမှာ စဉ်းစားပြီးနေပါပြီ၊ မင်းချိန်နေတာ မဟုတ်လား"

"မင်းရဲ့အဓိက,က ဆိုက်ကိုလား။ ဘာကြောင့် ငါ့စိတ်ကို အဲ့လောက်ကြီး မြင်နေရတာလဲ"

"ကောင်းတယ်လို့ ထင်နေတယ်မဟုတ်လား။ အဲ့တော့ ချင့်နေနဲ့။ မနက်ဖြန် မင်းသေမယ်ဆိုရင်တောင် ကောင်းကောင်းဘာဝ

www.burmeseclassic.com

www.burmeseclassic.com



ကူးလိုက်နိုင်မှာမဟုတ်ဘူး''

''ဟာ! မင်းတော်ပြီးရင်း,တော်ရင်းပါလား ဘွန်ဗိုင်''

''ငါ့ကို ဘာခိုင်းချင်ပြန်ပြီလဲ''

''လိုအပ်မှပါ။ အကောင်းဆုံးဆန်းမတစ်ခုကိုတော့ ငါကောင်းကောင်းစဉ်းစားရလိမ့်မယ်''

''မာမို့ကိုအသိပေးဦးမှာလား''

''ဒီလောက်သတင်းလိုက်ကောင်းနေတာပဲ ငါ စပြီးလှုပ်ရှားတာနဲ့ သိသွားမှာပါ''

''အခုတော့ မာမီက သဘောပေါက်သွားပြီထင်တယ်။ မင်းတို့နှစ်ယောက်ရဲ့လုပ်ရပ်တွေကို သိပ်မသောင်းကျန်းတော့ဘူး''

''ငါတို့ကိုနားလည်ပေးလိုက်တာလို့ မင်းထင်နေတာလား''

''မဟုတ်လို့လား''

''လေးဆယ်ငါးရာခိုင်နှုန်းပါ''

''ကျန်တဲ့ငါးဆယ်ငါးက ဘယ်ပျောက်နေတာလဲ''

''ဘွန်ဗိုင်လေ''

''ဩော်, ဒီလိုလား။ ဟူး. . . သာယာဖို့မှကောင်းပါ့မလား''

''အဲ့ဒါ မင်းနဲ့အလိုက်ဖက်ဆုံးစတိုင်လ်လေ။ မင်းက မာန်



တယ်။ စေ့စပ်သေချာတယ်၊ သချ်ာအိုင်ကျူ ကိုးဆယ့်သုံးရာခိုင်နှုန်းလို့ သတ်မှတ်ခံထားရတယ်။ တရုတ်၊ အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ် အဲ့ဒါတွေကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်တယ်။ ပြီးတော့ သနားကြင်နာတတ်ခြင်းမရှိဘူး။ တိကျပြတ်သားတယ်၊ ဒါက စီးပွားရေးသမားကောင်းရဲ့အခြေခံလိုအပ်ချက်ပဲ''

''အဲ့ဒါကြောင့် တစ်ခုခုကို အမြဲလေးလေးနက်နက်တွေးခေါ်စဉ်းစားတတ်တဲ့မင်းက ပန်းချီတွေ ကဗျာတွေဘက် ကူးသွားတာပေ့ါ။ ဟုတ်လား''

''တစ်ခါတစ်ရံမှာ ဘဝဟာ သစ်ပင်ဖြစ်လိုက်၊ ဘောလုံးဖြစ်လိုက်၊ မီးတောက်ဖြစ်လိုက်နဲ့တဲ့. . . ကဗျာတစ်ပုဒ်ကို ငါဖတ်ဖူးခဲ့တယ်။ သိပ်အဓိပ္ပာယ်ရှိတယ်။ စာသားလေးက တိုပေမယ့် တွေးလေအဓိပ္ပာယ်ရှိလေပဲ။ အဲ့ဒါ ငါ့ဘဝပဲ ဘွန်ဗိုင်''

''ဒီအချိန်မှာ ဘာလို့ ရိုင်းနင် မရှိရတာလဲ''

''ဘာဖြစ်လို့လဲ''

''အဲ့လိုစကားတွေကို မင်းနဲ့အပြိုင်ပြောနိုင်တာ ရိုင်းနင်ပဲရှိတယ်လေ''

''ဒါနဲ့ အခုတစ်လော မင်းစိတ်တိုတာကို မတွေ့ရတော့ပါလား''

www.burmeseclassic.com

www.burmeseclassic.com



"အဲ့တော့ မင်း ပန်းချီကောင်းကောင်းဆွဲလို့ရတယ် မဟုတ်လား"

"ထူးဆန်းလို့ပါ။ အပြင်ကပြန်လာတိုင်း ငါတို့ကိုလာရှုပ်နေကျကို"

"တစ်ခါတစ်ရံမှာ မိန်းကလေးတွေက ရယ်စရာကောင်းတယ်။ ရိုင်းနင်ပြောသလိုပဲ ဘာအဓိပ္ပာယ်မှန်းကိုမသိဘူး"

"အင်း၊ မိန်းကလေးတစ်ယောက်ရဲ့အပြုအမူတွေဟာ အဖြေညှိမရတဲ့ပဟေဠိနဲ့အတူတူပဲ။ သူတို့က ဘာရယ်မဟုတ်ဘဲ အမှတ်တမဲ့ ဆိုပေမယ့် တစ်ဦးတစ်ယောက်အတွက် တော်တော်ဦးနှောက်ခြောက်ရတယ်"

"ဟမ်း"

"တွေးစရာရှာပေါ့။ ကောင်းပါတယ်၊ အပြောင်းအလဲဖြစ်တာပေါ့"

ဟုဆိုကာ ရှားပါးသောအပြုံးနှင့်ရုတ်ဆက်ကာ ထထွက်သွားတဲ့ လျှို့ဝှက်မှုဆန်ဆန် ရှိမိုင်လာရဲ့စကားကြောင့် သူ့မှာ မျက်ခုံးလေးပင့်၍ မျက်စိလေးမှိတ်လိုက်မိပါ၏။

## အခန်း (၄)

"တော်တော့်ကို ချောတဲ့လူပဲ"

"ဘုရားရေ! တော့်ပါးစပ်က ချောတယ်လို့ပြောတတ်သေးတယ်နော်"

"ငါ့မမဆီက ဓာတ်ပုံတွေ့တုန်းကတော့ သမာန်ကာလျှံကာပဲ၊ အကယ်တမ်းတော့ တော်တော့်ကိုချောတာ"

"ဆေးမှားသောက်လာပြီလား ဗလီညာ. . . ဟမ်း"

"ဒါမှမဟုတ် ပုပ္ပါးရဲ့အပြန်လမ်းမှာ မယ်ဝဏ္ဏ တစ္ဆေအခြောက်ခံရလို့လားမှမသိတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မည်သူတစ်ဦးတစ်ယောက်ကိုမှ မချီးမွမ်းတတ်သည့် ဗလီညာကို ဝိုင်း၍ကောင်းကောင်းကြီးပြောကြပါတော့သည်။

"အင်း၊ မြားနတ်မောင်က ငါ့ကို အဆိပ်လူးမြားနဲ့ပစ်လိုက်ပြီထင်တယ်"

သူမက မရပ်မနားနိုင်ဆက်ပြောပြန်တော့ လက်မြှောက်သူက မြှောက်၊ ဆလန်သသူက သ၊ မျက်ခုံးပင့်ကာ မျက်လုံးပြူးသူက ပြူးနှင့် ရှုပ်ယှက်ခက်သွားပါတော့သည်။

သို့သော် သူမက ဒါတွေကိုလုံးဝဂရုမပြုနိုင်ဘဲ. . .

"ခတ်ပုံထဲကလူဟာ သူဆိုတာ လုံးဝသေချာတယ်"

ဟု တကယ်ပဲ တစိုက်မတ်မတ်ပြောနေတော့ ကျန်လူများမှာ တကယ်ပဲ စိတ်ဝင်စားသွားကြပြန်ပါသည်။

"ဆံပင်ပုံပဲ ကွာတာ၊ အဲ့ဒီနှုတ်ခမ်း အဲ့ဒီမျက်ဝန်း ချွတ်စွပ်ပဲ။ အဲ့ဒီပုံက ငါပြန်ကြည့်တော့လည်း သူမှသူအစစ်ပဲ၊ သေချာပါတယ် သူပါပဲ"

"ဗလီညာ"

"သုံးကြိမ်သာ တိုက်တိုက်ဆိုင်ဆိုင် ဆုံကြလို့တော့ မိုးနတ်မင်းက သတ်မှတ်ပေးတဲ့ဖူးစာပဲ"



ဟုဆိုကာ အချိုသာဆုံးပြုံး၍ သူမ၏ဖိနပ်လေးကို ကြည့်လိုက်ပါသည်။ သူမနည်းတူ အားလုံးမှာ ထိုဖိနပ်ကိုငုံ့ကြည့်လိုက်တော့ မျက်လုံးပြူးသွားရပါ၏။

"ဗလီညာ"

အံ့အားတကြီးဆင် မျက်လုံးကြီးပြူး၍ နာမည်ကိုသာ ပြန်ခေါ်မိသွားကြပါ၏။

အံ့သြရင်လည်း အံ့သြစရာပါပဲ၊ အမြဲ ဖိနပ်ကို ဒေါက်မျိုးသာ စွဲမြဲစီးတတ်သည့် ဗလီညာက နေ့ပုကျွဲကျွဲနေ့မှ ဘွတ်ဖိနပ်ကိုဝတ်လာသောကြောင့်ပါ။ ပြီးတော့ သူမဝတ်လာသောဘွတ်ဖိနပ်မှာလည်း သူမရဲ့ဆိုဒ်မဟုတ်ဘဲ ဆိုဒ်လွန်ကြီးဖြစ်ပါသည်။

"ယတြာချေလာပြန်တာလား"

"အင်း၊ နည်းနည်းတော့မှန်တယ်"

"ဘာလဲဟာ၊ နားကိုမလည်နိုင်တော့ဘူး"

"လိုက်မမီဘူးဟေ့"

"ဘယ်လိုက်မိမလဲ၊ သူက ဟယ်လီကော်ပတာစီးပြီး တို့တွေက ထော်လာဂျီနဲ့ လိုက်နေကြတာကိုး"

"ရတယ် ကြိုက်သလိုပြော၊ ငါ ဒီနေ့ ရှင်တို့ကိုလုံးဝခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်''

''ရှုံးရှာပြီ''

''ဟား. . . နေလေးက သာယာလိုက်တာ''

ဟုပြန်ပြောတော့ အားလုံးမှာ လက်ကာပြကုန်ကြပါတော့၏။ အစိပ္ပာယ်ကတော့ သွက်သွက်ခါအောင် ရှုံးသွားရှာပြီပေါ့။

ခါတိုင်း နေပူတဲ့နေ့ဆို အံပြင်မထွက်ချင်ဘူးလို့ ပြင်းပြင်းထန်ထန်ပြောသည့် ဗလီညာကို သူမတို့ ခုလိုပြုမူကြတာ မလွန်ဘူးဟုထင်ပါသည်။

''ငါက ဘယ်လိုယောကျ်ားမျိုးကို စိတ်ဝင်စားမယ်လို့ထင်သလဲ''

''သေချာတယ်၊ ဗလီညာတော့ ပယောဂ ဝင်ပူးနေပြီ''

''နေစမ်းပါဦး။ ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ အကောင်းမမြင်ဖူးခဲ့တဲ့ရှင့်ကို ဘယ်ငနဲက ဆေးကျွေးလိုက်ပြီလဲ''

''ဘယ့်နှယ်ပြောတယ်. ငနဲပဟုတ်ဘူး။ ငနဲလုံးဝမဟုတ်ဘူး။ ကောင်းကင်ကြီးကပေးတဲ့လက်ဆောင်''

''ဘုရား. . . ဘုရား''

''နာမည်ဘယ်လိုခေါ်သလဲလို့မမေးလိုက်မိတာ နောင်တရလို့

မဆုံးဘူး။ သတိလက်လွှတ်ကိုမေ့သွားတာ. . . သူက ပြုံးပြလိုက်တော့ အသက်ရှူဖို့တောင် မေ့သွားသေးတာ''

''အဲ့လောက်ထိပဲလား''

''သိပ်ပြီး နူးညံ့သိမ်မွေ့တယ်။ အကြည့်လေးတွေရော စကားလုံးလေးတွေပါ''

''ငါတို့တောင် စိတ်ဝင်စားလာပြီ''

''နင်ကတောင် ဒီလောက်ချီးမွမ်းနေပြီဆိုတော့ တော်တော်ချောတဲ့လူပဲဖြစ်ရမယ်''

''ငါမြင်ဖူးသမျှယောကျ်ားတွေထဲမှာတော့ သူဟာ စမတ်အကျဆုံးပဲ။ အရပ်လည်းရှည်တယ်၊ ဖြောင့်တယ်၊ ဆံပင်ကရှည်ပေမယ့် သိပ်ကြည့်လို့ကောင်းတယ်''

''စိတ်ဝင်စားစရာပဲ''

''ဗလီညာတောင် ချီးကျူးတယ်ဆိုတဲ့ လူကို ငါတော့ မြင်ဖူးချင်လာပြီ''

''သူ ချီးကျူးတယ်ဆိုတော့ ငါ့ရဲ့အသည်းစွဲ ရိုင်းနင်ထက်ရော သာတယ်လား''

''အလိုးလိုး. . . ဘယ်လိုပြောလိုက်တာလဲ''

www.burmeseclassic.com

www.burmeseclassic.com


"ရုပ်လေးချောသလောက် အထာပြုံးပြုံးတဲ့ကောင်နဲ့ မနှိုင်း စမ်းပါနဲ့"

ဟုဆိုတော့ ရှိုင်းနင်ရဲ့ပရိသတ်များမှာ မျက်နှာကြီး စူတော် သွားရပါသည်။

"ဒါဆို တို့ရဲ့မင်းသားလေး ဘွန်ဗိုင်ထက်ရော"

"အဲ့ဒီသက်ကြီးပုပင်ကြီးပါရင်, အာရုံနောက်လွန်းလို့ ဘယ်မိ မလဲ၊ ခြေဖဝါးမွှန်စာလောက် မမီဘူး။ ချမ်းသာတယ်၊ ဉာဏ်ကောင်းတယ် ဆိုပြီး ဆောင့်ကြွားကြွားနဲ့ကြည့်လို့မရဘူး။ တစ်လောကလုံး သူ့လုပ် စာ, ထိုင်စားနေရသလိုပဲ၊ သူက ဧကရာဇ်လား. . . ဟွန့်"

"ပြောမနေနဲ့နော်၊ ရှင့်ရဲ့လူကို နာမည်တောင် မသိလိုက်တော့ ဒီလောက်ကျယ်တဲ့လောကကြီးမှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို ဖြစ်မှာပဲ"

"ဟား ဟား. . . ဒီမှာလေ၊ သူ့ဖိနပ်မတွေ့ဘူးလား၊ အင်တာ နက်ပေါ် တင်လိုက်ရင် လွယ်လွယ်လေးပဲ"

"သူ့ဖိနပ်? "

"ဟာ, ရှင်တို့က အဲ့ဒီအခြေအနေထိဖြစ်ခဲ့တာလား"

"ဟာ, ဒါချွေးကြီးမယ့်ပုံပဲ၊ တော်ရုံခင်မင်မှုမျိုးနဲ့တော့ ရက် ရောမှာမဟုတ်ဘူး"

ဟု အမျိုးမျိုးထင်မြင်ယူဆနေကြသည်ကို သူမက မိန့်မိန့် ကြီးပြုံး၍ နေပစ်ခဲ့ပါသည်။

ကြိုက်သလို ထင်ကြပါစေပေါ့။ များများအထင်လွဲကြလေ ကောင်းလေပေါ့။

ကျေကျေနပ်နပ်ကြီးပင် အထင်လွဲခံချင်နေပြီး သူမ၏ဖိနပ် ကိုသာ ငုံ့ကြည့်နေလိုက်သည်ကို တစ်စုံတစ်ယောက်က အမှတ်မထင် မြင်သွားခဲ့မယ်လို့ သူမ ဘယ်ထင်လိမ့်မလဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

သူ့အခန်းထဲဝင်သွားသော ဘွန်ဗိုင်ကို သူ ဝရန်တာမှ ရိပ်ခနဲ တွေ့လိုက်၍ သူအံ့ဩမိပါသည်။

သို့သော် ဘာမှမမြင်လိုက်ပါဘူးဟုတွေးကာ ဆွဲလက်စကိုသာ ဆက်၍ဆွဲနေလိုက်ပါသည်။

သို့သော် အချိန်အတန်ကြာထွက်မလာခဲ့သော ဘွန်ဗိုင်ကြောင့် သူက စုတ်တံကိုချပြီး လက်ကို ပဝါနှင့်သုတ်ကာ ဝင်လာခဲ့ပါသည်။

အခန်းထဲရောက်တော့ ဘီရိုတံခါးတွေ အကုန်ပွင့်နေသည်ကို အံ့ဩစွာတွေ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘွန်ဖိုင်"

"ရှိမိုင်လာ၊ မင်းရဲ့ဖိနပ်ရော"

"မင်းဘယ်တုန်းက ငါ့ပစ္စည်းတွေကိုစိတ်ဝင်စားသွားတာလဲ"

"ပြောစမ်းပါ"

"ပိုင်ရှင်မသိဘဲ အခန်းထဲဝင်တာတောင် လွန်နေပြီ၊ အဲ့လို အဆင့်အတန်းမရှိတဲ့လုပ်ရပ်က ဘယ်တုန်းက မင်းစိတ်ထဲဝင်လာတာ လဲ"

"ကြိုက်သလိုပြောကွာ. . . ငါမေးတာတစ်ခုပဲဖြေ ငါတို့သုံး ယောက်လုံးအတွက် ဒယ်ဒီ ပြင်သစ်က ယူလာတဲ့ဆင်တူဖိနပ်၊ အဲ့ဒါ ဘယ်မှာလဲ"

"ဘာလုပ်ဖို့လဲ"

"ငါ အမြင်မမှားနိုင်ဘူး၊ အဲ့လိုတံဆိပ် အဲ့လိုအရောင်မျိုးဟာ တခြားလူတွေဆီမှာ ငါမမြင်ဖူးဘူး၊ ဘယ်ရောက်သွားတာလဲ"

"ငါ မာမီကိုရှောင်မသွန်နေ့ကလေ"

"ဟမ်း"

"ကားဝင်းကိုသွားတာ၊ မိန်းကလေးတစ်ယောက်က ဖိနပ်ပြတ် ကို၊ အဲ့ဒါ ပေးစီးလိုက်တာ"



"မင်းစိတ်ရင်းကောင်းတာကို ငါဘာမှမပြောချင်ဘူး၊ ဒါပေမဲ့ အဲ့ဒါက ဒယ်ဒီရဲ့လက်ဆောင်လေ"

"ကိုယ့်ဆီမှာ အများကြီးရှိနေတာထက် တစ်စုံတစ်ယောက် ကိုပေးလို့ အကျိုးထူးသွားရင် ပိုအနေချောင်တယ်လေ"

"အနေပိုကြပ်သွားမှာသိလား၊ အဲ့ဒီကောင်မလေးအကျင့်ကို မင်းဘယ်လောက်သိလို့လဲ"

"ဟမ်း"

"မင်း ဘယ်လောက်ပဲကူညီလိုက်ပါစေ၊ မင်းကို အကောင်း သွားမယ် ထင်နေသလား"

"အဲ့ဒါ သူ့စိတ်လေ၊ ငါ စိတ်မဝင်စားဘူး၊ ငါ့မျက်စိရှေ့မှာ မြင်မတော်လို့ ဝင်ဖြေရှင်းပေးလိုက်တာပဲ"

"အဲ့တော့ မင်းအကျိုးယုတ်သွားတယ်မဟုတ်လား၊ မင်း ခရီး ထွက်ဖြစ်ဘူးလေ"

"ကားမိပါတယ်၊ ငါ မသွားချင်တော့လို့ပါ"

"ဘာ!"

"သူ့အဖေကိုတွေ့ပြီး ပြန်လာတာတဲ့၊ သူ့အဖေက ဘုန်းကြီး တ်နေတယ်ဆိုလားပဲ၊ အဝေးကြီးလမ်းလျှောက်ရတော့ ဖိနပ်က မခိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးတဲ့''

''အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ''

''ငါဦးနှောက်ထဲ အတွေးဝင်လာတယ်။ သူက သူ့အဖေကို တွေ့ဖို့ အဝေးကြီးကို အပင်ပန်းခံပြီးသွားရတာ၊ ငါတို့မာမီကိုတော့ ငါတို့က မတွေ့ချင်လို့ရှောင်ကြတယ်၊ သိပ်သဘာဝမကျဘူးလို့ထင်လို့ပါ''

''တော်တော်.တော်တဲ့မိန်းကလေးပဲနော်၊ ခဏလေးနဲ့ မင်းကို သတိပေးနိုင်တယ်''

''သေချာစဉ်းစားကြည့်တော့ ငါတို့ကလည်း ငါတို့ပဲ၊ မာမီနဲ့ ဒယ်ဒီက ခုဆို ငါးဆယ်ထဲမှာရှိကြပြီ၊ ဒါပေမဲ့ ခရီးတွေထွက်ပြီး ဥ[...] ရာတုန်းပဲ။ ငါတို့က အတ္တကြီးပါတယ်၊ ကိုယ့်စိတ်ပဲသိတယ်၊ မာမီက ကိုယ့်အလုပ်ကို ထိခိုက်ပြောရင်လည်း မကြိုက်ကြဘူး။ ကျေးဇူးပဲ ဘွန်နိုင်။ မင်းကို တကယ်ပဲကျေးဇူးတင်ပါတယ်။ ငါနဲ့ ရိုင်းနင်နဲ့ ပြော[...]တယ်။ မင်းသာ အကယ်၍မရှိခဲ့ရင် ပြဿနာတက်ပြီလို့''

''ဒါကြောင့် အမြဲ ငါ့ကိုသည်းခံခဲ့ကြတာပေါ့''

''ဒါကိုလည်း သိတယ်?''

''မသိဘဲနေမလား၊ လူအများကြီးကိုအုပ်ချုပ်ရဦးမှာပဲ၊ မ[...] ကတည်းက အတူနေလာတဲ့လူရဲ့စိတ်ကိုမှမသိရင် ငါ ဘယ်လို [...]



ဆက်မလဲ''

''နည်းနည်းမောက်မာပြီး ပြင်းထန်တဲ့အကျင့်ကိုသာ ပြင်လိုက်ယ်ဆို မင်းဟာ အကောင်းဆုံးလူတစ်ယောက် ဖြစ်လာနိုင်တယ် ဘွန်နိုင်''

''မင်းစကားက ငါ့ကို အချွန်နဲ့ မ,နေတာလား။ နှင်းပြားနေတာလား''

''ဒါနဲ့ ငါ့ဖိနပ် ဘီရိုထဲမှာမရှိတော့တာ မင်းဘယ်လိုသိသလဲ''

''အကြားအမြင်ရလို့တော့မဟုတ်ဘူး။ အဲ့လိုဖိနပ်မျိုးကို ဗလီညာရဲ့ခြေထောက်မှာ မြင်ခဲ့လို့''

''ဗလီညာ? ''

''ရိုင်းနင်ရဲ့ဖိနပ်မဟုတ်ဘူးဆိုတာ ငါသိတယ်။ ရိုင်းနင်က အဲ့လိုအဆင့်မရှိတဲ့ ပြူးကြောင်ကြောင့်ပုံစံမျိုးကို မကြိုက်ဘူးလေ''

''ငါကတော့ ကြိုက်နိုင်တယ်ပေါ့''

''အဲ့လိုမဟုတ်ပါဘူး၊ မင်းက သူများကိုသိပ်ကူညီချင်တဲ့ကောင်ပဲ။ ဒါပေမဲ့ အဲ့ဒီမိန်းကလေးကိုကူညီတာတော့ ငါလုံးဝမကြိုက်ဘူး''

''ဘာဖြစ်လို့လဲ''

''မုန်းလွန်းလို့ပေါ့ကွ''

www.burmeseclassic.com

www.burmeseclassic.com



"မုန်းလွန်းလို့"

"ရယ်လိုက်တိုင်း အသံပြဲကြီးနဲ့ နားကိုမခံနိုင်ဘူး။ ပြီးတော့ အထင်က သေးတတ်သေးတယ်။ သူ့ရုပ်ကရော ဘယ်လောက်လှတာမို့လဲ။ ဧရာ်သီးတောင့်ကို ခမောက်ဆောင်းထားတဲ့ရုပ်နဲ့"

"ဘာ! "

"တော်ပြီ၊ ဒါသထွက်လွန်းလို့ အဲ့လိုမိန်းကလေးအကြောင်း ထပ်မပြောနဲ့"

ဟုဆိုကာ ရှုံ့ရှုံ့ရှဲ့ရဲ့ ထထွက်သွားသောဘွန်ဖိုင်ကြောင့် ကျန်ရစ်ခဲ့သောသူ့မှာ နားမလည်နိုင်စွာပင် ပြုံးလိုက်မိပါသည်။

"ဗလီညာ၊ အင်း, နာမည်တော့ ခပ်ဆန်းဆန်းပဲ။ သူတို့နှစ်ယောက်က အသိတွေလား။ ဘွန်ဖိုင်က ဘာလို့ အဲ့ဒီမိန်းကလေးကိုမုန်းရတာလဲ"

ဟု တွေးဆဆလေး နေမိပါသည်။

အတွေးထဲမှာတော့ မျက်လုံးပြူးကြောင်ကြောင်နှင့် သူ့ကိုငေး နေသောမိန်းကလေးရဲ့ပုံရိပ်က ဖြတ်ပြေးသွားရ၏။

❖ ❖ ❖

## အခန်း (၆)

"ဗလီညာ"

"အော့"

ခေါ်သံသာကြားပြီး နောက်စကားသံ ထွက်မလာခဲ့သောကြောင့် ပေါကလင်သောက်နေသောသူမမှာ နှုတ်ခမ်းများတွင် တေ့ထားသော ဦးက်ကိုဖြုတ်ကာ. . .

"ဘာလဲဟာ, တစ်ပိုင်းတစ်စနဲ့"

"ဟိုမှာ ရှင့်ရဲ့အချစ်ဆုံးလေး လာနေပြီ"

ဟုဆိုသဖြင့် အားလုံးကြည့်နေကြရာဘက်ဆီသို့ သူမ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရာ. . .

"မနက်ခင်းကနေစလို့ မင်္ဂလာမရှိမှတော့ တစ်နေကုန်ဘယ်လိုလုပ် မင်္ဂလာရှိနိုင်တော့မှာလဲ"

ဟုဆို... ထရပ်ပြီး မှာထားသောခေါက်ဆွဲကြော်ကိုယူကာ ကောင်တာဘက်သို့ လှမ်းလာခဲ့ပါသည်။

သူမက အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲကြော်ကို ဇွန်းကလေးနှင့်ထည့်၍ ဟင်းရည်ခွက်ကိုပါ တစ်ခါတည်းထည့်ပြီး မ,လာခဲ့စဉ်မှာ. . .

"ဘွန်ဖိုင်"

ဟုခေါ်သံကြောင့် နားမစွင့်ဘဲ မနေနိုင်လောက်အောင်ကို နားစွင့်မိသွားပြန်ပါသည်။

"လာလေ၊ ငါတို့နဲ့အတူ မနက်စာစားရအောင်"

"အဲ့လိုနေရာမျိုးမှာ ငါက ထိုင်ရမှာလား"

"မင်းမကြိုက်ရင် ဆိုင်ပြောင်းစားမယ်လေ"

"လာဖားမနေနဲ့။ အဲ့ဒီခန်းမ, ငါ မင်းကိုမငှားနိုင်ဘူး"

ဟုဆိုကာ ထွက်ခွာမည်ကြံခိုက်. . .

"ဘွန်ဖိုင်"



"ဘာပြောချင်သေးတာလဲ"

"သူငယ်ချင်းအချင်းချင်းပဲကွာ၊ အဲ့ဒီခန်းမ ရမှအဆင်ပြေမှာ။ အဲ့ဒါတွေကို မင်းကိုင်ထားမှန်း ငါသိတယ်။ တခြားခန်းမတွေက မှုပွဲအတွက် အဆင်မပြေဘူး။ ငါ စပွန်ဆာယူထားမှတော့ အကောင်းဆုံးလုပ်ချင်တယ်။ ပြီးတော့ နာမည်ကြီးမော်ဒယ်တွေလည်းပါမှာ"

"ပွဲပြီးရင် အကျိုးရလဒ်က မင်းအတွက် သိပ်ကိုထူးခြားသွားမှာပေါ့"

"အဲ့ဒီခန်းမကိုသာ နှစ်ရက်ငှားရင်တော့ မင်းရော. . ."

"အဲ့ဒီမုန့်ဖိုးလောက်ကို ငါစိတ်မဝင်စားဘူး အောင်ကိုလတ်"

"မင်းကလည်း ခင်မင်မှုအရတော့"

"ခင်မင်မှု, ဒါက ဘယ်လိုဟာမျိုးလဲ။ ခင်မင်ရုံပဲ၊ မင်းစိတ်အတိုင်း စီရင်ဆုံးဖြတ်ရမှာလား။ အိပ်မက်,မက်မနေနဲ့"

ဟုသာ ပြတ်ပြတ်သားသားပြောပြီး ကျော်ဖြတ်မည်အပြု. . .

"ဟား ဟား ဟား. . ."

ဟုအော်ရယ်ပစ်သံကြောင့် သူ့ခြေထောက်တွေမှာ ရပ်တန့်သွားရကာ အော်သံရှင်ကိုကြည့်လိုက်ရာ. . .

"ဟင်! "

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်နေတဲ့အရှိန်တောင် ဘယ်ရောက်သွားမှန်းမသိအောင် ထိုလှောင်ရယ်သံက သူ့ခြေလှမ်းတွေကိုထိန်းချုပ်ပစ်လိုက်ပါသည်။

ဘယ်လိုမိန်းကလေးမျိုးလဲ. . .

သူစိတ်ပါသွားရပါသည်။

စိတ်တိုသွားရသည်ထက် ပိုသွားသည်က သူမခြေထောက်တွင် အခုချိန်ထိ မအပ်မစပ်စီးထားသေးသော ရိုမိုင်လာရဲ့ဖိနပ်ကြောင့်ပဲဖြစ်ပါ၏။

"ဘာအဓိပ္ပာယ်လဲ. . . ဘာအထာလဲ"

ဟူသော ခပ်တည်တည်အမေးကြောင့် ရယ်နေသောသူမယင် တန့်သွားရပါသည်။

"ဘာအဓိပ္ပာယ်. . . ဘာအထာလို့ထင်သလဲ"

ဟုပင် မေးခွန်းကို မေးခွန်းနှင့် တုန့်ပြန်လိုက်ပါ၏။

"ဒီမှာအမိ၊ မင်းကို ငါသည်းခံလာတာ ကြာပြီနော်"

"အံမယ်! စကားကိုက ဆောင့်ကြွားကြွားနဲ့"

"ငါဘာမှမပြောဘဲနေတာကို မင်းကိုယ်မင်း ဟုတ်လှပြီမထင်နဲ့"

"အဲ့တော့ ရှင်က ဘာလုပ်ချင်သလဲ"



"မင်း"

"ဒါမျိုးလာမချိုးနဲ့ဘွန်ဖိုင်၊ ရှင်နဲ့ကျွန်မက ဘာစီးပွားရေးမှဆက်နေတာမဟုတ်ဘူး။ ရှင့်ကို ကျွန်မကြောက်နေမယ်များ ထင်နေသလား"

"မင်း. . ."

"ပုံစံက ဆောင့်ကြွားကြွားနဲ့၊ ညာဏ်ကောင်းတာလေးတစ်ခုနဲ့ မတွေ့သလိုမတန်သလို။ ရှင်ပိုက်ဆံချမ်းသာတာ ဘာလုပ်ရမှာလဲ။ အဲ့ဒါ ရှင်ရှာထားတဲ့ပိုက်ဆံလား။ မိဘတွေအရှိန်နဲ့ လေသံကိုက ဆောင့်ကြွားကြွားနဲ့. . . ကမ္ဘာ့အချမ်းသာဆုံးလို့များ ကိုယ့်ကိုယ်ကို စိတ်ကြီးဝင်နေသလား?. . . ဟမ်း"

"မင်းဟာ မိန်းကလေးမို့ ကံကောင်းသွားတယ်,မှတ်ပါ"

"မိန်းကလေးမဟုတ်လို့ရော ရှင်ကဘာလုပ်ချင်သလဲ, ဟမ်း။ ရှင့်လိုဆောင့်ကြွားကြွားလူတစ်ယောက်ကို ကျွန်မက ကြောက်နေမယ်များ ထင်သလား။ အလကား ဘဝင်ရူးတွေ"

"သူများကိုစွကို အလကားသက်သက်စိတ်ဝင်စားနေတာ မင်းအဆင့်က သိပ်နိမ့်လွန်းတယ်"

"အလကားနေရင်း တစ်ဖက်သားကို အထင်သေး ဘဝင်မြင့်နေတာထက်စာရင် အများကြီးကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ငါသည်းမခံနိုင်တော့ဘူး"

"သည်းမခံနိုင်တော့ ဘာလုပ်ချင်သလဲ"

ဟုပင် မိုက်မိုက်ရိုင်းရိုင်းဆိုလိုက်တော့ သူ့အကြည့်မှာ ချက်ချင်းလက်ငင်းပင် သူမအပေါ် စုပြုံသွားရကာ သူမကိုယ်လေးကို ရုတ်တရက်ဆွဲလှန်ချလိုက်ပြီး သူမရဲ့ချောင်နေသောဘွတ်ဖိနပ်ကို ဆွဲဖြုတ်ပစ်လိုက်ပါသည်။

သုံးစက္ကန့်အတွင်းမှာပင် ဖိနပ်နှစ်ဖက်လုံးကို ချွတ်ပြီးသွားရာ ထိုဖိနပ်ကိုကိုင်ပြီး အားလုံးကိုကျောခိုင်း၍ ထွက်လာခဲ့ရာ. . .

အခုချိန်ထိ ခေါက်ဆွဲကြော်ပန်းကို ကိုင်ထားသေးတဲ့သူမမှာ ကျောက်ရုပ်ပမာနေရာ၌ ရပ်ကျန်ခဲ့သလို ထိုမြင်ကွင်းကိုမြင်လိုက်တဲ့ လူများစွာမှာလည်း ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ရတုန်းပါပဲ။

"မိုက်တယ်ကွာ. . . ဖြောင်း! ဖြောင်း! ဖြောင်း!"

ဟူသောလက်ခုပ်သံအချို့ကို ကြားတော့မှ သူမက သတိဝင်ကာ သူမကိုင်ထားသေးသောခေါက်ဆွဲကြော်ပန်းကန်ကို ငုံ့ကြည့်လိုက်ပါသည်။

ခေါက်ဆွဲဖတ်ပေါ်မှာ ကြက်ဥလေး တင်ထားပုံကအစ ပုံမပျက်ရှိနေတဲ့ခေါက်ဆွဲကြော်ကိုကြည့်ပြီး သူမဖိနပ်ကိုငုံ့ကြည့်လိုက်သည့်တွင်



"အီး. . ."

ဟုလည်းအော်ကာ ခေါက်ဆွဲကြော်ပန်းကို တွေ့ရာခုံတွင် တင်လိုက်ပြီး. . .

"ဘွန်ဗိုင်"

ဟုလည်းအော်ကာ တရိပ်ရိပ်လှမ်းနေသောဘွန်ဗိုင်နောက်သို့ ခြေဗလာနှင့်ပြေးလိုက်သွားရာ မမီလိုက်တော့ပါ။

သူမ ကားပါကင်နားရောက်သွားသောအချိန်မှာ ဘွန်ဗိုင်က ကားမောင်း၍ထွက်သွားခဲ့ပါပြီ။ ပမာမခန့်ပင် သူမကိုလက်ကာပြသွားသေး၏။

"အား. . . စိတ်တိုလိုက်တာ"

"အိပ်နေတဲ့ကျားကိုမှ သွားနှိုးတာကိုး"

ဟု မဟေသီက ဆိုလာသည်ကိုပင် သူမက ရန်မထောင်နိုင်ပါတော့ဘဲ. . .

"တွေ့မယ်, ဒီကောင်တွေ့ဦးမယ်။ ဘယ်လိုလုပ်မလဲ ငါ့ဖိနပ်ကလေး ယူသွားပြီ။ အီး. . . စိတ်တိုလိုက်တာ"

"သိပ်လှတယ်ကွာ. . . ဟား ဟား ဟား. . . သတိမရှုလိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


''ဟုတ်တယ် ဓာတ်ပုံတစ်ပုံလောက် ရိုက်ထားရမှာ။ ဘာဖြစ်လို့ သတိမရရတာလဲ. . . ဟူး''

''အဲ့လိုတစ်ခဏလေးမှာ အစ်မ ဘယ်လိုခံစားလိုက်ရပါသလဲရှင်''

ဟူ၍ သူမကိုအမျိုးမျိုးလှောင်နေကြသောသူငယ်ချင်းများကို မျက်စောင်းကြီးထိုးပစ်ကာ. . .

''ငါစိတ်တိုနေတာနော်။ အလကားကောင်. . . ဟွန်း''

''ငါဖြစ်ရမှာ၊ ဒါမှန်းသိရင် အဲ့ဒီခေါက်ဆွဲကြော်ကို ငါသွားယူပါတယ်ဟယ်''

''ဟဲ့, စဉ်းစားစရာပဲနော်သိလား။ ဘွန်ဗိုင်က ဘာဖြစ်လို့ အဲ့လို ဖိနပ်ကို ချွတ်ယူသွားရတာလဲ''

''စီးချင်လို့နေမှာပေါ့ဟယ်''

''ဟဲ့, ကားတောင် အမျိုးမျိုးပြောင်းစီးနေတဲ့ သူ့အဆင်က အဲ့ဒီဖိနပ်ကို မက်စရာလားဟဲ့''

''ဘွန်ဗိုင်က တော်တော်ချမ်းသာတယ် ထင်တယ်နော်''

''အဲ့ဒါတော့ မင်းပြောမှလား၊ ကြည့်ပါလား။ သူ့ပုံစံက စမတ်ကျကျလေးနဲ့ အဆင့်အတန်းရှိရှိလေး''

''ဟုတ်တယ်နော်၊ ငါ သူ့ကို အထက်တန်းကျောင်းတည်းက သိလာတာ တစ်ခါမှ သူငယ်ချင်းတွေနဲ့ ဟီးဟားနေတာ မတွေ့ဖူးဘူး''

''ကျောင်းမုန့်ဆိုင်တွေမှာရော စားလို့လား''

''ဟုတ်တယ်နော်၊ စိတ်ဝင်စားစရာပဲ''

''ဘဝင်ကိုင်နေတာ၊ လူတွေ အဲ့ဒီလိုစိတ်ဝင်စားတာခံချင်လို့ကို ဘဝင်ကိုင်နေတာ''

ဟုပင် သူမက ကျုံးအော်ပစ်လိုက်ပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

''ရော့''

ဟုဆိုကာ အထုပ်တစ်ထုပ်ကို လှမ်းပေးလာ၍ သူ့မှာယောင်နနနှင့်ယူပြီး ဖွင့်ကြည့်လိုက်ရာ အံ့ဩခြင်းက ပေါ်လွင်ထင်ဟပ်သွားရပါသည်။

''နောက်တစ်ခါပေးရင်တော့ ငါ ယူမပေးနိုင်တော့ဘူး''

''ဘယ်လိုလုပ်, ငါ့ဖိနပ်က မင်းဆီမှာတွေ့ရတာလဲ''

''ယူလာလို့ပေါ့. . . ခြေထောက်ပေါက်ပြီးမှတော့ ငါ့ဆီ သူ့ဟာသာသူ ပြေးမလာဘူး''

www.burmeseclassic.com

www.burmeseclassic.com

"ဟား. . . တကယ်ကိုမတွေးနိုင်တော့ဘူး"

"ငါတို့သုံးယောက်လုံးကို ဒယ်ဒီပေးတဲ့တစ်ခုတည်းသောလက်

ဆောင်ပဲ၊ တွေ့ကရာလူတွေကို မစီးနိုင်းနဲ့၊ လက်ဆောင်ရတယ်ဆိုတာ

တန်ဖိုးထားရတယ်"

"ဒီနေ့တော့ ထီထိုးရမယ်"

"ဘာကြောင့်လဲ"

"မင်းက ဒီလိုစကားပြောလာလို့ပေါ့"

"ငါ့ကို လေးလေးနက်နက်မတွေးတတ်ဘူး ထင်လို့လား"

"မင်းဘယ်တုန်းကရော လေးလေးနက်နက်တွေးဖူးလို့လဲ"

"မတွေးဘဲရှိမလား၊ လောကမှာ မင်းနဲ့ရိုင်းနုင်ပဲ လေးနက်

တယ်လို့ထင်နေသလား"

"ရိုင်းနုင်, ဒီကောင် ဘာကြောင့် ဖုန်းမဆက်သလဲမသိဘူး"

"ဒီကောင်နဲ့တော့ မလွယ်ဘူးဘဲ"

"မာမီ့ကိုရှောင်နေတယ်ဆိုရင်တော့ သံသရာက ဆုံးနိုင်

မဟုတ်တော့ဘူး"

"ရင်ဆိုင်လိုက်ပေါ့၊ တည့်တည့်ပဲ၊ ကိုယ်ဖြစ်ချင်ရာကို ရှ

ပြောပေါ့၊ ဒီလောက်ထိတောင်လုပ်ခဲ့ပြီးမှ နားညည်းမခံနိုင်လို့ ပြေး



ဘာ အဓိပ္ပာယ်မှမရှိတာ"

"ကွယ်ရာမှာ အတင်းပြောတာတော့ သိပ်လူကြီးလူကောင်း

ဆန်ဘူးထင်တယ်"

"ဟာ! ရိုင်းနုင်"

ပေါ်ထွက်လာသောတံခါးချပ်နောက်ကွယ်မှလူကတော့ သူတို့

ယောက်လုံးကို အကျော်ကြားဆုံးအပြုံးနှင့် နှုတ်ဆက်နေခဲ့ပါသည်။

"ပြန်လာမှာမို့ မဆက်တော့တာပေါ့"

"မင်းမသွားဖြစ်ဘူးလား"

"စိတ်မပါတော့လို့"

ဟုဆိုပြီးမှ စားပွဲပေါ်မှအထုပ်ကိုကြည့်လိုက်ကာ. . .

"ဒီဖိနပ်ကြီးက ဘာကြောင့် နေရာမှားပြီး ရောက်နေရတာလဲ၊

ညြော်. ဒါ ငါတို့ကို ဒယ်ဒီပေးထားတဲ့ဖိနပ်ပဲ"

"အင်းလေ, မင်းမှာရော ရှိသေးလား"

"ရှိတာပေါ့. နှစ်ခါတည်း စီးရသေးတယ်၊ ထူးခြားလို့သိမ်းထား

တာ"

"ထူးခြားလို့"

"အင်းလေ၊ ငါ နိုင်ငံတော်တော်များများကို ရှုံးပွဲရော၊ အလည်

www.burmeseclassic.com

www.burmeseclassic.com



အပတ်ပါ ရောက်ခဲ့ပြီးပြီ။ ဒါပေမဲ့ ဒီလိုတံဆိပ်နဲ့ဒီလိုပုံဖိနပ်တော့ ငါတို့သုံးယောက်မှာပဲရှိတယ်''

ဟူသော ထူးဆန်းတဲ့ရိုင်းနင်၏စကားကို သူတို့နှစ်ယောက်က စူးစမ်းစွာနားထောင်မိလိုက်ကြသည်။

''တကယ်တော့ ဒယ်ဒီက ငါတို့အပေါ် ဂရုမစိုက်ဘူးလို့လို့နဲ့ မာမီ့ထက်တောင် အလေးထားသေးတယ်''

''မင်း ဘာသိထားလို့လဲ''

ဟု သူတို့ကဆိုတော့ ရိုင်းနင်က ဆိုဖာခုံပေါ်ထိုင်ချကာ ဖိနပ်ကို လက်ညှိုးထိုးပြလိုက်ပြီး. . .

''ဒီပုံကို မင်းတို့မှတ်မိသေးလား''

ဟုဆိုကာ ငါးမျှားချိတ်လေးကိုပြလျှင် သူတို့နှစ်ယောက်လုံးမှာ မျက်ခုံးလေးတွန့်ကာ စဉ်းစားလိုက်ပါသည်။

''ငါတို့ငယ်ငယ်ကလေ၊ ဒယ်ဒီ့ကိုတောင်းဆိုဖူးတယ်။ ငါးမျှားသွားဖို့လေ''

''အဲ့တုန်းက ငါတို့က အရူးပဲနော်၊ ဒယ်ဒီလိုလူက အဲ့လို ငါးမျှားထွက်မတဲ့လား''

''မဟုတ်ဘူး၊ အဲ့ဒီနေ့က ဒယ်ဒီ အရေးကြီးကိစ္စတစ်ခု ပေါ်



ဘာလိုပါ''

''မင်းက ဘယ်လိုသိသလဲ''

''ဒယ်ဒီဖုန်းပြောနေတာကို ကြားတာလေ''

''ဒယ်ဒီ့ရဲ့အလုပ်ခန်းထဲ ငါတို့မှမဝင်တာ''

''အဲ့ဒီအချိန်မှာ ငါ ရေဒီယိုနားထောင်နေတယ်လေ၊ မထင်တဲ့ကြားရတာ''

''ဒါနဲ့ ခုက''

''ငါတို့ကတော့ အမှတ်တမဲ့ဆိုပေမယ့် သူ တော်တော်စိတ်ထိခိုက်သွားတယ်ထင်တယ်''

''အင်း. . . မှတ်မိသလောက်တော့ ငါတို့ ဒယ်ဒီ့ကိုတောင်းဆိုတာ ပထမဆုံးပဲ''

''သူ့စိတ်ကူးထဲမှာ ငါတို့နဲ့ အမြဲတမ်းငါးမျှားထွက်နေလိမ့်မယ်''

''အော်ဒါမှ၊ ချုပ်ခိုင်းလို့ ဒီလိုတံဆိပ်မျိုး ထပ်မရှိတာပေါ့။ တ်လား''

''ဒီ ဘာမှန်းမသိတဲ့အင်္ဂလိပ်စာက ပြင်သစ်လို ပျော်ရွှင်မှုလို့ အဓိပ္ပာယ်ရတယ်ဆိုတာ မင်းတို့သတိမပြုမိဘူးလား''

''အင်း၊ ဒါကြောင့်ကိုး''

www.burmeseclassic.com

www.burmeseclassic.com



''အလုပ်များတဲ့ဒယ်ဒီက သနားစရာပဲ''

''ဒါ အသက်ကြီးမှရတဲ့ ဒယ်ဒီရဲ့ပထမဆုံးလက်ဆောင်လေ''

''ပြန်ရောက်ပါမယ်ဆိုတဲ့မာမီနဲ့ဒယ်ဒီ မရောက်ကြသေးဘူးလား''

''ဘာဖြစ်လို့လဲဘွန်ဖိုင်၊ မင်းသိတယ်မဟုတ်လား''

''ဒီနေ့ပဲ ရောက်မှာပါ။ မာမီက ဒယ်ဒီ့ကို လေယာဉ်ကွင်းမှာကြိုပြီး အတူတူပြန်လာကြလိမ့်မယ်''

''အင်း၊ မာမီနဲ့ဒယ်ဒီမဆုံတာ ဘယ်လောက်ကြာသွားပြီလဲ''

''ငါးလလောက်ပါပဲ''

''အဲ့ဒါတစ်ခုတော့ မင်းက ပိုကောင်းတယ် ဘွန်ဖိုင်။ အိမ်ရဲ့စီးပွားရေးရော၊ မာမီနဲ့ဒယ်ဒီရဲ့ခရီးစဉ်ရော မင်းကအကုန်သိတယ်။ ငါတို့က အိမ်ရဲ့အတွင်းရေးမှူးဆီကပဲ အမြဲတစ်ဆင့်သိရတယ်''

''မနာလိုချင်ဘူးလား''

ဟု ဘွန်ဖိုင်က နောက်လိုက်လျှင် ကျန်နှစ်ယောက်လုံးမှာ ပြုံးမိသွားကြပါသည်။

ဘွန်ဖိုင်က နာရီကိုကြည့်လိုက်ပြီး. . .

''ကဲ၊ အောက်ဆင်းကြမယ်''



''ဘာလဲ၊ အစီအစဉ်မရှိကြီး''

''ငါတို့သုံးယောက်လုံးကိုသာ တစ်ပြိုင်နက်တွေ့လိုက်ရင် သူ့တို့မျက်နှာက ဘယ်လိုအရောင်ဖြစ်သွားမလဲလို့ သိချင်ရုံပါ''

ဟုဆိုတော့ သူတို့နှစ်ယောက်လုံးမှာ ထပ်မံ၍ပြုံးမိလိုက်ကြပြန်သည်။

''နောက်သုံးမိနစ်ဆို သူတို့ အိမ်ထဲရောက်လိမ့်မယ်''

ဟုဆို၍ အရှေ့မှဦးဆောင်ပြီး ထွက်သွားသောကြောင့် သူတို့နှစ်ယောက်မှာ တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး ဘွန်ဖိုင်၏နောက်မှ လိုက်လာခဲ့ကြပါသည်။

''မင်း၊ အခုစတူဒီယိုမှာ ဘာလို့မအိပ်တော့တာလဲ ရိုင်းနင်''

''အိမ်က ပျော်စရာ့ပိုကောင်းမလားလို့ပါ။ ဘာကြောင့်မှန်းမသိဘူး၊ အခု အိမ်မှာနေရတာကို သဘောကျလာတယ်''

''လွန်ခဲ့တဲ့နှစ်ရက်ကတော့ မပျော်လို့ထွက်သွားတာလား''

''ငါ့ကိုယ်ငါလည်း မသိတော့ပါဘူး''

''နည်းနည်းတော့ ကြောင်တောင်တောင်နိုင်သလိုပဲနော်''

''အင်း၊ မာမီနဲ့ဒယ်ဒီရဲ့ပြန်အလာကိုစောင့်မျှော်တာ ကြိုဆိုတာ ဒါပထမဆုံးပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုရုံရှိသေး၊ အိမ်ရှေ့တွင်ဆိုက်ရောက်လာသော အနက်ရောင် ပြောင်လက်နေတဲ့မာစီးဒီးကားကြီးကြောင့် သူတို့သုံးယောက်စလုံးမှာ တိုင်ပင်မထားကြပါဘဲ အဆင်သင့်ဖွင့်ထားပေးသော တံခါးရွက်အတိုင်း ထွက်လာခဲ့ရာ. . .

''အိုး၊ ငါ့သားတွေ စုံစုံလင်လင်ပါလား''

ဟုဆိုကာ သိပ်ပြီးခေတ်မီလှပတဲ့မာမီက အဆင်သင့်ဖွင့်ထားပေးသော တံခါးချပ်အတိုင်း စမတ်တကျနင်းဆင်းလာကာ သူတို့တစ်ယောက်ချင်းစီကို ပွေ့ဖက်နူတ်ဆက်လိုက်ပါသည်။

''ဒယ်ဒီ၊ နေကောင်းတယ်နော်''

''အိမ်ပြေးပါ ရောက်နေပါလား၊ ဘယ်အချိန်က စိတ်ကောင်းပြေသွားတာလဲ''

ဟု အိမ်မှာမနေတာ တစ်နှစ်ကျော်ပြီဖြစ်တဲ့ရိုင်းနင်ကို ဒယ်ဒီက ပြောလိုက်လျှင် ရိုင်းနင်မှာ ရှက်ဝဲဝဲလေးပြုံးကာ ဒယ်ဒီကိုပွေ့ဖက်လိုက်ပါတော့၏။

''သိပ်စိတ်ချမ်းသာစရာကောင်းတာပဲ၊ ခရီးတွေပြန်လာတဲ့အထဲမှာ ဒီတစ်ကြိမ်ခရီးဦးကြိုမှုက မင်္ဂလာအရှိဆုံးပဲ''

''အဲ့တော့ မာမီက ဘာလက်ဆောင်ပေးမှာလဲ''



''အိုး၊ ငါ့သားတွေက လက်ဆောင်လိုချင်လို့လား၊ ငါ့သားတွေ လိုချင်တာဆို မာမီက အကုန်စီစဉ်ပေးမှာပေါ့''

''တကယ်လားမာမီ''

''မင်းတို့ကို မာမီ ဘယ်တုန်းကမှုလိမ်မပြောဘူးလေ''

''အဲ့ဒါဆို အကြွေးမှတ်ထားလိုက်မယ်နော်၊ ရလား''

''ဒီလိုပြောတယ်ဆိုတဲ့တောင်းဆိုမှုက အကြီးကြီးထင်တယ်၊ ကြောက်စရာပါပဲ၊ ကဲ၊ တို့မိသားစုတွေဆုံတုန်း မိသားစုပါတီလေး လုပ်လိုက်ကြရအောင်''

ဟုဆိုပြီး သူတို့သုံးယောက်ကိုရော ဒယ်ဒီ့ကိုပါ မာမီက လှမ်းအကဲခတ်လိုက်ပါ၏။

''ပြင်ဆင်လိုက်မယ်နော်''

ဟု မာမီကဆိုတော့ သူတို့အားလုံးမှာ အပြုံးနှင့် ထောက်ခံလိုက်ကြပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဖန်တီးလုပ်ယူထားတဲ့ ရေပြောကန်လေး၏နံဘေးတွင် ဖန်တီးလုပ်ယူထားသည့် မြတ်ခင်းစိမ်းလေး ရှိပါ၏။

ထိုမြတ်ခင်းစိမ်းလေးရဲ့အပေါ်မှာမှ ဖန်တီးလုပ်ယူထားသည့် သပစ္စာခင်းကျင်းထားသည့်စားပွဲရှည်ကြီးရှိပါသည်။

ထိုစားပွဲရှည်ကြီးတွင် သောက်စရာနီညိုရောင်အရည်တွေ ရှိပြီး စားဖွယ်အစုံအလင်နှင့် သိပ်ကိုခမ်းနားသေသပ်နေခဲ့ပါသည်။

စားပွဲရဲ့ထိပ်ဆုံးမှာတော့ ဦးအာကာဆိုသူက နေရာယူထားပြီး စားပွဲ၏ဘယ်ဘက်ခြမ်းမှာတော့ ဒေါ်မို့မို့မြင့်နှင့် ဘွန်ဗိုင်က ရှိနေပြီး

www.burmeseclassic.com

www.burmeseclassic.com

စားပွဲရဲ့ညာဘက်ခြမ်းမှာတော့ ရိုင်းနင်နှင့် ရှိမိုင်လာက ရှိနေကြပါသည်

"ဘွန်ဖိုင်က နောက်ရှစ်လဆိုရင် ဘာလုပ်မယ်စိတ်ကူးထား သလဲ"

"အာကာထက်မြက်ကုမ္ပဏီရဲ့မန်နေးဂျင်းလုပ်မယ်ဆို ဒယ်ဒီ အဲ့ဒီရာထူးကိုပေးနိုင်သလား"

"စိတ်အားရစရာအကောင်းဆုံးအဖြေပေါ့"

"မာမီကတော့ စိတ်မကောင်းဘူး"

"စိတ်မပူပါနဲ့၊ အခု သား, စိန်အကြောင်းပါ လေ့လာနေ တယ်"

"ဟား. . . ငါ့သားက အတော်ဆုံးပဲ"

ဟုဆိုကာ မာမီက သူ့ပခုံးကိုပုတ်လိုက်ပြီး ရိုင်းနင်ကိုကြ ကာ. . .

"ရိုင်းနင်ရော မာမီ့ကိုကူဖို့ စိတ်မကူးဘူးလား"

"ဘွန်ဖိုင်က သိပ်တော်တာပဲ။ သူတစ်ယောက်တည်းတော မလုပ်လောက်ပါဘူး။ ဒီကောင်က အိုင်ကျူ ကိုးဆယ့်သုံးလေ"

"ရှိမိုင်လာရော"

"သားလက်ထဲကိုအပ်မယ်ဆိုရင်တော့ မာမီ့ဆိုင်ကို နှစ်



အာမခံမယ်"

"မလွယ်ဘူးပဲ"

"စိတ်လျှော့လိုက်ပါ မွှီ၊ ဒီလောက်ဆိုရင် မင်းလည်း ကိုယ် မွေးခဲ့တဲ့သားတွေရဲ့စိတ်ကို သဘောပေါက်လောက်ပါပြီ"

"အပျော်လုပ်တယ်မှတ်ပြီး လွှတ်ထားပေးခဲ့မိတဲ့ငါ့အမှားပဲ"

"ဦးအာကာနဲ့ ဒေါ်မှီမှီမြင့်ရဲ့သားတွေမှာ အလဟဿဆိုတာ ရှိနိုင်သေးလား မာမီ"

"မင်းတို့ကိစ္စကို ဟန်နီမှာစိုးလို့ မာမီ့ကို တစ်နှစ်လောက် ရှောင် နေခဲ့ကြတာပေါ့လေ၊ ဟုတ်လား"

"မာမီ့ကိုမတွေ့ချင်လို့တော့ မဟုတ်ပါဘူး။ အောင်မြင်မှ သက် သေပြချင်လို့ပါ"

"အောင်မြင်ပြီဆိုရင် ချည်ပြီးတုတ်ပြီးဖြစ်မယ်ဆိုတဲ့အတွေး နဲ့လား"

"ဘာပဲဖြစ်ဖြစ် ဒယ်ဒီကတော့ ကျေနပ်ပါတယ်။ ငါ့သားတွေ က လူတော်တွေဖြစ်နေကြတယ်လေ"

"Thank you...ဒယ်ဒီ"

"ဘွန်ဖိုင်ကတော့ လုပ်ဆောင်ချက်တွေကြားရပြီ၊ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်ကရော ဖခင်တစ်ယောက်အနေနဲ့ ဘာမှတင်ပြစရာမရှိဘူးလား''

''မကြာခင်. . . ပြင်သစ်မှာ သီချင်းသွားဆိုဖို့ရှိတယ်။ နောက်အယ်လ်ဘမ်အတွက် အကောင်းဆုံးပြင်ဆင်နေတယ်''

''အိမ်မက်က. . .''

''မြန်မာတွေရဲ့ ပေါ့ပ်ဂီတကလည်း အဆင့်မီပါတယ်ဆိုတာကမ္ဘာကိုပြချင်တယ်''

''ပြီးတော့ရော''

''ဒန်ဇာအဖွဲ့ကို ငါးနှစ်စာချုပ်ချုပ်ပြီး အပြင်းအထန်လေ့ကျင့်နေပါတယ်။ သီချင်းတွေအားလုံးဟာ ကိုယ်ပိုင်သံစဉ်တွေချည်းပဲ''

''မျှော်လင့်ချက်''

''အကောင်းဆုံးလုပ်ထားတာမို့ အကြီးကြီးပေါ့''

''ကံကောင်းပါစေလို့ ဒယ်ဒီဆန္ဒပြုတယ်''

''Thank you...ဒယ်ဒီ''

'ဟုဆိုကာ သားအဖနှစ်ယောက်မှာ ခွက်ချင်းတိုက်ပြီး နီညိုရောင်အရည်များကို ပြိုင်တူမော့ချလိုက်ပါသည်။

''ပြင်သစ်မှာ ဒယ်ဒီ့မိတ်ဆွေတွေရှိတယ်။ ဒယ်ဒီ အကြောင်း



ကြားထားမယ်။ လုပ်ပြီဆိုတော့ ရည်မှန်းချက်ရောက်အောင် လုပ်နိုင်ရမှာပေါ့။ မင်းအလုပ်က ပတ်ဝန်းကျင်လူမှုဆက်ဆံရေး ကျယ်ပြန့်ရမယ်။ ခင်တစ်ယောက်အနေနဲ့ ဒယ်ဒီလည်း ပံ့ပိုးချင်တယ်။ မင်းလက်ခံပါ''

''Thank you...ဒယ်ဒီ၊ တကယ်ကိုကျေးဇူးတင်တာပါ။ ဒယ်ဒီ့ဆီက ဒီလိုကြားရလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ဖူးဘူး''

''ရည်ရွယ်ချက်ရှိနေပြီပဲ၊ ပန်းတိုင်ရောက်အောင် တက်ရမှာလူငယ်တွေရဲ့တာဝန်လေ။ စိတ်ပါဝင်စားမှုရှိမှ တိုးတက်မှုရှိမှာဆိုတာဒယ်ဒီသဘောပေါက်သွားတယ်။ မင်းရဲ့ပထမခွေ စပေါက်တုန်းကပေါ့''

ဟုဆိုတော့ ရှိုင်းနင်၏ရင်ထဲမှာ အတိုင်းမသိအောင် ကြည်နူးသွားရပါသည်။

''ရှိုမိုင်လာရော''

''သားက ဘာပြောရမှန်းတောင်မသိဘူး''

''လွန်ခဲ့တဲ့ခြောက်လက အကောင်းဆုံး လူငယ်ပန်းချီလက်ရွေးစင်အဖြစ် သတ်မှတ်ခံရတယ်မဟုတ်လား၊ မင်းမှာ ပြောစရာတော့ရှိနေမှာပါ''

''ဗျာ!''

www.burmeseclassic.com

www.burmeseclassic.com



"ရှိမိုင်လာ"

သူအံ့သြသွားရပါသည်။

ဒီကိစ္စကို ဘွန်ဖိုင်နှင့် ရိုင်းနင်ကိုတောင် မပြောဖြစ်ခဲ့ပါပဲ ဒယ်ဒီ ကကျော်ပြီး သိနေခဲ့၍ သူ မအံ့သြဘဲ မနေနိုင်တော့ပါ။

"ရှိမိုင်လာ မင်း တကယ်လျှိုတဲ့ကောင်ပဲ"

"ဒယ်ဒီ ဘယ်လိုသိသလဲ"

"ဒယ်ဒီနဲ့မာမီ ပြန်မလာခင်မှာ မင်းက ပုပ္ပါးကိုရှောင်ဖို့ကြံ တယ်။ ရိုင်းနင်က ဘန်ကောက်ကိုပြေးဖို့ကြံတယ်ဆိုတာကို ဒယ်ဒီက သိပါတယ်ဆိုရင် မင်းတို့ထပ်ပြီး အံ့သြဦးမှာလား"

"ဦးအာကာ သိပ်တော်ပါတယ်ဆိုတာ လုံးဝလက်ခံသွားပြီ"

ဟုပင် ရိုင်းနင်က ရွတ်နောက်နောက်ပြောပစ်မိပါ၏။

"မင်းရော, ရိုင်းနင်လို ကမ္ဘာကျော်စိတ်ကူးမရှိဘူးလား။ ဒယ် ဒီ ယုံပါတယ်။ ရိုင်းနင်ထက်မညံ့တဲ့ခံစားမှုတော့ ရှိမှာပဲ"

"ဒယ်ဒီတော်တယ်၊ တကယ်ပဲ။ ဒယ်ဒီရဲ့စူးစပ်သေချာမှုကို မီနိုင်အောင် သားလေ့ကျင့်ရဦးမယ်"

"ဒယ်ဒီတော်တာ လက်ခံသွားရင် ခံနွကိုပြောလို့ရပြီလား"

"ပန်းချီကားတစ်ရာကျော်နဲ့ ကဗျာနှစ်ဆယ်လောက်ရှိတယ်



ကောင်းတဲ့ခန်းမမှာ ပြပွဲတစ်ခုလောက်လုပ်မယ်လို့ စိတ်ကူးထား တယ်"

"ဘယ်လိုအခန်းမျိုးလဲ"

"အခြေအနေနဲ့အချိန်အခါရဲ့ပြောင်းလဲမှုမှာ ပတ်ဝန်းကျင်က ဆင်ပြေသလိုရှိတယ်ဆိုတဲ့စကားလည်း ရှိတယ်လေ"

"အဲ့တော့"

"သားရဲ့ပန်းချီကားတွေထဲမှာ သားရဲ့နှလုံးသားက ပါနေတယ်"

"ဒါဆို သိပ်တန်ဖိုးကြီးမှာပေါ့"

"သုံးနှစ် စုထားရတာလေ"

"အပါးပါး. . . ရည်ရွယ်ချက်ကြီးနဲ့ပါလား"

"အဲ့ဒီလောက်အကြာကြီး မြှုသိပ်ထားခဲ့တဲ့ဆန္ဒတွေကို ဖွင့်ချ အချိန်တန်ပြီ"

"အင်း, ဟုတ်ပြီ"

"မြင့်တဲ့အဆောက်အဦးဖြစ်ရမယ်၊ ခမ်းနားပြီး စမတ်ကျတဲ့ နေရာဖြစ်ရမယ်၊ ပန်းချီရဲ့အနှစ်သာရကို ကောင်းကောင်းခံစားနိုင်တဲ့ ဆိတ်ဆိတ်တဲ့နေရာဖြစ်ရမယ်။ အဲ့လိုနေရာမျိုးကို ရှာနေတယ်"

"တွေ့ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်တိုင်းမကျသေးဘူး"

"ရှိမိုင်လာ, ဒီလိုလုပ်ပါလား"

"ဘာလဲ"

"ငါ့ခန်းမ မင်းကိုငှားမယ်"

"မင်းရဲ့ခန်းမ"

"ညီအစ်ကိုချင်းဆိုတော့ ဈေးနည်းနည်းလျှော့ပေးမယ်လေ"

"အဲ့ဒီကိစ္စမျိုးရှိတာ ငါတို့ ဘာကြောင့်မသိရတာလဲ"

"ဘယ်သိမလဲ၊ အာကာထက်မြက်ကူမှုထိပိုင်လေ"

ဟုဆိုတော့ ဒယ်ဒီရော မာမိပါ သူ့ကိုစိတ်ဝင်စားသလိုကြ
လာခဲ့ပါသည်။

"ဒယ်ဒီပဲပြောတယ်လေ၊ ......က မြေကွက်ကို သား
ကြိုက်လုပ်ဆို"

"အင်း, ဟုတ်တယ်လေ၊ ပေးထားတာ တစ်နှစ်မပြည့်သေ
ဘူးဘဲ"

"ဒါပေမဲ့ မနက်ဖြန် ဒယ်ဒီသွားကြည့်ရင်တော့ ကြီးမား
သိပ်လှတဲ့အဆောက်အဦးကိုတွေ့ရမှာပဲ"

"ငါသိပ်ညံ့သွားပါလား၊ ဘွန်ဖိုင်ကိုလျှော့တွေးလိုက်တာ အ



ဆုံးဟာကွက်ကြီးပဲ"

"ပုရွက်ဆိတ်ကလေးပေမယ့် မြင့်မိုရ်တောင်ထိပ်ကိုတက်နိုင်
ယ်ဆိုတာကိုသာ ဒယ်ဒီသတိရှိရင် ခုလိုအံ့ဩရမှာမဟုတ်ဘူး"

"ဟုတ်ပါပြီ၊ အဲ့လိုဆောက်ရတဲ့အကြောင်းအရင်းက...

"အဖေထက်သား တစ်လကြီးတဲ့၊ အဖေ့ခြေရာထက် သားရဲ့
ခြေရာက ပိုကြီးတယ်တဲ့။ နောက်လုပ်ငန်းရဲ့ထွင်ဖို့ အကောင်းဆုံးပစ်
တ်ဖြစ်လာမှာ ကျိန်းသေပဲ"

"ဂုဏ်ပြုတယ်ကွာ...ငါ့သားတွေကို ဒယ်ဒီ တကယ်ဂုဏ်
ပြုတယ်"

ဟုဆိုကာ ဒယ်ဒီက သူ၏ခွက်ကိုမြှောက်လိုက်တော့ သူတို့
တွေအားလုံးလည်း ခွက်ကို လေထဲသို့ မြှောက်လိုက်ကြပါသည်။

ထိုသို့သောက်ပြီး ခေတ္တမျှအကြာတွင် တစ်ချိန်လုံးတိတ်ဆိတ်
နေခဲ့သောမာမိက...

"စီးပွားရေးကိစ္စက ပြီးပြီဆိုတော့...အခု လူမှုရေးတိုင်ပင်
မကောင်းဘူးလား"

"လူမှုရေး?"

"လူတစ်ဦးတစ်ယောက်မှာ အဓိကကျတဲ့တာဝန်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် သားတို့''

''ဗျာ! ''

''မျိုးဆက်၊ အဲ့ဒီမျိုးဆက်ဆိုတာကို မေ့မနေနဲ့ကြနဲ့ဦး''

ဟု မာမီက အတည်ပေါက်ကြီးပြောလျှင် သူတို့သုံးယော

လုံးမှာ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးမိသွားကြပါသည်။

သူတို့ကို ဒယ်ဒီက အကဲခတ်နေခဲ့မယ်ဆိုတာ သူတို့ ကော

ကောင်းသိတာပေါ့။

❖ ❖ ❖

အခန်း (၉)

''ဒေါက်! ဒေါက်! ''

''ဘယ်သူလဲ''

မျက်လုံးနှစ်လုံးပွင့်ကာစပဲ ရှိပါသေးသည်။ တံခါးခေါက်သံ

ကြောင့် သူ အာရုံနောက်သွားရပါသည်။

''ကိုကိုကြီး သူဌေးက ကော်ဖီအတူတူသောက်မယ်လို့ ပြော

ပါတယ်''

''ဒါပဲမဟုတ်လား''

''ဟုတ်''

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ဟူသောအမိန့်သံကြားတော့မှ အိမ်တွင်အလုပ်သမားများ၏ ခေါင်းဆောင် ဒေါ်မာကြည် ထွက်လာခဲ့ပြီး. . .

"ဒေါက်! ဒေါက်! "

တံခါးခေါက်သံကြောင့် ကိုယ်လက်အညောင်းဆန့်နေသော ရှိုင်းနင်မှာ တံခါးကိုဆွဲဖွင့်လိုက်ရာ. . .

"ဘာကိစ္စလဲ"

"သူဌေးက ကော်ဖီအတူသောက်မယ်တဲ့"

"အင်း, ကောင်းပြီလေ"

"ခွင့်ပြုပါဦး"

"ဪ"

"ဟုတ်ကဲ့ပြောပါ, အစ်ကိုလက်"

"ကျွန်တော့်အတွက် ပေါင်မုန့်ကို ထောပတ်နဲ့ကြော်ပေးပါ"

"ဟုတ်ကဲ့"

"ဒါနဲ့ အခုအိမ်မှာ လူဘယ်နှယောက်ရှိသလဲ"

"ဒရိုင်ဘာရယ်၊ တိုလီထွာလီနှစ်ယောက်ရယ်၊ ခြံစောင့်ရယ်၊ အမျိုးသားလေးယောက်နဲ့ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး



နှစ်ယောက်၊ ကျွန်မနဲ့ရောဆိုရင် အမျိုးသမီးက ငါးယောက်ပါ"

"အဲ့ဒီတိုလီထွာလီနှစ်ယောက်ရဲ့တာဝန်က ဘာလဲ"

"လုံခြုံရေးပါ။ လူငယ်တွေမို့ ညမှာ ခြံကိုစောင့်တယ်၊ ပြီးတော့ ရှိတဲ့ခွေးနှစ်ကောင်ကို ထိန်းတယ်။ ပြီးတော့ အပင်စိုက်တို့၊ ခြံသန့်ရှင်းရေးတို့လို တောက်တိုမယ်ရပါ"

"နှစ်ယောက်နော်"

"ဟုတ်ကဲ့ အစ်ကိုလတ်"

"ဘယ်မှာ သွားငိုက်နေကြသလဲ၊ ညတစ်ညလုံး ခွေးဟောင်လို့ ကျွန်တော်အိပ်မရဘူး"

"တောင်းပန်ပါတယ် အစ်ကိုလတ်။ နောက်မဖြစ်စေရပါဘူး။ ကျွန်မ ကြပ်မတ်ထားပါ့မယ်"

"သွားလို့ရပြီ"

"ဟုတ်"

ဟုဆိုကာ ထွက်လာခဲ့ပြီးမှ တံခါးချပ်တစ်ခုရဲ့ရှေ့မှာ ရပ်လိုက်မိချိန်မှာတော့ သက်ပြင်းကို မသိမသာရှိုက်လိုက်မိပါသည်။

အခု သူမရပ်နေမိသည်က သက်ပြင်းချစရာလူရဲ့အခန်းရှေ့မှာမို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကြည်ရင် သူမ အလုပ်ပြုတ်နိုင်သည်မဟုတ်ပါလား။

"ဒေါက်! ဒေါက်! ဒေါက်!"

မရဲတရဲပင် အရဲစွန့်ပြီး တံခါးခေါက်လိုက်ပေမယ့်။ အခန်းထဲက ဘာမှတုန့်ပြန်ချက်က ထွက်မလာခဲ့ပါ။

သူမ တံခါးကိုဆက်ခေါက်ရမလား။ မခေါက်ရဘူးလားဆိုတာ တွေးမရနိုင်အောင် ကြပ်ညှပ်သွားရပါသည်။

တံခါးကိုမခေါက်ပြန်လျှင်လည်း သူဌေးကိုမထီမဲ့မြင်ပြုသည် ဖြစ်မှာလည်း စိုးရိမ်ရပါသည်။ အကယ်၍ တံခါးကိုခေါက်လိုက်မယ်ဆို ပြန်လျှင် စိတ်မထင်ရင် မထင်သလို အမောင်းက ခံရဦးမယ်။

သူမမှာ ချီတုံချတုံနှင့် ဝေခွဲမရဖြစ်နေတုန်း ရှိပါသေးသည်

"ဘာရပ်လုပ်နေတာလဲ"

ဟူသောအသံကိုကြားရ၍ ထိတ်လန့်သွားရပါသည်။

"ဟင်! အစ်ကိုလေး"

"ဘာကိစ္စလဲ"

သူမမှာ ဝမ်းသာသွားရပါသည်။

"သူဌေးက ကော်ဖီအတူသောက်မယ်လို့ပြောပါတယ်"

"အင်း, ဒါပဲလား"

"ဟုတ်"

"ဒါပြောဖို့ရပ်နေတာလား"

"အစ်ကိုလေး အိပ်နေသေးတယ်ထင်လို့ပါ"

"ကမ္ဘာပျက်မယ့်သတင်းဆိုရင်ရော ကျွန်တော် အိပ်နေသေးရင် မပြောတော့ဘူးလား"

"ရှင်!"

"သွားလို့ရပြီ"

"ဟုတ်"

ဟုဆိုကာ ထွက်သွားသော ထိုအမျိုးသမီးကိုကြည့်ပြီး တံခါးရွက်ကိုဖွင့်မည်အပြုတွင်. . .

"သူတို့က မင်းကိုလန့်နေတယ်"

"လန့်လိုက်တာကွာ၊ အသံမပေးဘာမပေးနဲ့။ ဘယ်အချိန်ကငါ့နားရောက်နေတာလဲ။ သူတို့လန့်တာ အရေးမကြီးဘူး။ ငါလန့်သွားပြီ"

"လန့်သွားပြီလား။ လန့်သွားတာ ဘယ်လိုနေသလဲ"

"လန့်သွားမှာတော့ နှလုံးခုန် မမှန်တော့ဘူးပေါ့"

"သူတို့လည်း မင်းနဲ့ဆက်ဆံရချိန်တိုင်း အဲ့လိုပဲနေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက သူတို့ကိုလန့်အောင် ဘာမှမလုပ်ဘူး"

"ငွေကိုလိုအပ်နေတဲ့လူတွေအဖို့တော့ ငွေမရတာက. . . . သေလောက်တဲ့ လန့်စရာကိစ္စပေါ့။ ငွေဆိုတာ အလုပ်ရှိမှရတာလေ။ မင်းက မကြာခဏအလုပ်ထွက်နိုင်းလေ့ရှိတယ်"

"မင်း ငါ့ကိုဝေဖန်နေတာလား"

"မင်းသတိမပြုမိမှာစိုးလို့ ထောက်ပြတာ"

"မျက်နှာထား တင်းတင်းနေတာဟာ လူတွေကိုချုပ်ကိုင်လို့ အကောင်းဆုံးသော့ချက်ပဲ ရှိမိုင်လာ"

"အဲ့ဒါဟာ ပျော်ရွှင်မှုကိုကျောခိုင်းနေတာ"

"မလိုဘူး။ ပျော်ရွှင်မှုရော၊ သူငယ်ချင်းရော ငါ့အတွက်မလိုဘူး။ ပျော်ရွှင်မှုဆိုတာ စိတ်ညစ်နေကြတဲ့လူတွေအတွက်။ ငါ့မှာ ဘာမှ စိတ်ညစ်စရာမရှိဘူး။ ခင်မင်မှုလည်း ငါ့အတွက်မလိုဘူး။ ခင်မင်တာကို အကြောင်းပြပြီး အခွင့်အရေးယူတဲ့လူတွေကိုမုန်းတယ်"

"အဲ့ဒါလည်း မဆိုးပါဘူး။ သံယောဇဉ်နည်းတော့ အပူကင်းတာပေါ့"

"မင်းလည်း သံယောဇဉ်နည်းအောင်လို့ သူငယ်ချင်း မထားတာလား"



"မသိဘူး။ လူတွေနဲ့စကားများများ မပြောချင်တာဘဲသိတယ်။ မင်းက ဒီနေ့မှ ဘာလို့အစောကြီးနိုးနေရတာလဲ"

"အသက်ခုနစ်ဆယ်ဆိုရင် အိပ်ခြင်းက သုံးဆယ့်ငါးနှစ်တဲ့။ အချိန်တွေ ဘယ်လောက်ထိ နှမြောဖို့ကောင်းသလဲကွာ"

"နွေခေါင်ခေါင်ကြီး မိုးကြိုးပစ်ဦးတော့မှာပဲ"

"အိပ်ချိန်ကိုလျှော့ချသင့်ပြီလေ။ ကျန်းမာရေးလိုက်စားရမယ်၊ ကြိုးစားလေ့လာရမယ်"

ဟုသာ သူပြောချင်ရာပြောပြီး ဝင်သွားသောဘွန်ဖိုင်ကြောင့် သူပြုံးလိုက်မိပါသည်။

ဘွန်ဖိုင်မှာလည်း ဒီလိုလူအသိရှိသေးသားပဲဆိုသည့်အဓိပ္ပာယ် ဖြစ်ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

''ရှိုင်းနင် ငါ့ကို. . . . . .မှာ လာခေါ်''

''ဘာဖြစ်လို့လဲ''

''ကားဘီးပေါက်နေတယ်''

''အင်း, ဆယ်မိနစ်အတွင်း အရောက်လာမယ်''

''မြန်မြန်လာနော်၊ အစွန်းအထင်းတွေ ငါမကြိုက်ဘူး''

ဟုဆိုပြီးမှ ဖုန်းကိုပိတ်ကာ ကုရှင်ပေါ်မှီချပြီးကာမှ လေကောင်းလေသန့်ရှူဖို့ အပြင်ထွက်လိုက်သည့်တွင် ကံဆိုးမှုနှင့်ပက်ပင်းတိုးတိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်နေတာနဲ့အတော်ပဲ"

"ဟင်! "

အသံစူးစူးကြောင့် ကြည့်လိုက်မိရာ သူလန့်သွားရပါသည်။ ထိုမိန်းကလေးက သိပ်အရှက်ရှိတတ်သည်မဟုတ်၊ သူ့ကိုဘာများလုပ်ဦးမှာလဲ။ စိတ်ထဲမှာတော့ လန့်ချင်မိပေမယ့် မျက်မှာကတော့ ခပ်တည်တည်နှင့်ပင်၊ . .

"ဘာလဲ"

"ဘာ, ဘာလဲ. . . လဲ၊ ရှင်ခိုးသွားတဲ့ကျွန်မဖိနပ်ဘယ်မှာလဲ"

အသံကုန်ကြီးနှင့်ကျယ်လောင်စွာပြောလိုက်သဖြင့် ဖြတ်သွားဖြတ်လာမှလူများမှာ သူ့ကိုကြည့်လာကြ၍ သူ့မှာ အရှက်ရ,ရပါသည်။

"ဘာတွေပြောနေတာလဲ"

"ရှင်မရှက်ဘူးလား, ဟမ်း. . . ကားကိုတော့ အကောင်းစားစီးပြီး၊ သူများရဲ့ခြေထောက်ကဖိနပ်ကို ချွတ်ယူသွားရအောင်။ ရှင်မရှက်ဘူးလား"

"ဘာကြောင့်ရှက်ရမှာလဲ၊ ငါ့ပစ္စည်းမို့ငါယူတာ၊ ဘယ်သူ့ရှက်ရမှာလဲ။ အရှက်မရှိတဲ့ ဒီလိုပုံမျိုးနဲ့ ငါ့ကိုချဉ်းကပ်နေတာ တော်လောက်ပြီ။ ငါက အဲ့လိုအဆင့်မရှိတဲ့ပုံမျိုးကိုမကြိုက်ဘူး"

"ဘာ! "

"ပွင့်ပွင့်လင်းလင်းသိပြီးပြီဆိုတော့ အခု မင်းသွားလို့ရပြီ"

"ရှင့်ကိုယ်ရှင် သိပ်ဟုတ်လှပြီလို့ထင်နေသလား။ ဟမ်း, ဘွန်

. . ."

ဟု သူမက ဒေါသဖြစ်ဖြစ်နှင့်ပြောလိုက်တာ ဆိုပေမယ့်၊ သူကပြုံးတစ်ချက်သာ တုန့်ပြန်လိုက်ပါ၏။

"တစ်လောကလုံးက မိန်းကလေးတွေက ရှင့်ကိုကြိုက်ကြမယ်လို့ထင်နေသလား. . . ဟမ်း။ ဘဝင်ပဲ, တကယ်ဘဝင်ပဲ၊ ရှင်ချမ်းသာတာကို ဘာလုပ်ရမှာလဲ။ မောက်မာရိုင်းစိုင်းလိုက်တာ"

"ဘာ! "

"ရှင့်လိုလူမျိုးကို ရွံလွန်းလို့"

"ဘာ! "

အဲ့ဒီလိုကြီး အထွန့်အထိပ်ပုတ်ခတ်ပြီး ပြောလာတော့ သူစိတ်တိုသွားရပါသည်။ ဒီမိန်းကလေးဟာ လွန်လွန်းနေပြီဟု သူထင်ပါသည်။

"ဟေ့, ကျွန်မဖိနပ်သာ ပြန်ရရင် ရှင့်လိုလူမျိုးနဲ့ ဘာပတ်သက်စရာမှမရှိဘူး"

"မင်းရဲ့ဖိနပ်လို့ ဘယ်သူက ကင်ပွန်းတပ်ထားလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ!"

သူတို့နှစ်ယောက်၏အကြည့်များမှာ အားပြင်းလွန်းလှတာမို့ အခုမှရောက်လာကြသော မဟေသီတို့အုပ်စုမှာ ပြဿနာဖြစ်တော့မှာ ပဲဟု စိတ်ပူသွားကြပါသည်။

ဗလီညာကလည်း ဘွန်ဖိုင်ကို ဘယ်ဘဝကရေစက်ကြောင့်မှန်း မသိ၊ ကြည့်မရသလို ဘွန်ဖိုင်ကလည်း ဗလီညာကို အထင်သေးနိမ့်ချ ပြီး ဒေါသဖြစ်နေသောအကြည့်ကြောင့် အားလုံးမှာ စိတ်ပူသွားရပါသည်။

မာနကြီးသောဘွန်ဖိုင်နဲ့မှ ခုလိုပြဿနာဖြစ်သည့်အတွက်လည်း စိတ်ပူသွားမိပါသည်။ ဘာပဲဖြစ်ဖြစ် ဗလီညာက မိန်းကလေးမို့ နစ်နာ စရာရှိရင် ဗလီညာပဲ နစ်နာမှာမို့ သူမတို့သူငယ်ချင်းကို စိတ်ပူမိပါ သည်။ ထိုသို့စိတ်ပူမိခြင်းကိုလည်း မဝံ့မရဲဖြစ်မိကြပါသည်။

ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေးတွေနဲ့အရှုပ်အရှင်းကင်းပြီး အနေတည်တဲ့ အထက်တန်းကျကျ ဝတ်စားပြင်ဆင်တတ်သောဘွန်ဖိုင် ရဲ့သိက္ခာကို ထိပါးသွားမှာစိုးလို့ပါ။

အထက်တန်းကျောင်းသားဘဝကတည်းက ဘွန်ဖိုင်ကို မကြည် တဲ့ဗလီညာကို အပြစ်တင်ချင်၍တော့မဟုတ်ပါ။ ဘွန်ဖိုင်နှင့် ဗလီညာ ကြားက ရှုပ်ထွေးလှသည်ဟုထင်ပါသည်။



ဘယ်လောက်ပဲရှုပ်ထွေးပါစေ အခုလိုတော့ မျက်နှာချင်းဆိုင် တွေ့တော့ဆိုင်ဆိုင်မဖြစ်ခဲ့ဖူးတာမို့ ပို၍ပူပန်သွားမိပါသည်။

ဗလီညာကလည်း အညံ့ခံမည်မဟုတ်သလို ဘွန်ဖိုင်ကလည်း ကလေးပါလားဆိုပြီး အလျှော့ပေးသွားမည့်ပုံမပေါ်ပါ။

သူမတို့သူငယ်ချင်းကလည်း သူမတို့သူငယ်ချင်းပါပဲ။ သူ့ဖာ သူနေတဲ့ဘွန်ဖိုင်ကိုမှ အထာပေးတယ်ဆိုပြီး ကြည့်မရဖြစ်နေခြင်း ပါသည်။

ဘွတ်ဖိနပ်တစ်ရံက မွှေလိုက်တဲ့မီးဟာ ရုံးရောက်ဂတ်ရောက် တော့ မဖြစ်သင့်ဘူးလေ။

"ဗလီညာ၊ လာပါဟာ"

"နင်တို့မသိပါဘူး. . . ဒီကောင် စတော်တယ်၊ ငွေပေါ်တယ်၊ ချာတယ်ဆိုပြီး ဘဝင်မြင့်နေတာ"

"သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ် ဗလီညာ"

"သည်းမခံနိုင်တော့ ရှင်က ဘာလုပ်ချင်သလဲ"

"ဘွန်ဖိုင်"

သူ တစ်ခုခုပြောမည်ကြပါသေးသည်။ တစ်ဖက်မှအော်သံ ကြောင့် ဘာမှမပြောဖြစ်တော့ဘဲ လှည့်ကြည့်လိုက်ရာ ကားတံခါးချပ်

www.burmeseclassic.com



နားရပ်ကာ သူ့ကိုလှမ်းကြည့်နေသောရှိန်းနင်ကို တွေ့လိုက်ရပါသည်

"ဟယ်! ရှိန်းနင်ပဲ"

"ချောလိုက်တာနော်"

ဟူသောထိုအဖွဲ့ရဲ့တီးတိုးပြောသံကို ဒေါသဖြစ်ဖြစ်နှင့်ပင် န ထောင်မိ၍ ဒေါသကိုဆက်မဖြစ်ချင်တော့၍ မျက်ဝန်းကိုမှိတ်ကာ ဒေ လျှော့လိုက်ပြီးမှ ကားထဲမှတစ်စုံတစ်ခုကိုယူ၍. . .

"ကျွမ်း! "

ကားတံခါးချပ်ကို အားနှင့်ဆောင့်ပိတ်လိုက်ချိန်မှာတော့. . .

"သူငယ်ချင်း ရနေတာလား"

ဟူသော သူတို့အနားရောက်လာပြီဖြစ်တဲ့ရှိန်းနင်က သူ့ ကိုပုတ်ပြီးပြောလျှင်. . .

"ဒီလိုအဆင့်မရှိတဲ့လူတွေနဲ့ ငါဘယ်တုန်းက အပေါင်းအသ ဆက်ဆံတာ မြင်ဖူးသလဲ"

ဟုဆိုကာ ဒေါသသံနှင့် ပြောပြီးသွားလိုက်သေ ဘွန်နီဒိုင်ကြေ ရှိန်းနင်မှာ နားမလည်နိုင်စွာပင် ထိုအုပ်စုကိုကြည့်မိသွားပါ၏။

"ရှိန်းနင်. ကျွန်မတို့က ရှိန်းနင်ရဲ့ပရိသတ တွပါ"

"ဟုတ်ကဲ့၊ ခုလိုတွေ့ရတာ ဝမ်း ာပါတယ်"



ဟု စိတ်မဝင်စားစွာပင် ကျော်ကြားလှသောအပြုံးတုလေးကို တီးပြီးဆိုကာ မျက်နှာလွှဲမည်အပြုတွင် မျက်နှာကြီးစူပုပ်နေသော ကလေးကိုသတိပြုမိသွားပါသည်။

သူ စဉ်းစားလိုက်ပါသည်။ ထိုမိန်းကလေးကို သူဘယ်မှာမြင် သလဲ၊ ဘယ်တုန်းကမြင်ဖူးတာလဲဟု။ သို့သော် လူအများနှင့်ဆက် ံနေရသောသူ့ဦးနှောက်က ထိုမိန်းကလေးလို သာမန်ရုပ်ရည်မျိုးကို တ်မထားမိခဲ့ဘူးထင်ပါရဲ့။ ဘယ်လိုမှစဉ်းစား၍မရပါ။

စဉ်းစား၍မရသည်ကို ဆက်စဉ်းစားမနေတော့ဘဲ ဘွန်နီဒိုင် နောက် လိုက်လာသည်မှာတော့ သူ့နောက်ကို တဖျတ်ဖျတ်နှင့်ပြေးလိုက် ာသောခြေသံကို ထပ်မံ၍ကြားလိုက်ရပြန်ပါသည်။

"ရှင်က နာမည်ကြီးအဆိုတော်တစ်ယောက်လုပ်နေပြီး ဒီလို ချောင်ရတဲ့ဖိနပ်ကိုပဲ စီးသလား"

ဟု သူ့ကိုဘလိုင်းကြီးသက်သက်ပြောလာ၍ သူက စီးထား သောဖိနပ်ကို ငုံ့၍ကြည့်လိုက်ပါသည်။

"ချက်ချင်းချွတ်ပါ"

ဟု အစမရှိအဆုံးမရှိပြောလာသောမိန်းကလေးကို ရူးများ သွားပြီလားဆိုပြီး သနားသလိုကြည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်နေတာလဲ"

"ဒီဖိနပ်ရဲ့တန်ဖိုးဟာ ဘယ်လောက်လဲသိလား၊ တောင်း... လည်း သနားစရာမျက်နှာပေးနဲ့တောင်းပေ့ါ"

"ဘာ!"

"စီးစရာမရှိလည်း အိမ်က ငါမစီးတော့တဲ့ဖိနပ်ယူပေးမယ်၊ ဒီဖိနပ်တော့မရဘူး"

ဟု ဒယ်ဒီဝယ်ထားပေးသောဖိနပ်ကိုကြည့်ပြီးပြောလိုက်လျှ... တော့...

"အံ့သြစရာပဲ"

"ဘာ!"

"ရှင်တို့ကို ငွေကြေးပြည့်စုံတဲ့လူတွေကလည်း ဒီအဆင့်ပဲ... အံ့သြစရာပါလား"

ထိုအခါမှာတော့ အမြဲတမ်းပြုံးနေပါတယ်ဆိုတဲ့ရိုင်းနင်မှာ အပြုံ... တုကိုပင် မဖန်တီးနိုင်တော့ဘဲ ကားထဲမှာထိုင်ပြီး သူတို့ကိုစိုက်ကြည့်... နေသောဘွန်ဖိုင်ကိုကြည့်ကာ...

"ဘယ်လိုလဲ ဘွန်ဖိုင်၊ မင်းအသိထဲ ဒီလောက်နိမ့်ကျတာ... ရှိရသလား။ တကယ့်အရူးတွေ၊ ကလေးအထာတွေ"



ဟုပင် ဖျစ်ဖျစ်နစ်နစ်ကြီးဆိုကာ ကားတံခါးဖွင့်ကာဝင်ပြီး ဝိုး... နဲ့မောင်းထွက်သွားသောကားကို သူမ,ခဲနဲ့ပစ်ချင်မိပါသော်လည်း ဤ... နေရာ၌ပင် မလှုပ်မယှက်ရပ်နေမိခဲ့ပါသည်။

သူမရင်ထဲမှာတော့ မိုင်းအလုံးပေါင်း တစ်သောင်းမက ပေါက်ကွဲနေရပါပြီ။

"ရှုံ့စရာကောင်းတဲ့လူတွေ၊ သူတို့ကိုယ်သူတို့ ဘာထင်နေတာသလဲ"

"ရှင်လွန်တယ်လို့ထင်တယ် ဗလီညာ"

ဟု မဟေသီက ပြောလာချိန်မှာတော့ သူမရဲ့ဒေါသက မဟေသီဆီ ကူးပြောင်းသွားရပါသည်။

"လွန်တယ်, ဟုတ်လား?"

"သူတို့က ရုပ်ချောတယ်၊ ဉာဏ်ကောင်းတယ်၊ ကြည့်လိုက်တာနဲ့ကို သူတို့ဟာ သိပ်ကိုချမ်းသာမှန်းသိသာတယ်။ ဒီလောက်ပြည့်စုံနေတဲ့လူတွေက မာနမကြီးဘဲနေမလား"

"ဟုတ်တယ် ဗလီညာ၊ ရှင်လျောင်ပြောင်တာတွေကို ဘာမှမပြောချင်ပေမယ့် ဒီကိစ္စမှာတော့ ရှင်လွန်တယ် ဗလီညာ"

"ဘာ!"

www.burmeseclassic.com

www.burmeseclassic.com



"ရိုင်းနင်က သိပ်နာမည်ကြီးတဲ့လူပဲ။ အခုမှသိတဲ့ရိုင်းနင်ကို
ရိုင်းနင်လိုလူကို ရှင်ဒီလိုပြောတာရှင်လွန်တယ်"

ဟု သူမကိုအမျိုးမျိုးဝေဖန်နေသူတွေကို သူမ အံ့ဩလွန်း၍
မမှိတ်မသုန်စိုက်ကြည့်နေဖြစ်ခဲ့ပါသည်။

"ဒါနဲ့ ရိုင်းနင်နဲ့ဘွန်ဖိုင်က သိပ်ကိုရင်းနှီးပုံရတယ်နော်"

"သူငယ်ချင်းတွေထင်တယ်"

"အံ့ဩစရာပဲနော်၊ ငါတို့က အထက်တန်းကတည်းက အတူတူ
ပဲကို။ ရိုင်းနင်ကိုဘာလို့မသိရတာလဲ"

"သူဌေးသားနဲ့ နာမည်ကြီးအဆိုတော်သိတာ. . . အဆန်း
မဟုတ်တာဘဲ"

"နာမည်ကြီးအဆိုတော်မို့ သူဌေးသားမို့ ရှင်တို့က ငါ့ကို အ
ဒီလောက်ထိ ဝေဖန်ကြတာပေါ့"

ဟု နာကျင်နေသောနှလုံးသားကိုအရင်းခံကာ အေးစက်သော
လေသံနှင့် တစ်လုံးချင်းဆိုလိုက်လျှင် ကျန်သူငယ်ချင်းများမှာ သူမကို
နားမလည်နိုင်စွာကြည့်လာခဲ့ကြပါသည်။

"တကယ်တမ်းကျတော့ သူငယ်ချင်းဆိုတဲ့ဝေါဟာရရဲ့အနောက်
မှာ ဂုဏ်ပကာသနက အလုံးလိုက်အရင်းလိုက် ပါနေတာပါလား"



"ဗလီညာ"

"ရှင်တို့နဲ့ငါနဲ့ခင်မင်ခဲ့ကြတာ ခုနစ်နှစ်ပါ။ အခု ခုနစ်စက္ကန့်
နဲ့ပြတ်တယ်"

"ဗလီညာ"

ခေါ်လိုက်ပေမယ့် ကျောခိုင်းသွားသော ဗလီညာရဲ့ကျောပြင်
က သူမတို့အုပ်စုကိုနှုတ်ဆက်သွားခဲ့ပါပြီလေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

''အဲ့ဒီကောင်မလေးက ဘယ်သူလဲ ဘွန်ဗိုင်''

''မင်း ဒေါသမပြေသေးသလို ငါကလည်း ခုချိန်ထိ စိတ်တို နေတုန်းပဲ''

''ဘလိုင်းကြီးသက်သက် လာဝင်ခွပ်နေတာ။ အဲ့လိုမိန်းကလေး မျိုးကို ငါတစ်ခါမှမတွေ့ဖူးဘူး။ အကြောင်းမဲ့သက်သက် ဇာတ်လမ်း ထွင်တာဆိုလည်း ဒီလိုပုံမျိုးက ရင်ခုန်ဖို့မကောင်းဘူး''

''ဇာတ်လမ်းထွင်တာမဟုတ်ဘူး။ အဲ့ဒါ သူ့စရိုက်ပဲ''

''ဘာ! ''

www.burmeseclassic.com

www.burmeseclassic.com

"ဗလီညာ. . . ဗလီညာဆိုတာ သူပဲ"

ထိုအခါမှာတော့ ရိုင်းနင်မှာ ပြုံးလိုက်မိ၏။ သူ့အာရုံထဲတွင် ဆံပင်ကျောလယ်ခန့်နှင့် ပိန်သေးသေးကျောပြင်ကို ဖျတ်ခနဲပြေးမြင်မိသွား၍ပါ၏။

"ငါအောင့်အီးသည်းခံလာတာ တော်တော်ကြာပြီပဲ"

"ဘာကြောင့် သည်းခံရတာလဲ။ သည်းခံတတ်တာ မင်းအကျင့်မှမဟုတ်တာ"

"ဘာမှအရေးမပါတဲ့ အပေါစားကိစ္စတစ်ခုနဲ့ ခပ်ပေါပေါမိန်းကလေးနဲ့ ခပ်ကြောင်ကြောင် စကားမများချင်လို့ပေါ့ကွ။ သူက ဒီအဆင့်ထဲက ဆိုပေမယ့် ငါတို့အတွက်တော့ သိက္ခာကျတယ်"

"ဒါဆို ယောက်ျားလေးအိမ်သာထဲပြေးဝင်ပြီး ဝိတ်လျှော့တာလည်း သူပေါ့"

"အင်း"

"မင်းပဲပြောပြတယ်လေ။ မင်းအိမ်သာတက်နေတဲ့တံခါးကို တအားဆွဲဖွင့်တယ်လို့"

"အား, ရှက်လိုက်တာ"

"ဒီမိန်းကလေးဟာ မင်းပြောသလိုပဲ အရှုပ်ထုပ်ထင်တယ်"



"သူနဲ့တစ်ရက်တွေ့ရင် ဆယ်ရက်လောက် အသက်တိုချင်တယ်။ အတင်းပြောကလည်း ချန်ပီယံပဲ။ ရွှေတံဆိပ်တွေ၊ ခါးပတ်နက်တွေရှိခဲ့မယ်ဆို အဲ့ဒါ သူပိုင်ပစ္စည်းပဲနေမှာ"

"ဘာ"

"မှို့ချိုးမျှစ်ချိုးနဲ့ ကုတ်ကနေ ဟောဒီလိုကိုင်ပြီး သွားကြားထိုးပစ်လိုက်ချင်တာ"

"ငါဘာကူညီရမလဲ"

"ဘာကြောင့်လဲ"

"ငါလည်း တော်တော်တင်းသွားခဲ့တယ်လေ"

"ဗလီညာကိုအသေသတ်တဲ့နည်းသာ အွန်လိုင်းမှာ တင်ရောင်းထားရင်တော့ ဘယ်လောက်ဖြစ်ဖြစ် ဝယ်ပစ်မယ်"

"အသေသတ်တဲ့နည်း? "

"လူတွေကိုထပ်ပြီး မလှောင်ရဲတော့အောင် ပညာပေးပစ်ချင်တယ်"

"နည်းရှိတယ်"

"ဟမ်း"

"ငါ့မှာ နည်းရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com


ဟုပြောကာ ဘွန်ဖိုင်ကိုစိုက်ကြည့်ပြီး. . .

''လူပုံအလယ်ရောက်ရင် ဖက်သာနမ်းပစ်''

''ဘာ. . . ငါက''

''အင်းလေ, ဒီလို''

ဟုဆိုကာ လက်ဟန်ခြေဟန်ပါပြလိုက်လျှင်. . .

''မဖြစ်ဘူး. . . တခြားနည်းပြော''

''မင်းပဲအသေသတ်တဲ့နည်းဆို၊ အသေသတ်ဆိုရင် ဒီတစ်နည်းပဲရှိတယ်''

''ငါမလုပ်ချင်ဘူး''

''ငါက လူသိများတဲ့လူဖြစ်နေလို့ နို့မဟုတ်လိုကတော့ နှုတ်သီးကောင်းလျှာပါးနဲ့ အဲ့ဒီမိန်းကလေးကို ကောင်းကောင်းအရှက်ခွဲတယ်''

''အရှက်ခွဲတယ်?''

''အင်းလေ၊ အဲ့ဒီမိန်းကလေးနဲ့ လက်သီးချင်းဆွဲထိုးရမှာလား။ သိက္ခာကျလွန်းတယ်။ ဖိုနဲ့မ, ကွာဟနေတာကိုး''

''ဒါဆို''

''ဆိုရိုးစကားတစ်ခုရှိတယ်။ မိန်းကလေးတွေက အရှက်နဲ့လုလုပ်တာတဲ့။ အရှက်ကွဲတဲ့မိန်းကလေးဟာ ဒီကမ္ဘာပေါ်မှာ အသက်ရှင်ချင်ပါဦးမလား''

''အဲ့လိုလုပ်လိုက်ရင် သူက အရှက်ကွဲမှာလား''

''မကွဲဘဲရှိမလား။ လူပုံအလယ်မှာ ဆွဲပြီးနမ်းပစ်လိုက်။ ပြီးရင် ဘာမှမဖြစ်သလို မသိချင်ယောင်ဆောင်ပြီးထွက်လာခဲ့။ အလွန်ဆုံး ဒီမျက်နှာကိုထပ်မမြင်ရမှ နောက်နှစ်ကြိမ်ပဲ''

''မင်း ဒီမိန်းကလေးကို တော်တော်မုန်းသွားပုံရတယ်''

''ငါ မင်းကိုကိုယ်ချင်းစာသွားတယ်''

''တာလို့လဲ''

''ခါတိုင်းတော့ မင်းရဲ့စကားကို ငါက နားထောင်ရတာ ပျင်းလွန်းလို့။ ပြောမယ့်ကြံဖူးမှသိဆိုတာ သိပ်မှန်တယ်။ စပ်ခါးခါးနဲ့ တော်တော်ခံရဆိုးတာ၊ ယောကျ်ားချင်းဆို ဆွဲထိုးပစ်လိုက်ပြီ''

''မဆိုးပါဘူး အဖော်ရလာပြီ''

''ဒါပေမဲ့ အဲ့ဒီမိန်းကလေးက ချစ်စရာလေးနော်''

''ရှိုင်းနှင်''

''သူနဲ့အင်ထရိုသာကောင်းပြီး အဝင်လှခဲ့မယ်ဆိုရင် ငါ အဲ့လိုမိန်းကလေးနဲ့တွဲချင်တယ်။ မျက်လုံးက တောက်ပြီး ကြည်နေတယ်လေ''

''ရှိုင်းနှင်''

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ကိုပြောတာ၊ သေသေချာချာသာ သုံးသပ်ကြည့်ရင်တော့ ဒီမိန်းကလေးဟာ အပျိုစင်မိန်းကလေးဖြစ်ရမယ်"

"ဘာလို့လဲ"

"ယင်ဖိုတောင် မသန်းသေးဘူးဆိုတာပေါ့ကွာ"

"ဘာကိုကြည့်ပြီး ပြောတာလဲ"

"သူ့မျက်လုံးက အရိုင်းလေးဖြစ်နေလို့ပေါ့"

"မင်းကြိုက်မလို့လား"

"အဝင်သာလှခဲ့ရင်တော့ ကြိုက်ရင်ကြိုက်မှာပေါ့။ ငါက အဲ့ဒီ မိန်းကလေးမျိုးနဲ့တွဲချင်တာ။ အသစ်အဆန်းပေါ့။ အထာနပ်နေတဲ့ ... တွေချည်းနဲ့ပဲဆိုတော့ ရိုးအီနေပြီ"

"ဒီနေ့ တော်တော်အာရုံနောက်တယ်။ မနက် အိမ်ကထွက် ... ကတည်းက မင်္ဂလာမရှိတာ။ အဲ့ဒီကျက်သရေမရှိတဲ့ မိန်းကလေးနဲ့ အဆုံးသတ်တော့တယ်"

"မနက်က"

"ငါ့ဖိနပ်ကို မတိုက်ထားဘူးလေ။ ဖုန်မှုန့်ကပ်နေတာ၊ ငါဘာ... လိုစီးမှာလဲ။ ဆန္ဒမရှိလို့ မပြောဘဲထွက်လာတာ"

"မင်းဆီမှာ အဲ့ဒီတစ်ရံပဲ ရှိနေတာမှမဟုတ်တာ။ အဲ့ဒါမတို့ ... သေးရင် တခြားဟာစီးပေါ့"



"သူတို့ကိုလခပေးပြီး အလကားတင်ကျွေးထားရမှာလား"

"အဲ့တော့"

"ကြပ်ကြပ်မတ်မတ်ကိုင်တွယ်ရမယ်"

"ဒါကြောင့်ထင်တယ်၊ ငါတို့သုံးယောက်ထဲမှာ မင်းကို သူတို့ ... သနကြတယ်"

ဟု ညည်းတွားလိုက်တဲ့ရိုင်းနင်ရဲ့စကားကို သူ မကြားလေ ... ဆန် ပြုထားလိုက်ပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

BURMESE CLASSIC

''ဗလီညာ''

ထိုသို့ခေါ်သံကိုကြားတာနှင့်ကို သူမ စားထားတာတွေအတွက် [illegible]ဆံကို စားပွဲပေါ်မှာတင်ပြီး ထလာခဲ့ပါသည်။

''ဟူး. . . မလွယ်ဘူးဆဲ''

''သူတော်တော်စိတ်ဆိုးသွားပုံရတယ်''

''ငါတို့လည်း သူ့ကြောင့် သိက္ခာမရှိတဲ့လူတွေ ဖြစ်ကုန်ပြီ''

''တော်ပြီဟာ၊ နောက်လိုက်မခေါ်နဲ့စို့''

''ဟုတ်တယ်၊ ငါတို့ဒီလိုလုပ်နေတာ ငါးရက်ရှိပြီ''

www.burmeseclassic.com

www.burmeseclassic.com



''သူက အားမနာပါးမနာကို ငါတို့လာရင် ထ,ထသွားတာ ဘာအချိုးလဲ။ သူ့ကိုမခင်ရလို့ ငါတို့ဘာမှမဖြစ်သွားပါဘူးဟယ်။ ငါ ဟာသာပဲ နေကြရအောင်''

''မျက်ခုံးမလှုပ်ရတော့ပါဘူးပေါ့''

''ဟုတ်တယ်ဟ။ ဗလီညာနဲ့ပေါင်းရတာက ဘယ်နေ့ ခေါ် ပေါက်မလဲ၊ ဘယ်နေ့ ရဲစခန်းရောက်မလဲလို့ ပူပန်ရတာဖြင့် ခေါင်း ကျိန်းကျိန်းပဲ''

''သူများအတင်းပြောရင်လည်း မကြားအောင်မပြောဘူး။ ကြ အောင်ပြောတဲ့အကျင့်က ပိုဆိုးတာ''

''အေးဟယ်၊ မခင်လေကောင်းလေပေါ့။ ငါတို့ သူ့ကိုပြော ဘာအမှားပါလို့လဲ''

''တို့အဖွဲ့ထဲမှာ သူမရှိတော့တာလည်း ကောင်းပါတယ်''

''ဟုတ်တယ်။ အဲဒါမှ ရိုင်းနင်ရဲ့အကြောင်းကိုလွတ်လွတ် လပ်ပြောလို့ရမှာ''

''ငါစဥ်းစားနေတာ၊ ရိုင်းနင်နဲ့ဘွန်ဖိုင်ရဲ့အကြောင်းကို''

''ငါရောပဲ၊ မာနကြီးတဲ့ဘွန်ဖိုင်က ရိုင်းနင်ကိုတော့ ရင်းနှီး သလိုပဲနော်''



''ငါမှတ်မိသလောက်တော့ ဘွန်ဖိုင်ရဲ့ပထမဆုံးသူငယ်ချင်း ပဲတယ်''

''ဘွန်ဖိုင်က တော်တော်မာနကြီးတယ်နော်၊ ပြုံးရောပြုံးတတ် သွားပဲ''

''စာတော်တဲ့လူတွေက အဲ့လိုပဲဟဲ့''

''ငါအံ့ဩတာတစ်ခုရှိတယ်''

''ဘာလဲ''

''ဘာသာစုံဂုဏ်ထူးနဲ့ သင်္ချာကိုးဆယ့်ရှစ်မှတ်ရခဲ့တဲ့ ဘွန်ဖိုင် ဘာလို့ ဆေးကျောင်းမတက်တာလဲမသိဘူးနော်''

''ချမ်းသာတဲ့လူက စီးပွားရေးပဲလုပ်မှာပေါ့ဟဲ့။ ဆေးထိုးအပ် ယ်ကိုင်မလဲ''

''ဘွန်ဖိုင်က တကယ့်ကိုစိတ်ဝင်စားစရာပဲနော်။ ဟိတ်ဟန် ပြည့်ရှိတယ်။ စိတ်ကူးယဥ်ချင်စရာကြီး''

''ယဥ်မနေနဲ့အမိ၊ ခံစားသွားရမယ်။ ဟိုက ရှင့်ဘက်ကို အီး အောင် လှည့်ပေါက်မှာမဟုတ်ဘူး''

''ငါ နံမှာစိုးလို့နေမှာပေါ့''

''မဟုတ်ဘူး။ သူ့အီးကို ရှင်ရှူလိုက်မှာစိုးလို့လေ''

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား. . ."

"ယုတ်မာတာ"

"အစောထဲက စိတ်ဝင်စားနေတဲ့ဘွန်ဖိုင်ရဲ့အကြောင်းကို ငါ ပိုပြီးစိတ်ဝင်စားလာပြီ"

"ဘာလဲ၊ ရှင့်အသည်းကျော် ရိုင်းနှင်နဲ့ပတ်သက်နေလို့လား"

"ညှော်ခံပွဲတွေ သိပ်တက်လေ့မရှိတဲ့ရိုင်းနှင်၊ အင်တာဗျူး တောင် တိတိကျကျအဖြေမပေးတဲ့ရိုင်းနှင်ကို ငါတင်မကဘူး၊ အား က စိတ်ဝင်စားနေကြတာပဲ၊ သူက ပေါ့ပ်စတားလေ"

"ဟုတ်တယ်နော်၊ ငါ ရှင်တို့ကို ရယ်စရာပြောရဦးမယ်၊ တစ်လောက ဂျာနယ်တစ်ခုမှာ ရိုင်းနှင် ဘယ်လိုဖြေထားတယ်မှတ်လဲ"

ဟုဆိုကာ တံတွေးမြို့ချလိုက်ပြီး. . .

"ရိုင်းနှင်ချစ်သူက ဘယ်လိုမိန်းကလေးမျိုး ဖြစ်နိုင်သလဲ မေးတော့ သူ ဘာပြန်ဖြေတယ်မှတ်လဲ၊ လောကထဲက မိန်းကလေး အားလုံးက ချစ်စရာကောင်းပါတယ်တဲ့၊ ဘယ်လောက်ထိချစ်စရာကော တဲ့အဖြေလေးလဲ"

"ဟုတ်တယ်၊ ငါလည်းဖတ်မိတယ်၊ အဲ့ဒီမှာ ရိုင်းနှင်အကြို ဆိုးအစားအစာလို့မေးတော့ သူ့အဖြေက ခပ်ဆန်းဆန်းပဲ၊ အဆိပ်မဟု



ရင် အကုန်ကြိုက်တယ်တဲ့"

"ငါကတော့ ရိုင်းနှင်ကို အပြုံးလေးလှလို့ကို ကြိုက်တာ"

"ဟုတ်တယ်နော်၊ သူ့အပြုံးက လူတစ်ယောက်ရဲ့နှလုံးသား ကို စိုးမိုးနိုင်တယ်"

"အံ့သြစရာပဲ၊ ဒီလောက်အပြုံးဘုရင်နဲ့ ပြုံးရမှာ သေမလောက် စိုးရိမ်တဲ့လူနဲ့ သူငယ်ချင်းဖြစ်တာ အံ့သြလို့မဆုံးဘူး"

"ဟဲ့၊ ရှေ့ပြောနောက်ကြည့်တဲ့၊ ဟိုးမှာ ဘွန်ဖိုင် လာနေပြီ"

"ချောလိုက်တာနော်၊ ဘယ်လိုမိတ်ကပ်မျိုးက ဘာစားပြီး မွေးထား သလဲမသိဘူး"

"ဟွန်း. . . အခုမှပဲ လွတ်လွတ်လပ်လပ်ချီးကျူးခွင့်ရတော့ တယ်"

"ဗလီညာဆိုရင်တော့ ဘာပြောဦးမလဲမသိဘူး"

သူ့အကြောင်းပြောနေတာပဲဆိုတာ သိနေတော့၊ ထိုအုပ်စုကို မမြင်လေဟန်ဆောင်ပြီး ဖြတ်ကျော်လာခဲ့ပေမယ့် မျက်နှာတွင်းက စဉ်း စားမိလိုက်ပါသည်။

ဒီအုပ်စုကို သူသတိထားမိနေသည်မှာ ကြာပါပြီ။

သူ့ကိုယ်သူလည်း အံ့သြမိပါသည်။ ဘာကိစ္စကြောင့် တခြား

www.burmeseclassic.com

www.burmeseclassic.com



လူတွေကိုသတိပြုမိနေရတာလဲဟု သူ့ကိုယ်သူစိတ်ဆိုးချင်နေမိပေမယ့် ထိုအဖွဲ့က ထူးဆန်းနေတာတော့အမှန်ပါပဲ။

သူနှင့်နောက်ဆုံးပြသနာဖြစ်ပြီးတဲ့နေ့ကစ၍ ထိုအဖွဲ့ထဲက အဖွဲ့ဝင်ဖြစ်သော ဗလီညာကို မတွေ့ရတော့ခြင်းပါပဲ။

ဘာဖြစ်တာလဲ၊ ဘယ်ရောက်နေတာလဲဟု မမြင်ရသော်လည်း သူ၏ထိုရန်သူလေးကိုတော့ သတိရမိသားပင်။

သို့သော် ကောင်းသောသတိခြင်းမျိုးတော့မဟုတ်ပါ။ သူမသာ ခုလိုရုတ်တရက်ပျောက်သွားတာ ကလဲ့စားမချေရလေခြင်းဆိုတဲ့နာကြည်းမှုမျိုးနှင့်ပါ။

ခံခဲ့ရတာတွေ သိပ်ကိုများနေခဲ့တဲ့သူက သူမကိုသာ တစ်ခုခု မလုပ်ရဘူးဆိုရင် သူဘယ်လိုမှကျေနပ်နိုင်မည်မဟုတ်ပါ။

သူက မာနကြီးပြီး သီးသန့်ဆန်တဲ့လူပဲ။ ထိုစိတ်မျိုး ရှိတာတော့ မဆန်းလှပါပေ။ ဆန်းတာက သူမပင်။ အမြဲစကားကိုပွက်လောရိုက်အောင်ပြောနေတတ်တဲ့သူမက ဘယ်များပျောက်နေရတာလဲ။

သူက တွေးဆဆနှင့်လျှောက်လာမိရာ အမှတ်တမဲ့ဆိုသလိုပင် အပင်ကြီးအောက်တွင် အရိပ်တစ်ခုကို ဖျတ်ခနဲတွေ့လိုက်ရပါသည်။

ငြိမ်သက်နေသောပုံရိပ်ကြောင့် သူမျက်စိများ အမြင်မှားတာ



သားဟု နောက်တစ်ခါသေချာအောင် ပြန်ကြည့်လိုက်တော့ ဟုတ်ပါ ဘယ်, သူမပါပဲ။ သူစိတ်ဝင်စားသွားမိပါသည်။

ဘာလုပ်နေတာလဲ။ ခါတိုင်း ဒီလိုနေတတ်တဲ့မိန်းကလေးမှ မဟုတ်တာ။ သူ့ရည်းစားပစ်သွားလို့ ငိုင်နေတာလားဟု တွေးပစ်မိပါသည်။

ပစ်မှာပေါ့။ လူတိုင်းကို အဆိုးမြင်ဝါဒနဲ့ကြည့်နေမှတော့ ပစ်သားတာတောင် နည်းသေးတယ်ဟု တွေးပစ်မိပါ၏။

BURMESE CLASSIC

သူ့ကိုတွေ့ရင် အမြဲလှောင်နေကျသူမက ခုတော့ သူ့ကိုပင် တွေ့သလို ဂရုမထားမိသလိုနေ၍ သူ့စိတ်ထဲက တစ်မျိုးကြီးတော့ ဖြစ်မိသားပင်။

သို့သော်လည်း ဒီလိုဖြစ်သွားတာ ပိုကောင်းပါတယ်ဆိုသော အနှင့် သက်တောင့်သက်သာပင် နေပြလိုက်သေး၏။

အတန်းချိန်မှာလည်း ထူးခြားစွာ တည်ငြိမ်နေသည့်သူမကို သူသတိထားမိပါသည်။

အုပ်စုနှင့်နေနေကျသူမက အခုတော့ တစ်ယောက်တည်းပင် နေပြီး အရယ်အပြုံးမရှိသဖြင့် ဘာလဲဆိုတာကိုပဲ ဆင့်ကာဆင့်ကဲတွေး နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘွန်ဖိုင်"

ဟူသော သိပ်ကိုအလွတ်ရနေသည့်အသံကြောင့် လှည့်မကြည့်ပါဘဲနဲ့ ရှိမိုင်လာပဲဆိုတာ သိလိုက်ပါသည်။

ရှိမိုင်လာက ထူးထူးဆန်းဆန်း သူ့ဆီလာ၍ပါလား။

"အံ့သြရင်လည်း အံ့သြတယ်ပေါ့။ အချင်းချင်း ဘာကြောင့်ဟန်ဆောင်ဖုံးဖိချင်နေရတာလဲ"

"ရိုင်းနင်ထက် မင်းက ငါ့ကိုပိုအလွတ်ရတယ် ရှိမိုင်လာ"

"မင်းရဲ့ဖုန်းကို ဆက်လို့မရဘူးပြောတယ်"

"ဩော်, အတန်းချိန်မို့ ပိတ်ထားတာ"

"ခါတိုင်းတော့ မပိတ်ပါဘူး"

"ငါ့ဖုန်းကို ရိုင်းနင်,ဆက်နေတာလား"

"အင်း"

"ဘာကိစ္စလဲ"

"ငါလည်းမသိဘူး။ ကျောင်းမှာက လူစုံလို့ သူမလာဘူး"

"အဲ့ဒါကြောင့် မင်းလာခဲ့တာပေါ့"

"ဒီကောင် ဘာတွေထွင်ပြန်ပြီလဲမသိဘူး။ ငါတို့ကို အံ့ဩဖြတ်နိုင်းမယ်လို့ပြောတယ်"



"သူ့စီးရီးအသစ်အတွက် နေမှာပေါ့"

"ခါတိုင်း ဒါ ငါ့ကိုမှမတိုင်ပင်တာ"

"မတူဘူးလေ၊ အခုစီးရီးကို သူ တော်တော်မှန်းထားတယ်ထင်တယ်။ ဘန်ကောက်မှာတောင် သွားရိုက်မယ်လုပ်နေတာ"

"လုပ်သင့်ပါတယ်။ ရလဒ်ကြီးလေ, ရင်းနှီးမြှုပ်နှံရလေပေါ့"

"မင်းရဲ့ပြပွဲရော"

"လာမယ့်အပတ်ထဲလောက်ဖြစ်မယ်။ ဖွင့်ပွဲမှာ မင်းနဲ့ရိုင်းနင်ရှိရင်ကောင်းမယ်"

"ဒယ်ဒီနဲ့မာမိက ဖဲကြိုးဖြတ်ဖို့ ပိုသင့်တော်တယ်"

"ဒီလောက်အလုပ်များတာ"

"မင်းရဲ့ပွဲကို သူတို့လျစ်လျူမရှုပါဘူး။ ငါနဲ့ရိုင်းနင်က လက်ခုပ်တီးပေးမယ်လေ"

"အကောင်းဆုံးဖြစ်အောင်တော့ လုပ်ရမှာပဲ"

"ရိုင်းနင်ရဲ့ကိစ္စပြီးရင် သွားကြည့်မယ်လေ။ ငါလည်း အကြံပေးလို့ရတာပေါ့"

"ကောင်းသားပဲ"

ဟုဆိုကာ ထွက်သွားသောထိုနှစ်ယောက်ကို သူမ မျိုတ်မသုန်

www.burmeseclassic.com

www.burmeseclassic.com



အုံ့ညှိစွာပင် ကြည့်နေဖြစ်ပါသည်။

သူတို့နှစ်ယောက်က ဘာတွေလဲ။ စကားပြောသွားပုံအရဆို ညီအစ်ကိုလို့ယူဆလို့ရပါသည်။ ရိုင်းနင်လည်း စကားထဲမှာပါနေတော့ ရိုင်းနင်ကရော သူတို့နဲ့. . .

ဟာ! မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး။ အမြဲမောက်မာတဲ့ ဘွန်ဖိုင်၊ အမြဲအီစီကလီအပြုံးနှင့်ရိုင်းနင်က ဘယ်လိုလုပ် အဲ့ဒီလိုကြင်နာကျညီတတ်တဲ့သူနဲ့ ညီအစ်ကိုဖြစ်ရမှာလဲ။

သူ့မျက်နှာက မာန်မာနကင်းစင်ပြီး စာနာကူညီတတ်တဲ့ အေးအေးချမ်းချမ်းတည်တည်ငြိမ်ငြိမ်မျိုးပါ။ ဘွန်ဖိုင်နဲ့. . . ဟာ! လုံးဝမဖြစ်နိုင်ဘူးဟု စိတ်ထဲမှာပင် ငြင်းဆိုလိုက်ပါသည်။

ငြင်းဆိုနေရပေမယ့် အမှန်းတရားကိုလည်း ရင်ထဲကသိနေနှင့်သလိုလိုပင် ထိရှစွာခံစားရပါ၏။

တစ်ဆက်တည်းမှာလည်း ဘာကြောင့် အဲ့ဒီဖိနပ်ကိုယူသွားရသလဲဆိုတာ သဘောပေါက်သလိုလိုတော့ရှိလာပါသည်။

"ရှီမိုင်လာ၊ သူ့နာမည်က ရှီမိုင်လာကိုး"

ဟုသာပြောပြီး နှုတ်ခမ်းတွေက အချိုမြဆုံးပြုံးလိုက်မိပါသည်

## အခန်း (၁၃)

"ရိုင်းနင်, ငါတို့ မင်းရဲ့စတူဒီယိုရှေ့ ရောက်နေပြီ"

ဟုဖုန်းခေါ်ပြီးတာနဲ့ သိပ်မကြာခင်မှာပင် တံခါးမှာ အော်တိုမစ်တစ်ပွင့်သွား၍ သူတို့က ဝင်လာကြပါသည်။

ရှီမိုင်လာက အခန်းပတ်ဝန်းကျင်ကိုအကဲခတ်လိုက်ပြီး. . .

"ငါ ပထမဆုံးရောက်ဖူးတာပဲ"

"ငါတော့ ဒုတိယအကြိမ်မြောက်"

"ဘွန်ဖိုင်, ရှီမိုင်လာ"

ဟူသောလှမ်းခေါ်သံကြောင့် သူတို့လှည့်ကြည့်လိုက်ရာ နီညို

www.burmeseclassic.com



ရောင်အရည်ခွက်ကိုကိုင်၍ တံခါးကိုမှီရပ်နေသောရှိုင်းနှင်ကို တွေ့လိုက်ရပါသည်။

"ကိစ္စက ထွေထွေထူးထူးရှိပုံမရဘူး"

"ရှိတာပေါ့"

"အေးစက်နေတဲ့မင်းတို့နှလုံးသားတွေကို မီးမွှိုက်ပေးမလို့"

ဟုဆိုကာ သူတို့နှစ်ယောက်ရဲ့ပခုံးကိုဖက်လိုက်ပြီးမှ မှန်ကာထားသောအခန်းငယ်ထဲ ခေါ်လာခဲ့သည်တွင် မိန်းကလေးသုံးယောက်ကိုတွေ့လိုက်ရပါ၏။

"ဘယ်လိုလဲ၊ လှတယ်မဟုတ်လား"

ဟုပြောလိုက်ချိန်မှာတော့ ရှိမိုင်လာက သူ့ပခုံးပေါ်မှ ရှိုင်းနှင်ရဲ့လက်ကိုဖယ်ချကာ. . .

"ငါ စိတ်မဝင်စားဘူး"

"သူတို့ထက်လှတာ ခေါ်ပေးမယ်လေ"

"ရှိုင်းနှင်"

"လေသာဆောင်မှာ မဟုတ်ရင် စတူဒီယိုခန်းထဲမှာပဲ အချိန်ကုန်နေတဲ့မင်းက ဘောပင်ရယ်၊ စာရွက်ရယ် စုတ်တံရယ်ပဲ သိတယ်။ မင်းနှလုံးသားက အေးစက်နေပြီ ရှိမိုင်လာ။ နှလုံးသားက အေးစက်နေ



တော့ လူတစ်ယောက်ဟာ ဘာအဓိပ္ပာယ်ရှိဦးမှာလဲ"

"သူတို့က နှလုံးပူဆေးပေါ့"

"ဒါပဲ"

"အတုပါ"

"အတု"

"ငါ အတုတွေကိုမကြိုက်ဘူး ရှိုင်းနှင်"

"အစစ်ကရော ရှိလာမှာလား။ နောက်ဆယ်နှစ်ကြာမှလား။ အနှစ်နှစ်ဆယ်မှလား။ ဒါမှမဟုတ် ကမ္ဘာပျက်ချိန်မှလား"

"မင်းကိစ္စနဲ့မင်းပဲ ပူပါ"

ဟုဆိုကာ နောက်ပြန်လှည့်ကာ ထွက်လာတော့ ဘွန်ဖိုင်ပါ ရှိုင်းနှင်ရဲ့ပခုံးကိုပုတ်ပြီး ရှိမိုင်လာနောက် လိုက်လာပါသည်။

"ဘွန်ဖိုင်, မင်းရောလား"

ဟုရှိုင်းနှင်က ဆိုလာချိန်မှာတော့ သူက လက်ကာပြကာ ထွက်လာခဲ့ပါ၏။

"ဘယ်လိုကောင်တွေလဲ"

ထိုအခါမှာတော့ ရှိုင်းနှင်ဆိုသောအပြုံးဘုရင်မှာ မပြုံးနိုင်တော့ဘဲ ငူငူကြီးသာ ကျန်ရစ်ခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

''ဟော့. . .ဟော့''

''ဘာလဲ၊ ရေးကြီးသုတ်ပြာနဲ့''

ဟု မဟေသီက ပြောလိုက်လျှင် မိမိက. . .

''ရှင်တို့ကို သတင်းထူးပေးစရာရှိလို့''

''ဘာလဲ''

''ရှိမိုင်လား၊ ပန်းချီဆရာရှိမိုင်လာရဲ့တစ်ကိုယ်တော်ပြပွဲရှိတယ်''

''အယ်. ဟုတ်လား''

''ဒီနေ့ ဖွင့်ပွဲလုပ်မှာ''

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်မှာလဲ''

''...... မှာ''

''ဘယ်အချိန်လဲ''

''အဲ့ဒါတော့ မသိဘူး''

''ဟဲ့, အတန်းလစ်ပြီး သွားရအောင်''

''ဟားဟား. . . မြင်ဖူးတော့မယ်။ ငါက အဲ့ဒီပန်းချီဆရ မိုင်လာကို မြင်ဖူးချင်နေတာ''

''ဖွင့်ပွဲဆိုတော့ ဖဲကြိုးဖြတ်အမီ သွားရမယ်။ ဒါမှ ရိုမိုင်လ တွေ့ရမှာ''

''ပန်းချီဆရာဆိုတော့ နှုတ်ခမ်းမွေးနဲ့ ဆံပင်ရှည်ရှည်၊ အသ သုံးဆယ်ကျော်''

''မိန်းကလေးလည်း ဖြစ်နိုင်တာပဲ''

''မဖြစ်နိုင်ဘူး။ သူ့လက်ရာတွေက ဒီလောက်နိုင်မာပြီး ပြ သားနေတာ။ ဘယ်လိုလုပ် မိန်းကလေးဖြစ်နိုင်မှာလဲ''

''ငါတို့က သူ့ပရိသတ်ဆိုတော့ တွေ့တုန်းလေး သွားမိ ဦးမှာနော်''

''သူ့ပရိသတ်, ရယ်စရာကောင်းလိုက်တာ။ သူ့ပန်းချီကာ



ဘစ်ချုပ်မှတောင် ရှိမနေဘဲနဲ့''

''ဈေးကြီးတာကိုးဟဲ့။ ငါလည်းရချင်တာပေါ့''

''ကဲကဲ, စကားမများနဲ့။ အချိန်ရှိတုန်း လစ်မယ်။ တော်ကြာ င့်ချိန်ပါ မမီလိုက်ဘဲဖြစ်ဦးမယ်''

ဟုဆိုကာ ထိုအဖွဲ့က ထထွက်သွားတော့မှ ပန်းအိုးအကွယ် လေးမှ သူမက ထွက်လာခဲ့ပါသည်။

သူမ ပြုံးလိုက်မိ၏။

သူမလည်း ဘာကိုမှတွေတွေထူးထူးချဲ့ထွင်စဉ်းစားမနေတော့ ဘဲ ရိုမိုင်လာနဲ့တတိယအကြိမ်ဆုံတွေ့နိုင်ရန်အတွက် တက်တက်ကြွကြွ ထ်လာခဲ့ရာ ထိုအဆောက်အဦး၏ရှေ့အရောက်တွင်ပဲ အံ့ဩခြင်းကို ထပ် ပြီးအံ့ဩလိုက်ရပြန်ပါသည်။

အကြောင်းမှာ ရှေ့ဆင့်နောက်ဆင့်ထိုးရပ်လာသော ကားသုံး စီး၏ပိုင်ရှင်များကြောင့်ဖြစ်ပါသည်။

ပို၍အံ့ဩစရာကောင်းနေသည်က တူညီသောဖိနပ်တွေကြောင့် ဖြစ်၏။

ဆင်းလာသောခြေထောက်တွေကို မြင်မြင်ချင်းမှာပဲ သူမက ဘခြားကားတွေရဲ့နောက်မှာ ဝင်ပုန်းမိသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရပြောရပါလျှင် တစ်စုံတစ်ယောက်ကိုပုန်းတာ သူ့
အတွက် ဒါပထမဆုံးဖြစ်ပါသည်။

"တကယ်ပဲ ညီအစ်ကိုတွေလား"

အသံအစ်ကလေးနှင့် တီးတိုးပြောမိသွား၏။

"အီး, ရှက်စရာကြီး။ သြော်, ဒါကြောင့် ငါ့ဖိနပ်ကို ဘွန်ဖိုင်က
ချွတ်သွားတာကိုး။ ဟီး, ရိုင်းနင်ကိုအားနာစရာကြီး။ အား, ရှက်လိုက်
တာနော်။ ငါဘာတွေလုပ်နေတာလဲ။ သူတို့မှာ အဲ့လိုဖိနပ်အတူတူ
နေတာကို ငါက ဘယ်လိုလုပ်သိမှာလဲ။ အဲ့ဒါ ဘွန်ဖိုင်ကြောင့်ဖြစ်ရတာ
အဟဲ, ငါဝင်ရမလား။ မဝင်ရဘူးလား"

ဟုရှုတွေးဆဆနှင့် ကားတံခါးချပ်ကိုမှီ၍ စဉ်းစားနေလိုက်
သည်တွင် နောက်ကားတစ်စီးက ဆိုက်လာ၍ သူမက ဘာရယ်မဟုတ်
ကားတွေကြားမှ အမှတ်တမဲ့လှမ်းကြည့်လိုက်စဉ်မှာ သိပ်ကိုလှပသော
အမျိုးသမီးကြီးနှင့် သိပ်ကိုခမ်းနားသောအမျိုးသားကြီးတို့က ထိုကား
အနက်ရောင်ပေါ်မှ ဆင်းလာခဲ့သည်တွင်. . .

"အင်း, တော်တော်ချမ်းသာမယ့်ပုံပဲ"

ဟုတီးတိုးပြောကာ. . .

"ချမ်းသာတဲ့လူတွေက ဘာကြောင့် အဲ့လောက်ထိ ပါဝါ



ွတ်ပြချင်ရတာလဲ။ ကားတံခါးကို ကိုယ့်ဟာသာ ဖွင့်ဆင်းလည်း ဖြစ်သား
ကို သူများကိုဖွင့်စေသေးတယ်။ ထရိတ်လုပ်တာပဲ"

ဟုပွစိပွစိနှင့်အကျင့်အတိုင်းပြောလိုက်ရာ အဆောက်အဦးထဲ
မှ ထွက်လာသောထိုလူသုံးယောက်ကြောင့် ဘာမှထပ်ပြီး ပွစိပွစိမလုပ်
နိုင်လောက်အောင်ပင် ပါးစပ်အဟောင်းသားဖြစ်သွားရပါသည်။

"သူတို့တွေက တကယ်ပဲမိသားစုတွေလား"

ဟုပင် မယုံကြည်နိုင်စွာ ထပ်မံ၍ပြောမိသွားရပါသည်။

ပြီးတော့ သူမစိတ်ထဲမှာလည်း မသိမသာအားငယ်၍သွားခဲ့
ပါသည်။

ခါတိုင်းတော့ ဘွန်ဖိုင်ကို သူလိုကိုယ်လို ရန်စကားပြောနိုင်ခဲ့
ပေမယ့် အခုတော့ ဘွန်ဖိုင်နားမှာ ထင်ဟပ်နေခဲ့သောအရှိန်အဝါက
လန့်စရာကြီးမို့ ထိုအဆောက်အဦးထဲ မဝင်ရဲလောက်အောင်ကို ဖြစ်သွား
ရပါသည်။

အဲ့ဒါ နောက်ဆုံးမှရောက်လာတဲ့ထိုကားနက်ကြီးကြောင့်လား။
ဒါမှမဟုတ် သူမ၏မေတ္တာရှင်ကြောင့်လား။

ဘာကြောင့်လဲဆိုတာ အတတ်မသိပေမယ့် အင်အားကြီးမား
လှသောဘွန်ဖိုင်ရဲ့အရှိန်ကိုတော့ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူက မာနကြီးတာကိုး။ ချမ်းသာတဲ့မိဘရှိတယ် ပြီးတော့ နာမည်ကြီးတဲ့ရိုင်းနင်ရှိတယ်။ သိပ်တော်တဲ့ပန်းချီဆရာရှိတယ် သူကလည်း ဒီလောက်ဉာဏ်ကောင်းနေတာ။ ဟွန်း. . . မာနကြီးမှာပေ့ါ ဒါပေမဲ့ ဒီကောင်က ပိုလွန်းပါတယ်။ ပါဝါသိပ်ထုတ်လွန်းတယ်။ လူ‌တွေ ကို မတူသလိုမတန်သလိုနဲ့ အပေါင်းအသင်းမလုပ်ဘူး။ ဟူး ငါဘာ ကြောင့်ပုန်းနေတာလဲ။ သူတို့ချမ်းသာတာကို ငါက ဘာလုပ်ဖို့လဲ။ ဘာ ကြောင့်ကြောက်နေရမှာလဲ။ လောကမှာ ဥပဒေတွေရဲ့တွေ ရှိနေတာပဲ သူတို့ချမ်းသာလို့ရော။ ငါ့ကိုဘာလုပ်လို့ရမှာလဲ။ လုပ်ရဲလုပ်ကြည့်ပါလား ကုတ်ကကိုင်ပြီး သွားကြားထိုးပစ်မယ်။ သူတို့ကြောင့် ငါ့မှာ သူငယ်ချင်း တောင် ရှိတော့တာမဟုတ်ဘူး။ ငါ ရိုင်းနင်ကိုတစ်ခုခုပြောသင့်သလား တော်ပါပြီကွာ၊ ကြာကြည့်နဲ့ အကြည့်ခံနေရဦးမယ်။ ရုပ်ကိုက ပွေမယ့် ရုပ်နဲ့။ ရိုမိုင်လာပဲ ကောင်းတယ်။ မျက်လုံးက တည်ကြည်တယ်။ မျက်နှာ က ခန့်ညားတယ်။ နှုတ်ခမ်းတွေက ကြင်နာတတ်တယ်. . . အဟိ"

ရိုမိုင်လာအကြောင်းတွေးလိုက်စဉ်မှာတော့ သူမက တက်တက် ကြွကြွပင် ထရပ်ပြီး ထိုအဆောက်အဦးကြီးထဲသို့ဝင်လာခဲ့သည်တွင် ကြိုးဖြတ်တဲ့အစီအစဉ်မှာ ပြီးဆုံးသွား၍ ခန်းမတစ်ခုလုံးတိတ်ဆိတ်ပြီး ပန်းချီကိုခံစားသူနဲ့ ကပ်ထားသောကဗျာများကိုဖတ်သူနှင့် ကိုယ့်အား



ကိုယ် ဖြစ်နေကြပေမယ့် သူမကတော့ ပန်းချီများ၏သခင် ရိုမိုင်လာ ကို ရှာဖွေမိနေပါသည်။

"ကဲ. ငါတို့သားကြီး အောင်မြင်ပါစေလို့ ဒယ်ဒီဆန္ဒပြုပါတယ်"

"Thank you... ဒယ်ဒီ၊ မာမီရော Thank you... မအား ကြားက လာပေးလို့"

"ကဲ. ဒယ်ဒီတို့သွားမယ်နော်"

ဟုဆိုကာ ထွက်သွားသောအမျိုးသမီးကြီးနှင့် အမျိုးသားကြီး ကို ပြုံးပြနှုတ်ဆက်နေသူနားသို့ သူမက ကပ်လာကာ. . .

"ရှင်. ဟို. . ."

မိန်းမတို့၏စရိုက်အတိုင်း မသိချင်ယောင်ဆောင်တတ်သည် ကို သူမလည်း တတ်မြောက်ထားပါသည်။

"သြော်. မင်းပဲ"

"ရှင် ကျွန်မကိုမှတ်မိတယ်နော်"

"ပန်းချီတွေကိုစိတ်ဝင်စားလို့လား"

"ကျွန်မက ရိုမိုင်လာရဲ့ပရိသတ်ပါ"

"သြော်. ဒီလိုလည်း ရှိတယ်နော်"

"ကျေးဇူးတင်ပါတယ်။ အဲ့ဒီနေ့က ရှင့်ကိုကျေးဇူးတင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မပြောလိုက်ရဘူး"

"ရပါတယ်။ ကိုယ်က ကျေးဇူးတင်မခံချင်ပါဘူး။ အဲ့ဒီကျေး က လူတစ်ယောက်ရဲ့ဘဝကို ဘာမှပြောင်းလဲမှုမှမဖြစ်စေတာဘဲကို"

"ရှိမိုင်လာ. ငါတို့ပြန်. . . ဟင်! ဗလီညာ"

စကားမှာ တစ်ပိုင်းတစ်စနှင့်ရပ်သွားပြီး ထွက်ပေါ်လာေ မျက်နှာတစ်ခုကြောင့် သူမမှာ ဦးနှောက်ခြောက်သွားရပါသည်။

ထိုအချိန်မှာပဲ သူတို့နားသို့ ရိုင်းနင်ပါ ရောက်လာကာ. .

"ဒီမျက်နှာကို မြင်ဖူးပါတယ်"

"ဘာမှဟန်ဆောင်မနေနဲ့"

ဟုသူမက ဟန်လုပ်ပြီး ပဲများနေသောရိုင်းနင်ကို အမြင် ကပ်နှင့်ပင် ခပ်တည်တည်ပြောလိုက်ပါသည်။ သို့သော် ရိုင်းနင်ရဲ့အ တွေက ပျက်မသွားပါဘဲ. . .

"ထူးဆန်းတဲ့ရေစက်ပဲ၊ မင်းက ရှိမိုင်လာနဲ့လည်းသိနေတယ် ဟား. . . ဘာတွေဖြစ်ကုန်ပြီလဲ"

"ကျွန်မက ရှိမိုင်လာနဲ့ပဲ သိတာပါ။ တခြား ဘယ်သူနဲ့မှ ဘူး။ ရှိမိုင်လာ, ကျွန်မကိုခွင့်ပြုပါဦး"

ဟုသာဆို၍ ရှိမိုင်လာတစ်ယောက်တည်းကိုသာ နှုတ်ဆက်



ထွက်သွားသောသူမကြောင့် ဘွန်ဗိုင်ရော သူပါ အောင့်သက်သက်ကြီး ကျန်ရစ်ခဲ့ရပါသည်။

"ဘာအချိုးလဲ"

"ဘာပုံစံလဲ"

"ဟား ဟား ဟား. . ."

ရှိမိုင်လာက ထရပ်လိုက်သည်တွင် ရိုင်းနင်ရော ဘွန်ဗိုင်ပါ ရှိမိုင်လာကိုတအံ့တသြနှင့်. . .

"ဘာလဲ"

"မင်းတို့နှစ်ကောင်ရဲ့ဆရာ ပေါ်သွားလို့ပါ"

"ဆရာ? "

"ဘာ,ဆရာလဲ၊ အဆင့်မရှိဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ မင်းတို့နှစ်ယောက်လုံး ဒီလိုဆက်ဆံခံရ တာ ပထမဆုံးပဲမဟုတ်လား"

"ရုပ်ကမလှဘဲနဲ့၊ ဖိနပ်တိုက်တောင် မခိုင်းချင်ဘူး"

"ခိုင်းရင်လည်း ဟိုက လုပ်မှာမှမဟုတ်တာ"

"ရှိမိုင်လာ မင်းဘာဖြစ်နေတာလဲ။ ဘာကြောင့် ငါတို့ကိုကျေ နပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒီမိန်းကလေးကို ဂုဏ်ပြုတာပါကွာ။ မင်းတို့နှစ်ယောက်လုံးကို နိုင်သွားလို့လေ။ ဗလီညာနော်၊ သူ့နာမည်က ဗလီညာ။ ဒါနဲ့ မင်းက ဘယ်လိုသိတာလဲ ဘွန်ဗိုင်"

"အထက်တန်းကတည်းက"

"ဩော်, မင်းစိတ်တိုတိုပြီး ပြန်လာခဲ့ရတဲ့ မိန်းကလေးလား"

"ဘာလဲ၊ မင်းစိတ်ဝင်စားလို့လား ရိုမိုင်လာ"

"အင်း, ဆိုပါတော့"

"ဘာ, ဆိုပါတော့လဲ"

"ဒါနဲ့ ဘွန်ဗိုင်ကတော့ ထားပါတော့၊ ရိုင်းနင်ကရော ဘယ်လိုသိနေတာလဲ"

"ဒီလိုကမောက်ကမမိန်းကလေးနဲ့. . . အဆင့်ရှိရှိတွေ့ပါဦးမလား။ ဆက်ဆံရေးကတော့ ကွာခြားတယ်။ ငါတို့နဲ့မင်းနဲ့"

"မဆိုးပါဘူး ပြုံးကြောင်ကြောင်လေးပါ။ ချစ်စရာလေး"

"ချစ်စရာလေး?"

"အင်း"

"မင်း, ရူးရင်ရူး။ မရူးရင် ငါတို့နားပင်းနေလို့ပဲဖြစ်ရမယ်"

"ဝါးခြမ်းကွဲကို ခမောက်ဆောင်းထားတဲ့ရုပ်ကို တကယ်အံ့သြ



တယ်"

"ဒီလောက်ဆိုရင် ငါသဘောပေါက်လိုက်ပြီ"

ဟူ၍ အစမရှိအဆုံးမရှိပြောလာသော ရိုမိုင်လာ၏စကားကို သူတို့နှစ်ယောက်က တစ်ပြိုင်နက်ပင်. . .

"ဘာလဲ"

"ဘာပဲဖြစ်ဖြစ် အခုငါတို့သုံးယောက်လုံးရဲ့အချိန်ကို အဲ့ဒီမိန်းကလေးက ဆယ့်ငါးမိနစ်လောက် စားသွားပြီလေ"

ဟု အမှန်တရားကိုပြောလိုက်ချိန်မှာတော့ အားလုံးမှာ ထောက်ခံပြုံးကြီးနှင့်. . .

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"မေမေ, သမီးကိုမုန့်ဖိုးပေးဦး"

"ဟိုနေ့ကပဲ ငါးထောင်ပေးထားတယ်လေ၊ ကုန်သွားပြီလား"

"မေမေရယ် ဒီငါးထောင်နဲ့ ဒီခေတ်ကြီးထဲမှာ ဘာလို့အကြာကြီးသုံးရဦးမှာလဲ"

"အခုတလော အလုပ်အကိုင်က သိပ်အဆင်မပြေဘူး သမီးရယ်"

ဟု အခုဆိုမုဆိုးမဖြစ်တာ ရှစ်နှစ်ရှိနေပြီဖြစ်တဲ့မေမေက ခုလိုညည်းညူလာပြန်တော့လည်း သူမရင်ထဲ မကောင်းဖြစ်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကူညီရမလား"

"တော်ပါပြီဟယ်၊ စကားကိုအချိုးပြေအောင်မပြောတတ်တဲ့ ညည်းနဲ့တော့ သုံးလလောက်ပဲ ငါ့ဖောက်သည်တွေပြေးကုန်ကြမယ်"

"အဲ့ဒီလိုမြှောက်ထိုးပင့်ကော်,မှုသားစကားတွေက"

"တော်ပြီတော်ပြီ၊ ဒီအလုပ်နဲ့ပဲ ညည်းထမင်းစားလာတာ ဆို ရှစ်နှစ်ကျော်ပြီ။ ပွဲစားဆိုတာ မြှောက်သင့်ရင် မြှောက်ရတယ်။ နှိမ့် သင့်ရင် နှိမ့်ရတယ်။ ဒါလုပ်ငန်းရဲ့သဘောတရားပဲ"

"သမီးကတော့ စိတ်ပျက်တယ်။ အဲ့ဒီလိုအမြှောက်ကြိုက်တဲ့ မြှောက်ကားတွေဆို ဝှန်းတောင်မကြိုက်ဘူး"

"ညည်းနဲ့စကားဆက်ပြောနေရင် ငါ့မှာ စိတ်တိုဖို့ပဲရှိတယ် ရော့, သုံးထောင်၊ သုံးရက်တော့ လောက်အောင်သုံး"

"ဟုတ်"

"ဩော်, ဒါနဲ့ ညည်းသူငယ်ချင်းတွေက အခုတစ်လော အိမ် မလာကြပါလား"

"မပေါင်းတော့ဘူး"

"ဘယ်ပေါင်းမလဲ၊ လူတွေနဲ့သဟဇာတမဖြစ်တဲ့ညည်းကို လို ကြာကြာသည်းခံပြီးပေါင်းခဲ့တာပဲ ကျေးဇူးတင်ဦး။ ဘယ်လိုမှပြော ဆိုဆုံးမလို့မရတဲ့ကလေး၊ ညည်း, ငါသာသေသွားရင် ဘယ်လိုရပ်တည် မလဲ. . . ဟမ်း"



"ခြေထောက်နဲ့ ရပ်တည်မှာပေါ့"

"အဲ့ဒီခြေထောက်က ဗိုက်ထဲမှာ ထမင်းမရှိရင် ရပ်နိုင်မှာတဲ့ လား"

"ဝယ်စားမှာပေါ့"

"ဘယ်ကရမလဲ၊ ပိုက်ဆံက"

"မပူပါနဲ့၊ နောက်လအနည်းငယ်ဆို ကျောင်းနားပါပြီ၊ အလုပ် ရှာမှာပေါ့"

"အဲ့ဒီအလုပ်က အလွန်ဆုံးခံလှ, ဆယ်ရက်ပေါ့။ ညည်းလို ပါးစပ်ပေါက်မျိုးနဲ့တော့. . . ဟင်း"

"ဟာ, မေမေကလည်း သမီးဆို အဆိုးကြီးပဲ"

"ကောင်းတာရော ရှိခဲ့ဖူးလို့လား"

"သုံးထောင်နဲ့တန်အောင် အပြောခံရတယ်။ မေမေလည်း ကိုယ်ကျွေးရတယ်ဆိုပြီး မာနထားချင်ပြီလား"

"ဘာ! "

"ဟဲဟဲ. . . စတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မအေကိုတောင် အကောင်းမမြင်တဲ့မိန်းကလေး၊ ဘယ်တော့မှ လူတွေကိုအကောင်းမြင်လာမှာလဲ"

"လူတွေက ကောင်းမှမကောင်းတာ၊ အကုန်အိုတာတွေချည်းပဲ"

"ညည်းအကောင်းမြင်တဲ့လူကရော လောကမှာရှိသေးရဲ့လား"

ဟုမေမေက စိတ်ဆိုးဆိုးနှင့်ပြောလာချိန်မှာတော့ သူမရဲ့အာရုံထဲ တည်ကြည်ခန့်ညားတဲ့ရုပ်သွင်က ကြီးစိုးသွားကာ. . .

"ရှိတယ်"

"ဘာ! "

"ကြင်နာတတ်တဲ့လူကိုဆို အကောင်းမြင်မှာပေါ့။ အဟိ"

"ရုပ်ကိုက"

"နောက်ကျတော့မယ်၊ သွားပြီမေမေရေ့"

ဟုသာဆိုကာ ထမင်းဘူးကိုဆွဲပြီး ကသောကမျောနှင့်ထွက်လာခဲ့သည်တွင် လမ်းထိပ်၌ အလွတ်ရနေသော မော်ဒယ်လ်စိမ်းရောင်ကားတစ်စီးကို တောက်ပစွာတွေ့လိုက်ရပါသည်။

သည်ကား၊ ဒါ သူမသိပါတယ်။

ဟိုညီအစ်ကိုသုံးယောက်ရဲ့ကားပဲ၊ စဉ်းစားစမ်း! ဘယ်သူပါမလဲ၊



"ရိုမိုင်လာများလား"

ဟုသောမျှော်လင့်ချက်ကလေးနှင့် ကားကိုစူးစိုက်စွာကြည့်ပြီး နက်ရောင်ကာထားသောမှန်တံခါးချပ်ကို ပေါက်ထွက်လုနီးနီး ပြုံးပြကာ အထဲသို့ချောင်းကြည့်လိုက်စဉ်မှာ မထင်မှတ်ပါဘဲ ရုတ်တရက် ပွင့်ကျသွားသောမှန်တံခါးချပ်ကြောင့်. . .

"အမယ်လေး! "

"တစ်ခုခုခိုးမလို့တော့ မဟုတ်လောက်ပါဘူးနော်"

ဟုသော မော်ကြွားကြွားလေသံက ဒါ့,ရှိုင်းနင်ပဲဆိုတာ ဖော်ပြလိုက်ပါသည်။ ရိုမိုင်လာမဟုတ်တာ သေချာသွားတော့ သူမမှာ စိတ်ပျက်သွားခန့်မတ်လိုက်ပြီး. . .

"လူကို သူခိုးများမှတ်နေသလား"

"မသိဘူးလေ၊ ချောင်းကြည့်နေတာကိုး"

"ချောင်းကြည့်တိုင်း ခိုးရမှာလား"

"ဩော်၊ သိပြီ၊ ဘွန်ဇိုင်လားလို့ကြည့်တာလား"

"ဘွန်ဇိုင်. . . အွတ်"

သူမကတော့ အော့အန်တောင် ပြုလိုက်သေးရာ ရှိုင်းနင်မှာ တို့တဲ့အပြင် ရယ်မိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘွန်နီဗိုင်က ရုပ်ချောတယ်၊ ဉာဏ်ကောင်းတယ်၊ ကိုယ် သလောက်တော့ သူ့ကိုကြည့်မရတာ မင်းတစ်ယောက်ပဲရှိလိမ့်မယ်ထ တယ်"

"သူ့ကိုတင်မဟုတ်ဘူး။ ရှင့်ကိုပါ ကြည့်လို့ရတာမဟုတ်ဘူ"

"ရှိမိုင်လာကိုရော"

"ဟမ်း"

"မင်းက တော်တော်ရယ်ရတယ်။ အံဆန်းဖြစ်တာပေါ့။ မနှစ်သက်ဘူးဆိုပေမယ့် အထူးအဆန်းပေါ့။ လိုအပ်တာတွေပြည့် တော့ လောကကြီးက ပျင်းဖို့ကောင်းပါတယ်။ ကျေးဇူးပဲ ဗလီညာ"

"ဘာကြောင့်လဲ"

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့ကြားမှာ ပြောစရာ မင်းအကြေ တိုးလာလို့ပါ"

"ကျေးဇူးမတင်နဲ့"

"ဘာဖြစ်လို့လဲ"

"အဲ့ဒီကျေးဇူးက လူတစ်ယောက်ရဲ့ဘဝကို ဘာမှမပြော စေဘူးတဲ့"

"ပြောင်းလဲသွားတာလည်းရှိတယ်"



"ဟမ်း"

"ဘာပဲဖြစ်ဖြစ် နားဝင်ချိုတယ်လေ။ နှုတ်ဖျားက ပြောလိုက်တာ ဆိုပေမယ့် တချို့အချိန်တွေမှာ ရင်ထဲကိုမသိမသာရောက်သွားတတ်တယ်။ ကျေးဇူးတင်ပါတယ်လို့တလေးတစားပြောရင် မကြိုက်တဲ့လူ လောက မှာ ရှိလို့လား"

ဟု ရိုင်းနင်က အချက်ကျကျပြောလိုက်လျှင် သူမမှာပြုံးမိသွား ပါသည်။

"ဟုတ်တယ်. . . အဲ့ဒါကို ဘာဖြစ်လို့မတွေးမိလိုက်တာသလဲ မသိဘူး"

"အခုလိုစကားပြောကြည့်တော့လည်း မင်းက ခင်ဖို့ကောင်း သားပဲ"

"အံမယ်, ကြီးကြီးကျယ်ကျယ်၊ ဘယ်သူကရော ရှင့်ကိုခင် တယ်ပြောလို့လဲ"

"ရင်ထဲက စကားအနည်းငယ်ပြောမိရင် ရင်းနှီးမှုက များသွား ပြီတဲ့"

"ဟမ်း"

"ကိုယ်နဲ့ကော်ဖီလိုက်သောက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်, လှကို"

"နေဦး၊ ကိုယ်တို့နှစ်ယောက်ပဲဆို ပျင်းစရာကောင်းတယ်။ တ
ယောက်ယောက်ကိုစောင့်ဦးစို့"

"တစ်ယောက်ယောက်?"

"ဒီနားမှာ ပန်းချီဆရာအိမ်ရှိတယ်လေ။ ကိုယ် ဒီမှာအလကား
နေနေတာမဟုတ်ဘူး၊ တစ်ယောက်ယောက်ကိုစောင့်နေတာ၊ ဒါနဲ့ မ
က ဒီမှာနေတာလား၊ ဟော. . . ပြောရင်းဆိုရင်း လာနေပြီ"

ဟုစကားကို ဖယ်ဆက်သလိုပြောလိုက်သဖြင့် သူမမှာယော
နနနှင့် လှည့်ကြည့်လိုက်ရာ. . .

"ရှိမိုင်လာ"

"ကိုယ်တို့သုံးယောက်. . . ကော်ဖီ အတူသောက်လို့ဖြစ်တ
မဟုတ်လား"

ဟူသောရိုင်းနင်ရဲ့ကမ်းလှမ်းချက်ကို တစ်စုံတစ်ယောက်ကြေ
သူမမှာ ငြင်းနိုင်စွမ်းမရှိခဲ့ပါ။

"ဆော်ရီး ရိုင်းနင်, နည်းနည်းကြာသွားတယ်။ ဒါ့ကား. . ."

ဟု စကားက တစ်ပိုင်းတစ်စကြီး လမ်းတစ်ဝက်တွင် ရပ်တ
သွားရပါသည်။



အကြောင်းမှာ သူမကိုမြင်သွား၍ပါပဲ။ ရိုင်းနင်နဲ့အတူ မိန်းကလေးတစ်ယောက် ရပ်နေပါလားဆိုတာသိပေမယ့် ထိုဖြစ်ရပ်မျိုးက အချစ်များတဲ့ရိုင်းနင်အဖို့ သိပ်မထူးဆန်း၍ သမန်ကာလျှံကာ သဘောထားမိ၍ ပိုအံ့သြသွားခြင်းဖြစ်ပါသည်။ အံ့သြသည်ထက် ပိုအံ့သြသွားရတာက သူမဟာ ရိုင်းနင်နှင့်ဘွန်ဖိုင်တို့ရဲ့ရန်သူလေးမဟုတ်ပါလား။

"ဆုံးအောင်မပြောနိုင်တော့ဘူးလား ရှိမိုင်လာ"

"ဗလီညာက. . ."

"ငါတို့သုံးယောက် ကော်ဖီအတူတူသောက်ကြတာပေါ့"

ဟု ရိုင်းနင်က အဓိပ္ပာယ်တစ်မျိုးနှင့်ပြုံးပြလိုက်လျှင် ရှိမိုင်လာ၏တုန့်ပြန်အပြုံးက ထူးခြားနေပါသည်။

"ရိုင်းနင်, မင်းကတော့ ဒီလိုနေရာမှာ ဆရာကြီးပါလား"

ဟု တရုတ်လိုပြောလိုက်လျှင် ဗလီညာမှာ နားမလည်လိုက်ပေမယ့် သူမနှင့်ပတ်သက်နေမည်ဆိုတာတော့ ရိပ်မိလိုက်ပါသည်။

ထိုသို့ပြောသူသာ ဘွန်ဖိုင်နှင့် ရိုင်းနင်ဆိုရင် သူမ ရန်ကောင်းကောင်းလုပ်မိချင်လုပ်မိပါလိမ့်မည်။ သို့သော် ရှိမိုင်လာဆိုတော့ ရှုံ့ချက်ပေါ့။

"မင်းရဲ့ပြပွဲက ရလဒ်ကောင်းရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမျှော်လင့်မထားခဲ့တော့ ကောင်းတယ်လို့ဆိုရမှာပဲ"

"ကောင်းပါတယ်လို့ လှိုက်လှိုက်လှဲလှဲပြောလိုက်ရင် ငါတို့ အတွက် ငွေကုန်ကြေးကျများမှာစိုးလို့လား"

"အဲ့လိုဆန္ဒရှိတယ်ဆိုလည်း ပွင့်ပွင့်လင်းလင်းပေါ့။ ငါတို့က လောကမှာ ရှားပါးတဲ့ဆွေမျိုးတွေပဲ"

"ဆွေမျိုး? "

ထိုအခါမှာတော့ သူမက သူတို့နှစ်ယောက်၏စကားဝိုင်းထဲ ပါမိသွားပါသည်။

"အင်းလေ"

"တကယ်ပဲ ရှင်တို့တွေက ညီအစ်ကိုတွေကိုး"

"ဘာသိချင်နေလို့လဲ။ မေးလေ, ဖြေနိုင်ရင်ဖြေလို့ရတာပေါ့"

"အရင်းတွေလား"

"ဘာ! "

သူမရဲ့စကားမှာ ဘာရယ်စရာပါသွားလို့ အဲ့ဒီလောက်ရယ်နေ ရတာလဲ။ သူမစိတ်နည်းနည်းတိုချင်မိပေမယ့်လည်း ရိုမိုင်လာ၏အပြုံး ကြောင့် မာန်လျှော့လိုက်ရပါသည်။

"မဖြေနိုင်တဲ့အကြောင်းများ ရှိနေလို့လား"



"မင်းက လူတွေကိုအကောင်းမမြင်တတ်ပေမယ့် တော်တော် ပြီး ရိုးတာပဲ ဗလီညာ"

"ဘာ. . . ဘာပြောတယ်"

"ကိုယ်တို့မာမီက ဒေါ်မိုးမိုးမြင့်၊ ဒယ်ဒီက ဦးအာကာ၊ မာမီရဲ့ သွေးက အိုသွေး။ ဒယ်ဒီကလည်း အို၊ ဘွန်ဖိုင်ရော ရှိုင်းနင်ရော ကိုယ် ရော, အိုပဲ"

"ဪ, ဒီလိုလား။ ဒါဆို ရှင်နဲ့ရှိုင်းနင်က ဘယ်သူအရင်မွေး တာလဲ"

"ကိုယ်ပါ။ ဘွန်ဖိုင်က အငယ်ဆုံး"

"ဒါကြောင့် သူက ပိုပြီးကြီးကျယ်တာကိုး"

"ဟမ်း"

"အဲ့ဒါ သူ့အကျင့်ပါ။ ငယ်ငယ်တည်းက ဒီအတိုင်းပဲ၊ သူ့ဖာသာ သူနေတတ်တယ်။ ဒါတမင်လုပ်ယူထားတာ မဟုတ်ဘူး"

"အမှန်က ကျွန်မ, ရှင်နဲ့ဘွန်ဖိုင်ကိုသိပ်မုန်းနေတာ"

"ဘာဖြစ်လို့လဲ"

"ရှင်တို့ကြောင့် ကျွန်မမှာ သူငယ်ချင်းမရှိတော့ဘူးလေ"

"ဘယ်သူမပြု မိမိမှုဆိုတာ မင်းကြားဖူးသလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်စကားပြောတာ ကြည့်ပြောပါ"

"တည့်တည့်ပဲ. . . မင်းကိုမမြင်ဘဲရှိပါ့မလား။ မင်းက အဲ့
ကိုယ်တို့ကိုစွပ်စွဲတာ တရားလွန်တယ်မထင်ဘူးလား။ ဘွန်ဖိုင်ရဲ့အက
ကို ကိုယ်မသိပေမယ့် ကိုယ်က မင်းကို ဘာအမှုမှမကျူးလွန်ဖူးဘူးနော်
တွေ့လိုက်တိုင်း မင်းကပဲ ရန်လုပ်သွားတာချည်းပဲ"

"ကျွန်မတောင်းပန်မယ်လို့များ ထင်နေသလား"

"မဆိုးပါဘူး။ မင်းလွန်သွားမှန်းတော့ လက်ခံသေးသားပဲ"

"ဘာ! "

"မင်းရဲ့စကားလုံးတွေက မင်းရဲ့စိတ်ကိုသက်သေခံနေတာ
လေ"

"ရှင်လည်း ဘွန်ဖိုင်နဲ့အတူတူပဲ၊ ဘဝင်ပဲ"

"သူများအကြောင်းကို ဝင်ထောက်တတ်တာ မင်းရဲ့ဝါသ
ဖြစ်ပုံရတယ်"

"ရှင်"

"မှန်သွားပြီထင်တယ်၊ မင်းစိတ်တိုနေပြီလေ။ လူတွေဟာအ
တရားကိုပြောရင် စိတ်တိုတတ်ကြတယ်တဲ့။ ကြုံတုန်းပြောရဦးမယ်"

"ဘာလဲ"



"မင်းကြားဖူးမလားတော့မသိဘူး။ ရွာတစ်ရွာမှာ အမှန်ချည်း
ပြောတဲ့လူတစ်ယောက်ရှိတယ်တဲ့။ အသုဘသွားရင်လည်း သေသင့်ပါပြီ၊
လောကကို ဒီလောက်ဒုက္ခပေးပြီးပြီပဲလို့ ဆိုးတဲ့လူဆို ပြောတယ်တဲ့။
အသက်ကြီးတဲ့လူသေရင်လည်း သေတာကောင်းတာပေါ့။ အလကား
သူ့ကိုပြုစုနေရသေးတာ၊ အလုပ်ရှုပ်လို့ အသုံးမှမဝင်တော့တာပဲလို့ပြော
တယ်တဲ့။ နောက်တော့ နေမကောင်းဖြစ်နေတဲ့လူနာရှိတဲ့အိမ်ကို သွား
တယ်တဲ့။ ဟိုရောက်တော့ လူနာက သတိလစ်နေပြီး အားလုံးက စိတ်
မကောင်းဖြစ်ပြီး ငိုတဲ့လူကငို ဆရာပင့်တဲ့လူကပင့်နဲ့ အားလုံးသောက
ရောက်နေချိန်မှာ ဘာမှလုပ်မနေနဲ့၊ သေမှာပဲလို့ အမှန်အတိုင်းကြီး
ပြောတော့ သူ့ကို ရွာပြင်ထုတ်လိုက်ကြတယ်တဲ့။ အမင်္ဂလာပေးတဲ့လူ
ကြီးပေါ့။ ဒါနဲ့ သူက ရွာပြင်မှာတဲထိုးပြီးနေရင်း တစ်နေ့တော့ သူ့ဆီကို
ရုပ်ခပ်ဆိုးဆိုး ခါးကိုင်းကိုင်းလူက ရောက်လာတယ်။ နွမ်းပါးပြီး အထီး
ကျန်နေတဲ့လူကိုကြည့်ပြီး အဘက ဘာဖြစ်လို့ ဒီမှာတစ်ယောက်တည်း
နေရတာလဲလို့ပြောတော့ သူက အကြောင်းစုံကို ရှင်းပြတာပေါ့။ အဲ့ဒီ
မှာ အဲ့ဒီခရီးသွားက သုံးသပ်တယ်တဲ့။ လူတွေက ငှဲညှာမှုမရှိလိုက်တာ
ပေါ့။ နောက်ဆုံးမှာတော့ သူက လိုရာခရီးသွားဖို့ အဲ့ဒီတဲထဲကထွက်
မှာ မီးခြစ်လေး မေ့ကျန်ခဲ့တယ်။ အဲ့ဒီမှာ မှန်ကန်တဲ့လူဟာ သူတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com

ရဲ့မီးခြစ်မှီ ကောက်ပြီး၊ လိုက်ပေးချိန်မှာတော့ ခရီးသွားက ခပ်လှမ်းလှမ်းကိုရောက်နေပြီလေ။ ဒါနဲ့သူက လှမ်းအော်တယ်။ 'ဟော့ လူငယ်၊ ဒီမှာ မီးခြစ် ကျကျန်ခဲ့တယ်'လို့။ ဒါပေမဲ့ လူငယ်က မကြားဘဲ သွားမြဲသွားနေတယ်။ ဒါနဲ့ပဲ နောက်တစ်ကြိမ် ထပ်ခေါ်တယ်။ ဒါနဲ့လည်း မကြားသေးဘူး။ အဲ့ဒါနဲ့ လူကြီးကလည်း စိတ်မရှည်နိုင်စွာပဲ ဟော့, ရုပ်ပေါက်ခပ်ဆိုးဆိုး ခါးကိုင်းကိုင်းနဲ့လူငယ်၊ ဒီမှာ မီးခြစ်ကျန်ခဲ့တယ်လို့ ခပ်ကျယ်ကျယ်အော်ပြောလိုက်ကာမှ ကြားသွားတယ်။ အဲ့ဒီမှာ ခရီးသွားက အဲ့ဒီလူကြီးကိုပြန်လှည့်ကြည့်ပြီး ရွှာပြင်ထုတ်ခံရတာတောင် နည်းသေးတယ်လို့ပြောသွားတယ်''

''ဩော်၊ ရှင်ပြောချင်တာက''

''ကိုယ့်ကိုယ်ကိုပြန်တွေးပြီး သိနေတဲ့အမှန်တရားကိုလက်ခံလိုက်ရင် မင်း ကိုယ့်စကားကိုသဘောပေါက်သွားမှာပါ''

''အဲ့လို တစ်ဖက်သားကို ဆရာလုပ်လုပ်တတ်တာရော ရှင့်ရဲ့ဆိုးဝါးတဲ့အကျင့်တွေထဲက တစ်ခုပဲလား ရိုင်းနင်''

''ဘာပဲဖြစ်ဖြစ် ကိုယ် မင်းကိုခင်ပါတယ်''

''ဘယ်သူက ရှင့်ကိုခင်တယ်လို့ပြောနေလို့လဲ''

''မခင်ဘူးလား''



''သနားစရာပဲ''

ဟုပျစ်ပျစ်နှစ်နှစ်ကြီးပြောကာ ထထွက်သွားသောသူမကြောင့် နိုင်လာမှာ ရယ်မိသွားခဲ့ပါသည်။

''ဘာရယ်တာလဲ''

''မိန်းကလေးတွေအားလုံး မင်းရဲ့အပြုံးအောက်မှာ ကျရှုံးမယ်လို့ တွေးထားခဲ့တာလား။ သနားစရာပဲကွဲ''

''အဲ့ဒါ သူမရင်ထဲကစကားလို့ ထင်နေသလား။ ခက်ခဲတာကိုမှ တန်ဖိုးထားတတ်ကြတာ လူတွေရဲ့သဘာဝပဲလေ။ အဲ့ဒါအထာပေးသွားတာ''

''ဘာ! ''

''အိမ်တွင်းပုန်းနေတဲ့မင်းက မိန်းကလေးတွေရဲ့စိတ်ကို ဘယ်လိုလုပ် အကုန်သိနိုင်ဦးမှာလဲ''

''အကုန်? ''

''အင်းလေ၊ မိန်းကလေးတွေရဲ့စိတ်က အရောင်ဆိုးထားတဲ့ သတ္တုလုံးကြီးနဲ့တူတယ်''

''ရှင်းစမ်းပါဦး''

''အရောင်ဆိုးထားတော့ အဲ့ဒါဘာသတ္တုလဲဆိုတာ အလွယ်

www.burmeseclassic.com

www.burmeseclassic.com



တက်ကူမသိနိုင်ဘူးလေ။ မူလအရောင်ကိုလည်း မမြင်ရဘူး။ မူလအရောင်ကိုမြင်ချင်ရင်တော့ အဲ့ဒီဆေးရောင်တွေကိုခွာချရမယ်။ ဘာသတ္တုလဲသိချင်ရင်တော့ ကိုင်ကြည့်ရမယ်။ ပိုပြီးတိတိကျကျသိချင်ရင်တော့ ဓာတ်ခွဲခန်းထဲမှာ သုသေသနပြုရမယ်''

''မင်းက တကယ်ဆရာကြီးပါလား ရှိုင်းနှင်''

ဟုသူက ပြောလိုက်တော့ ရှိုင်းနှင်မှာ ကျေနပ်စွာ ပြုံးနေခဲ့ပါသည်။

တကယ်တော့ သူ၏ညီ ရှိုင်းနှင်ကလည်း လူချောတစ်ယောက်ပဲဆိုတာ သူကြည့်နေရင်းပင် လက်ခံသွားမိပါသည်။

ရှိုင်းနှင့်ချောသလို ဘွန်ဖိုင်ကလည်း ဆွဲဆောင်မှုရှိတဲ့ ရုပ်သွင်မျိုးပါ။ ဒါဆို သူကရော. . .

❖ ❖ ❖

အခန်း (၁၆)

''ဟင်! ရှင်''

သူမ အလွန့်အလွန်အံ့ဩမိသွားပါသည်။

အံ့ဩခြင်းနှင့်အတူ ရှိမိုင်လာများ ရှိလေဦးမလားဟု ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်ပြန်ပါသည်။ ဒါကို ရှိုင်းနှင်က သဘောပေါက်စွာ. . .

''ရှိမိုင်လာက ပြခန်းမှာ သိပ်ကိုအလုပ်များနေတယ်''

''သြော်, အဲ့ဒါကြောင့် ရှင်က ကူညီနေတာလား''

''ကိုယ် ပန်းချီဆရာကိုလာတွေ့တာမဟုတ်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်း"

သူမမှာ နားမလည်နိုင်စွာဖြစ်သွားရပေမယ့် ရိုင်းနင်က လက် ညှိုး၊ လက်ခလယ်နှင့်လက်မ၊ ထိုသုံးချောင်းလုံးကိုထောင်ပြီး မျက်လုံး တစ်ဖက်မှိတ်ကာ သူမကိုချိန်ရွယ်လိုက်သည်တွင် တဒင်္ဂမျှတော့ သူ မှင်တက်သွားရပါသည်။ ချောလိုက်တာ။ ရိုင်းနင်က တော်တော်ချော တာပဲဟူသောစိတ်က ရင်ထဲမှာ မွှေနှောက်သွားရ၏။

"ကိုယ်နဲ့ကော်ဖီလိုက်သောက်ပါလား"

"ဘာ! "

"ဘာကြောင့်မှန်းမသိဘူး။ တစ်ယောက်တည်း ကော်ဖီသောက် ရမှာ ပျင်းတာနဲ့"

"ကျွန်မက ရှင့်ရဲ့အဖျော်ဖြေခံလား"

"ဖျော်ဖြေတယ်? အင်း၊ အဲ့ဒီဖျော်ဖြေတယ်ဆိုတာက လူတစ် ယောက်ရဲ့စိတ်ကို ကြည်လင်လန်းဆန်းစေတာကိုပြောတာပေါ့"

"ဟမ်း"

"အခု ကိုယ့်စိတ်ထဲမှာ ကြည်လင်နေတယ်။ ဒါပေမဲ့ ရင်ထဲ ထိတ်ထိတ်နဲ့မို့ သိပ်တော့မလန်းဆန်းဘူး"

"ဟမ်း. . . ဘာကြီးလဲ"



"မင်းက တစ်မျိုးတော့ ထူးဆန်းတယ်။ အဆင်ပြေနေတဲ့ လူမှုဆက်ဆံရေးမှာနေတာ ကြာတော့ မင်းက တစ်မျိုးပဲပေါ့"

"ရှင့်အကြောင်းတွေ မသိချင်ဘူး"

ဟုဆိုကာ သူမက သူ့ကိုကျော်သွားမည်အပြုတွင်. . .

"တက္ကစီနဲ့သွားမှာလား. . . ကိုယ့်ကားက ဈေးပေါတယ်လေ။ လမ်းကြုံလို့ပါ"

ဟုပြောလိုက်တော့ ပြားကပ်နေပြီဖြစ်တဲ့ သူမရဲ့ပိုက်ဆံအိတ် ကလေးကို စမ်းမိသွားကာ ရိုင်းနင်ကိုပြန်လှည့်ကြည့်လိုက်ပြီး. . .

"လမ်းတကယ်ကြုံတာလား"

ဟုဆိုတော့ ရိုင်းနင်က ကားတံခါးကို ဖွင့်ပေးလာ၍ သူမက ပြေး၍ ကားထဲဝင်ထိုင်လိုက်ပါသည်။

"အရမ်းကြီးစီးချင်လို့တော့ မဟုတ်ဘူးနော်။ ပိုက်ဆံနည်းနည်း ပဲရှိတော့လို့"

ဟုသူမက အမှန်အတိုင်းပြောတော့ ရိုင်းနင်က ပြုံးကာ. . .

"မင်းတော့ ရှာပြင်ထုတ်ခံရတော့မှာပဲ"

"အမှန်တကယ်က ရှင်က သိပ်မဆိုးပါဘူးဘဲ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ရှိမိုင်လာက တည်ကြည်ပြီး ကြင်နာတတ်တယ်။ သူ့မျက်လုံးက နူးညံ့တယ်။ ရှင့်မျက်လုံးက မိန်းကလေးတွေကိုလိုက်ပြီး ညို့ယူနေတဲ့ ဆောင်နေတယ်။ ရင်ထဲကပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ ရှင်ဘာလို့ အမြဲပြုံးနေရတာလဲ။ ပြုံးနေတာ ကောင်းတယ်ဆိုပေမယ့်၊ အဲ့လိုမျိုးကျတော့ သိပ်မကောင်းဘူး။ ဘွန်ဖိုင်ကတော့ အရူးလို့ လူဘဝက လွန်ကဲပြီး အိုဗာ့,အိုဗာတက်နေပြီ။ ဒါပေမဲ့ ရှင်တို့ညီအစ်ကိုသုံးယောက်လုံးမှာ တူညီတာတစ်ခုရှိတယ်။ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိတဲ့မျက်လုံးတွေပဲ"

"ဒါပဲလား"

"ရှင့်ကားကိုစီးနေလို့ အားနာပြီး မပြောတာ၊ အများကြီးပဲ"

"ပထမဆုံးပဲ"

"ဟမ်း"

"ကိုယ်တို့ညီအစ်ကိုတွေကို ဝေဖန်တာ မင်းက ပထမဆုံးပဲ။ အမှန်က မင်းကို ကိုယ်တကယ်စိတ်ဆိုးချင်တယ်။ ဒါပေမဲ့ ကိုယ်တစ်ခုခုကိုစဉ်းစားမိလို့ စိတ်မဆိုးဖြစ်တော့ဘူး"

"ဘာလဲ"

"တစ်ခါတစ်ရံ အဲ့လိုဝေဖန်မှုတွေမှာ ကိုယ့်ရဲ့အားနည်းချက်



ကို တွေ့ရတယ်လေ"

"ရှင့်ကို ကျွန်မတစ်ခုမေးလို့ရမလား"

"မမေးနဲ့ဆိုရင်ရော မင်းက မမေးဘဲနေမှာလား"

"ဖြေတာမဖြေတာ ရှင့်အပိုင်းပါ။ မေးရမှာက ကျွန်မတာဝန်လေ"

"ဖြေနိုင်ရင်တော့ ဖြေမှာပေါ့"

"ရှင်တို့က ဝတ်စုံတွေကို ဆင်တူဝတ်တတ်သလား"

"အဟား၊ မင်းစကားက အဆန်းပဲ။ ကိုယ်တို့က ယိမ်းထွက်မှာမို့ ဆင်တူဝတ်နေရမှာလား"

"ရှင့်အဖြေက အကွေ့များလိုက်တာ"

"ကောင်းပြီလေ၊ ကိုယ် အဲ့ဒါတော့ ပြောနိုင်ပါတယ်။ ကိုယ်က သီချင်းဆိုတဲ့လူမို့ ဖက်ရှင်ကျကျဝတ်တယ်။ ကိုယ်က ပေါ့ပ်အဆိုတော်လေ။ ပေါ့ပေါ့ပါးပါးနဲ့ဖြစ်တာကို ဝတ်တယ်။ ရှိမိုင်လာက ကန်းထရီးပဲ ဝတ်တယ်။ ချောင်ချောင်ချိချိနဲ့ နေလို့ကောင်းမယ့်ဟာပေါ့။ ဘွန်ဖိုင်က ဒီလိုမဟုတ်ဘူး။ သူက စီးပွားရေးကို အမွေလွှဲယူမယ့်သူဆိုတော့ သိပ်စမတ်ကျပြီး အထက်တန်းကျကျပုံစံမျိုးကိုဝတ်တယ်။ တကယ်တော့ ကိုယ်တို့တွေက အကြိုက်ချင်းစရိုက်ချင်းသိပ်မတူကြဘူး။ တစ်သက်လုံး

www.burmeseclassic.com

www.burmeseclassic.com



မှာမှ ကိုယ်တို့ဆီမှာ ဆင်တူရှိဖူးတာ ဘွန်ဖိနပ်တစ်ရံပဲရှိတယ်''

''ဘွတ်ဖိနပ်? ''

''အင်း''

''အနီအကြောင်း အမဲအကြောင်းတွေပါတဲ့ ဖိနပ်လား''

''မင်းသိသလား''

''ဘာဖြစ်လို့သိရမှာလဲ၊ မသိပါဘူး''

''အဲ့ဒီဖိနပ်က ဒယ်ဒီလက်ဆောင်ပေးထားတာ။ ပြင်သစ်

သူ့စိတ်ကြိုက်အော်ဒါလုပ်ခဲ့တာလေ။ ဒယ်ဒီဆီကရတဲ့ ပထမဆုံးလက်

ဆောင်ပေါ့''

''သြော်''

ထိုသို့စကားသံကိုကြားလိုက်ရတော့ သူမဘဝတွင် ပထမ

အားနာမှုက ဖြစ်တည်သွားရ၏။

ဘွန်ဖိုင်က ဘာဖြစ်လို့ အဲ့ဒီဖိနပ်ကို သူမခြေထောက်မှ

ယူသွားသလဲဆိုတာကို သူမတွေးရင်း နားလည်သွားမိပါသည်။

တစ်ဆက်တည်းမှာ ရှက်လည်းရှက်သွားမိ၏။ ရိုင်းနင်က ကို

ဖိနပ်နဲ့ကိုယ် သူခိုးငြိုးခံရတာမဟုတ်လား။

ရိုင်းနင်ကိုရော၊ ဘွန်ဖိုင်ကိုပါ စိတ်ထဲမှာ အားနာမိသွားသော



လာကို ပို၍အထင်ကြီးလေးစားမိသွားပါသည်။

ကိုယ်ရဲ့မြတ်နိုးရတဲ့ပစ္စည်းကိုတောင် တစ်ဖက်သားအကူအညီ

အတွက် ရက်ရောသူမဟုတ်ပါလား။

''ဘာပြုံးတာလဲ''

''ပြုံးတာပဲ၊ ရှင့်ဆီမှာ ခွင့်တောင်းနေရဦးမှာလား''

''ရေစက်ပဲ၊ အဲ့လောက်ထိအချိုးမပြေတဲ့မင်းကို ခုလိုရင်းနှီး

တာကိုလည်း အံ့သြတယ်။ အဲ့လောက်ထိ ခွကျတဲ့မင်းက ကိုယ့်တို့နဲ့

ဘယ်တွဲသက်နေတာကိုလည်း အံ့သြတယ်။ ဘယ်တုန်းကမှတွေ့မထား

ခဲ့တဲ့ဖြစ်ရပ်ပဲ''

''အံ့သြလို့ပြီးပြီလား။ ပြီးရင် ဟိုရှေ့နားမှာရပ်၊ ဟုတ်လား''

''အတန်းထိတော့ မလိုက်ပို့တော့ဘူးနော်၊ လူသိပ်များလို့''

''ကျွန်မကို ထမ်းသွားမှာမို့လား။ မ,သွားမှာမို့လား။ ပြောပုံက

ဘယ်တင်ရှင်ကြီးကျလို့၊ လူကို လမ်းမလျှောက်တတ်သေးတဲ့ကလေးများ

ထင်နေသလား''

ဟုဆိုကာ စိတ်ဆိုးမာန်ဆိုးနှင့်ဆင်းသွားသောသူမကို ထပ်စ

ချင်၍. . .

''ညနေ လာမကြိုတော့ဘူးနော်''

www.burmeseclassic.com

www.burmeseclassic.com

ဟုပင် အသံမြှင့်ပြီး ပြောလိုက်ပါသေး၏။

"ကားခကို ကတ်စေးနဲ့တဲ့ငါကိုက မှားတာပါ။ ဘယ်လို မျိုးလဲမသိဘူး။ မနက်စောစောမှာ ဒီလိုလူမျိုးနဲ့ဆုံရတဲ့ကံကိုက ဆိုး တယ်"

ဟု တစ်ယောက်တည်းပွစိပွစိလုပ်ကာ ထွက်သွားသော ကြောင့် ဘွန်ဖိုင်မှာ ဖြစ်ရပ်တွေအားလုံးကို မယုံကြည်နိုင်ခြင်းများစွာ သာ အံ့သြနေရပါသည်။

ရှိုင်းနင်နဲ့ သူမက ဘာလဲ. . .

ရှိုင်းနင်ကရော ဘာဖြစ်လို့ အဲ့ဒီလိုအသံကျယ်ကျယ်နဲ့ပြော ရတာလဲ။ ဒါမျိုးက ရှိုင်းနင်ရဲ့စရိုက်မှမဟုတ်တာဘဲ။ သူမနဲ့ ရှိုင်းနင် တကယ်ပဲထူးခြားတဲ့ပတ်သတ်မှုမျိုးရှိနေတာလား။

ဒါဖြစ်နိုင်ပါ့မလား. . .

သူအံ့သြမိပါသည်။

ပို၍အံ့သြစရာကောင်းသည်က မျက်စိပျောင်ပါတယ်ဆိုတဲ့ ရှိုင်း နင်က သူ့ကိုမမြင်ဘဲ ပြုံးဖြီးဖြီးကြီးလုပ်ကာ ကားမောင်းထွက်သွားသော ကြောင့်ပါ။ သူမကရော ဘာပီတိတွေစားပြီး သူ့ကိုမမြင်နိုင်ရတာလဲ

"ဘာတွေဖြစ်ကုန်ပြီလဲ"



သူ အံ့သြစွာနှင့်ပင် ဒီနေ့တော့ သူမကို တစ်ချိန်လုံးအကဲခတ် ဖြစ်ပါသည်။ သူမက ဘာလဲဆိုတာမျိုးကို ထူးထူးဆန်းဆန်းပင် စိတ်ဝင်စားသွားမိ၏။

ရှိုင်းနင်လိုကောင်ကတောင် တရေးတယူလုပ်ပြီး ကယ်ရီပို့ပေး ရလောက်အောင် သူမရဲ့အဆင့်က ဘာလဲဆိုတာကို သူစိတ်ဝင်စား သွားမိပါသည်။

သေချာကြည့်တော့ သူမမှာ ရှိုင်းနင်ကြိုက်လောက်တဲ့ရုပ်ရည် ပိုင်ဆိုင်မထားဘူးဆိုတာကို သူသိနေရ၏။ သူမမှာ နှာခေါင်းလေး ပြီး သွယ်လျနေသည်မှလွဲ၍ တခြားသောအလှတရားမျိုးက ရှိမနေ

သူသိသလောက်တော့ ရှိုင်းနင်နဲ့အရင်တွဲခဲ့တဲ့မိန်းကလေးတွေ သူမထက် အများကြီးလှပသောရုပ်ရည်ရှိသူများသာ ဖြစ်ပါသည်။ တော့ ပညာတတ်တွေ၊ အဆင့်အတန်းရှိရှိ ချမ်းသာကြသောမိသားစု မိန်းကလေးတွေပါ။

အခုတော့ အရပ်က ပုသေး၊ ပိန်က ပိန်သေး၊ ဒီလိုမိန်းကလေး ရှိုင်းနင်က ဘာလို့တွဲတာလဲ။ တကယ်ပဲ ရှိုင်းနင်ပြောတဲ့အထာတွေ ။ ဒီကိစ္စတွေကို သူသိပ်နားမလည်ပါ။ ရှိုင်းနင်ကို မထိမဲ့မြင်လုပ်လို့

www.burmeseclassic.com

www.burmeseclassic.com



ရိုင်းနင်က အသည်းခွဲချင်တာလား။ ထိုသို့အတွေးမျိုးဝင်လာသည်
တော့ သူမကိုသနားသွားမိပါသည်။

မိန်းမကျမ်းကျေတဲ့ရိုင်းနင်နဲ့ဆို သူမက ခံနိုင်ရည်ရှိနိုင်
မလား။ မဖြစ်ဘူး. . . သူမက လူတွေကို အကောင်းမပြောတတ်
မယ့် သူမက ရိုးတယ်လေ။ ဒီလိုကိစ္စမျိုးတွေနဲ့လည်း ရင်းနှီးပုံမ
ဒါဆို သူမအတွက် စိုးရိမ်စရာပဲပေါ့။

သူကသာ သူမအတွက် စိုးရိမ်သွားမိပေမယ့် သူမက
ဘာကိုမှသတိထားမိပုံမရဘဲ ဆီးထုပ်ကိုသာ မဆန့်မပြစားသောက်
သားပင်။

အဆင့်မရှိလိုက်တာလည်း လွန်ရောပဲ။ ဒီလိုညစ်ပေတဲ့
မျိုးကို သူမကြိုက်တယ်ဟုလည်း စိတ်ထဲ၌ သူမကိုကဲ့ရဲ့မိလိုက်သေး

ဒီလိုအဆင့်မရှိတဲ့သူမကို ရိုင်းနင်နဲ့ ရိုမိုင်လာက သိ
သူ အံ့ဩလို့မဆုံးနိုင်ပါ။ ပို၍အံ့ဩဖို့ကောင်းတာက အတန်းပြီး
ဖြစ်ပါသည်။

သူအံ့ဩလွန်း၍ သူ့မျက်လုံးသူ မယုံနိုင်တော့ပါ။

ဟုတ်တယ်။ ဒါ ရိုင်မိုင်လာမှ ရိုမိုင်လာအစစ်ပါပဲ။

ရိုမိုင်လာက ဘာဖြစ်လို့ သူတို့ကျောင်းကိုလာရတာလဲ။



ဖြစ်လို့ သူမနဲ့စကားပြောနေရတာလဲ။

ဒါမှမဟုတ် သူ့ဆီလာလို့ သူမနဲ့ဆုံပြီး စကားပြောဖြစ်နေတာလားဆိုတဲ့အတွေးကြောင့် သူက သူမနှင့်အတူရပ်ပြီး စကားပြောနေသောရိုမိုင်လာထံသို့လျှောက်လာခဲ့သည်တွင် သူ့ကိုပင်သတိမမူဘဲ နှစ်ယောက်လုံး ကားထဲဝင်သွားသောကြောင့် သူ့မျက်လုံးကို သူမယုံနိုင်ဖြစ်ရပါသည်။

ဒါဆို ရိုမိုင်လာက သူ့ဆီလာတာ မဟုတ်ဘူးပေါ့။ သူ့ဆီလာတာမဟုတ်လို့လည်း သူ့ကိုထပ်မရှာဘဲ သူမနဲ့ထွက်သွားတာပေါ့။

"ဘာတွေဖြစ်ကုန်ပြီလဲ။ သူတို့ပဲ ရူးတာလား။ ငါပဲ အိပ်မက်မက်နေတာလား"

အဲဒီလို ကားနဲ့လာခေါ်ရင် ခေါ်လာတဲ့လူရဲ့ကားတိုင်း လိုက်စီးတော့တာပဲလား။ အဆင့်နိမ့်လိုက်တာ။ နိမ့်မှာပေါ့လေ. . . သူလိုမိန်းကလေးက ဒါပဲပေါ့။

ပြောတော့သာ လေကြီးမိုးကြီးနဲ့။ ရိုင်းနင်က ဘာဖြစ်တယ်လေး၊ ညာဖြစ်တယ်လေနဲ့။ ရုပ်ချောပြီး အောင်မြင်တဲ့ရိုင်းနင်ကိုလည်း အလွတ်ပေးလို့လား. . .

ဟု သူမကိုအထင်သေးစွာပင် မြည်တမ်းမိပေမယ့် စိတ်ထဲတွင် မတင်မကျရယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းနင်က မိန်းကလေးတွေကိုသဘောကျတတ်လို့ ဟုတ်ပြီ ပဲ ထားပါဦး။ ရှိမိုင်လာကရော။ ဘာကိစ္စနဲ့ အဲဒီမိန်းမကို အရေးအရာ လုပ်ပြီး လာခေါ်နေရတာလဲ။

ဟူး ဒုက္ခပဲ။ လူတစ်ဖက်သားကို ကြင်နာတတ်ပြီး အမြဲကူညီ ချင်တဲ့ရှိမိုင်လာကတော့ နှစ်ပွေချိန်တဲ့မိန်းမလည်နဲ့တွေ့ပြီ။

ဒီညီအစ်ကိုတွေကြားမှာ ဝင်မွှေချင်တဲ့မိန်းမကတော့ တွေ့မယ် ဟု ရင်ထဲမှာ ကြုံးဝါးလိုက်မိပါသည်။

သို့သော် သူတို့ဘာတွေလုပ်ကြသလဲ၊ ဘယ်သွားကြသလဲဆို တာကိုတော့ စိတ်ဝင်စားမိသားပင်။ မဖြစ်ဘူး။ ဒါတွေကိုပြောမှဖြစ်မယ် ဟုတွေးမိကာ သူ့စိတ်ထဲ ဂဏာမငြိမ် ရောက်တတ်ရာရာပင်ဖြစ်နေ၍ ထလိုက်ထိုင်လိုက်နှင့် အချိန်တွေက ကုန်သွားရပါ၏။

ရှိုင်းနင်နှင့် ရှိမိုင်လာတို့ပြန်လာမှာကို သူက ညေ့ခန်းတွင် ထိုင်ကာ စောင့်နေမိပါ၏။

ဒါကလည်း ပထမဆုံးပါပဲ။

❖ ❖ ❖

## အခန်း (၁၇)

"ဘွန်ဖိုင်"

ဆက်တီပေါ် ခွေခွေလေးအိပ်ပျော်နေသောသူ့ကို လှုပ်နှိုးလိုက် ...

"ဘွန်ဖိုင်"

"ဘာလဲကွာ. . . ဘာလဲ"

အိပ်ပျော်နေရင် နှိုးတာမကြိုက်သည့်ဘွန်ဖိုင်က အိမ်ရှိအလုပ် ...က မနှိုးရဲ၍ ခွေခေါက်ပြီး အိပ်နေတာကို ဒီအတိုင်းကြည့်မနေ ...ကြောင့် လှုပ်နှိုးလိုက်ခြင်းဖြစ်ပါသည်။

"အိပ်ချင်ရင် အခန်းထဲမှာ သွားအိပ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်တော့မှ ဘွန်ဗိုင်မှာ ရုတ်တရက်ဆိုသလို မျက်လုံး ကြီးပြူးကျယ်သွားကာ. . .

“ရှိုင်းနင်, ရှိုင်မိုင်လာရော”

“ပြခန်းမှာ၊ အိမ်ပြန် နည်းနည်းမိုးချုပ်မယ်ပြောတယ်”

“ဘာ! ”

“လန့်လိုက်တာကွာ။ ဖြေးဖြေးပြောပါ”

“သူက ပြခန်းမှာ ဘာကိစ္စနဲ့ ဒီလိုအချိန်ထိ နေရတာလဲ”

“သိချင်ရင် မေးကြည့်ပေါ့”

“မမေးချင်ဘူး”

“ကိုယ်ရေးကိုယ်တာကိုစပ်စုတတ်တာ မင်းရဲ့အကျင့်မှမဟုတ် တာ”

“မင်းကရော ဘာကိစ္စနဲ့နောက်ကျနေရတာလဲ။ ငါစောင့်နေတာ ဘယ်လောက်ကြာပြီမှတ်သလဲ”

“ငါ့ကိုစောင့်နေတယ်? ”

“အေး”

“ဘာလုပ်ဖို့လဲ”

“မိသားစုပဲ၊ မစောင့်ရတော့ဘူးလား”



“မိုးကြိုးတွေတော့ အတုံးလိုက်ပစ်ချတော့မှာပဲ”

“မင်း မနက်က ဘာဖြစ်လို့အစောကြီးထွက်သွားတာလဲ”

“အဲ့ဒါမေးဖို့စောင့်နေတာလား”

“ငါမေးတာကိုတည့်တည့်ဖြေရင် မိုးကြိုးပစ်မှာမို့လား”

“တစ်နေရာ သွားစရာရှိလို့ပေါ့”

“မိန်းကလေးရှိတဲ့နေရာက အဲ့လောက်ကြီး ဝီရိယကောင်း ဖို့ လိုလား”

“ငါ မိန်းကလေးဆီသွားတယ်ဆိုတာ မင်းက ဘယ်လိုလုပ် သိသလဲ”

“မင်းရဲ့အကြိုက်ဆုံးက မိန်းမလှပဲ၊ ဘာမှစဉ်းစားစရာမရှိဘူး”

“ဒါပေမဲ့ အခု ငါ မိန်းမလှမကြိုက်တော့ဘူး”

“ထူးထူးဆန်းဆန်း”

“တကယ်တမ်းထူးဆန်းနေတာက ငါမဟုတ်ဘူး၊ ရုတ်တရက် ကြီး ဘာကြောင့် လာစစ်နေရတာလဲ”

“ရှိမိုင်လာ ပြခန်းမှာရှိတာ သေချာလား”

“သူပြောပုံအရတော့ ပြခန်းမှာပဲ၊ သူ မလိမ်တတ်ပါဘူး”

“တစ်ယောက်တည်းလား”

www.burmeseclassic.com

www.burmeseclassic.com



“အဖော်တစ်ယောက်ယောက်တော့ ရှိချင်ရှိမှာပေါ့”

“အဖော်? ”

“အင်း, ဘာဖြစ်လို့လဲ”

“မိန်းကလေးအဖော်လား”

“အဲ့ဒါတော့ ငါမသိဘူး။ နေစမ်းပါဦး. . .မင်းက ဘာကိစ္စနဲ့ လိုက်မေးနေရတာလဲ”

ဟူသော ရိုင်းနင်၏အမေးကို သူ့မဖြေပါဘဲ ဘောင်းဘီအိတ်ကတ်ထဲမှ ဖုန်းကိုနှိုက်လိုက်ပြီး. . .

“ရှိမိုင်လာ မင်း ခုချက်ချင်းအိမ်ကိုပြန်လာပါ”

“. . . ”

“ဘာဖြစ်ဖြစ်ပေါ့။ နောက်တစ်နာရီဆို ငါသေတော့မယ်ဆိုရင်ရော မင်းအလုပ်ရှုပ်နေဦးမှာလား”

“. . . ”

“ဆယ်မိနစ်အတွင်း ရောက်အောင်ပြန်ခဲ့”

ဟုဆိုကာ ဖုန်းကိုပိတ်လိုက်ပြီး မသိမသာပြုံးလိုက်ပါသည်။

“ဘွန်ဖိုင်, သူအလုပ်များနေတယ်”

သူက လိုလားချက်ပြည့်ပြီမို့ ရိုင်းနင်ကိုဘာမှမပြောတော့ဘဲ



ဆက်တီမှာသာထိုင်ပြီး ဖုန်းကိုကြည့်၍ ပြုံးနေလိုက်ပါသည်။

“မင်းဘာဖြစ်နေတာလဲ ဘွန်ဖိုင်”

“စောင့်ရှောက်နေတာ. . . ဟား ဟား. . . ငါ့အစ်ကိုတွေကို စောင့်ရှောက်နေတာ”

“တစ်မိပေါက် တစ်ယောက်ထွန်းဆိုတာ ဒါကိုပြောတာ ထင်တယ်”

“ဘာလဲ”

“မနေ့တစ်နေ့ကထိ မင်းက ပုံမှန်ပဲ။ ဒီနေ့ဘာဖြစ်သွားတာလဲ”

“ငါ့ကိုအရူးလို့ပြောချင်တာလား”

“မရူးဘူးဆို, ဘာလို့ အကြောင်းမဲ့ ရှိမိုင်လာကိုခေါ်တာလဲ”

ဟုပြောချိန်မှာတော့ သူက ဘာပြန်ဖြေရမှန်းမသိဖြစ်သွားရပါသည်။ ‘သူမနဲ့အတူရှိနေမှာကို စိုးရိမ်လို့’လို့ဖြေရမှာလား။ ‘ခေါ်ချင်လို့ ခေါ်တာ’ဟု ဘုတောပစ်ရမှာလား။

“ဘွန်ဖိုင်”

“အား, ချမ်းလာပြီ။ မနက်တည်းက ငါဖျားချင်နေတာ။ ပြောရင်းဆိုရင်း ခေါင်းတောင်မူးလာပြီ။ မရတော့ဘူး။ ငါ အခန်းထဲဝင်ပြီး အိပ်တော့မှဖြစ်မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်တရက်ကြီး ဘာဖြစ်သွားရတာလဲ"

"အမှန်က ငါ မင်းတို့ကိုပြောစရာရှိနေတာ၊ အခု ငါမပြောနိုင်တော့ဘူး။ ရိုမိုင်လာရောက်လာရင် အဲ့လိုပြောလိုက်။ ငါ့ကိုလာမရှိုးနဲ့နော်"

ဟု လက်ကိုပိုက်ပြီး တကယ်ချမ်းနေပုံမျိုးနှင့် အရပ်ရှည်ကြီးနှင့်မလိုက်ဖက်အောင်ကို ကုပ်ကိုင်းကိုင်းလေးထွက်သွားသောဘွန်ဖိုင်ကိုကြည့်ပြီး. . .

"ဘယ်တုန်းက သူဟန်ဆောင်တတ်သွားတာလဲ၊ ဟန်ဆောင်တာက မပိရိလိုက်တာ"

သူ့မှာ ဘာမှန်းမသိအောင် ပဟေဠိတွေပေးသွားတဲ့ဘွန်ဖိုင်ကိုသာကြည့်ပြီး ပွစိပွစိနှင့် အပြင်ထွက်လာခဲ့ရာ ဆင်ဝင်အောက်ထိုးဆိုက်လိုက်တဲ့ရိုမိုင်လာရဲ့ကားနှင့် ပက်ပင်းတွေ့မိသွားရပါသည်။

"ဘွန်ဖိုင်ရော"

"အိပ်နေပြီ"

"ဘာ! "

"ချမ်းလို့တဲ့၊ နေမကောင်းချင်ဘူးဆိုပြီး ပြေးဝင်သွားတာ"

"ဆရာဝန်ကို ဖုန်းမဆက်ဘူးလား"



"အဲ့လောက်ထိ လန်းဆန်းနေတဲ့လေသံနဲ့ ဆရာဝန်က လာရတာပဲ အလုပ်ရှုပ်မယ်"

"ဟာ, မင်း ကြင်နာမှုနည်းလှချည်လား ရိုင်းနင်။ ဘွန်ဖိုင်က မင်းရဲ့ညီအရင်းကြီးနော်"

"အဲ့လိုသာ သဘောရိုးနဲ့ကြင်နာပြရင်တော့ ဘွန်ဖိုင်ရဲ့အာပလာသဲ မင်းမျှောသွားမယ် ရိုမိုင်လာ"

သူ ရိုင်းနင်ကို နည်းနည်းစိတ်တိုမိပါသည်။

အေးစက်တဲ့နှလုံးသားရှိတယ်ဆိုလည်း ဒီနေရာမှာတော့ မအေးစက်သင့်ဘူးဟုထင်ပါသည်။

"ဒါကြောင့် ဘွန်ဖိုင်က ငါ့ကိုဖုန်းဆက်ခေါ်တာကိုး"

ဟုဆိုကာ ရိုင်းနင်ကိုစိတ်ဆိုးဆိုးနှင့်ပင် အိမ်ထဲဝင်မည်အပြုတွင်. . .

"ငါ့ညီအရင်းခေါက်ခေါက်ကြီး သေမှာတော့ ငါက ခုလိုလက်ပိုက်နေနိုင်ပါ့မလား။ အခုလောက်ဆို တံခါးလော့ခ်ချပြီး၊ မပိတ်ချင်တဲ့မျက်လုံးကို ကြိတ်မှိတ်ပိတ်နေလောက်ပြီ၊ မင်းသွားခေါ်လည်း အဲဒီတံခါးဖွင့်ပေးမယ်ထင်သလား"

"ဘာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုဖုန်းဆက်တဲ့အချိန်က သူ့နားမှာ ငါရှိတယ်"

"ဘာ! "

"ဘာတွေဖြစ်နေတာလဲမသိဘူး။ ထူးဆန်းတာတော့အ
ဆေးစားမှားထားတာမဟုတ်ရင်တော့ ကျန်းမာရေးဆေးရုံမှာ သွား
သင့်ပြီ"

"မင်းဘာတွေပြောနေတာလဲ ရိုင်းနင်"

"ဩော်, မင်းရဲ့ကဗျာတွေက ဘာကြောင့်အချစ်မပါရ
ရှိမိုင်လာ"

"မင်းလည်း ဆေးရုံသွားသင့်ပြီ ရိုင်းနင်"

"အချစ်နဲ့တွေ့ရင် စိတ်တွေက ကယောက်ကယက်နဲ့တဲ့
ပဲဖြစ်ဖြစ် လူတွေဟာ အချစ်ကိုတွေ့ရင်တော့ အနည်းငယ်ပြောင်း
တတ်ကြပါလား"

"ငါတို့အိမ်သားတွေက ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး"

ဟု သူ့ကိုစိတ်ပျက်ပျက်ကြီးကြည့်ပြီး ဝင်သွားသောရိုင်
ကို သူကြည့်နေဖြစ်ခဲ့ပါသည်။ သို့သော် သူ့ရဲ့အမြင်အာရုံထဲမှာ
ရှိနေတာက ရှိမိုင်လာရဲ့ကျော့ပြင်မဟုတ်တဲ့မျက်နှာလေးတစ်ခုပါ။

## အခန်း (၁၈)

"မနေ့က ဘာဖြစ်လို့ ဖုန်းဆက်ပြီးခေါ်ရတာလဲ"

ဟူသောအသံက အနောက်နားဆီမှ ထွက်ပေါ်လာ၍ သောက်လက်စကော်ဖီပင် သီးသွားရပါသည်။

"အဟွတ်. . . အဟွတ်"

"ကျန်းကျန်းမာမာရှိပုံမျိုးကြီးပါ"

"အင်း, အဲ, မင်းဘာဖြစ်လို့ အပြင်မသွားသေးတာလဲ"

ဟုမေးတော့ ရှိမိုင်လာက သူ့ကိုစိတ်ဝင်စားသလိုကြည့်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုမိုင်လာရော ရိုင်းနင်ပါ အပြင်သွားပြီထင်ပြီး ထွက်လာရာမှ သူတကယ်ရှောင်တဲ့ရိုမိုင်လာနှင့်မှ တန်းတိုးမိခြင်းဖြစ်ပါသည်။

"ဗလီညာက ဘယ်လိုမိန်းကလေးမျိုးလဲ"

"ဘာ! "

အခုလိုကြီး တည့်တိုးကြီးမေးလာမယ်မထင်၍ ကိုင်ထားသော မုန့်ပင် လွတ်ကျချင်သွားရပါသည်။

"အဲ့လောက်ထိပဲ မုန်းသလား"

"မင်းက ဘာဖြစ်လို့သိချင်တာလဲ"

"သိထားရင် ကောင်းမလားလို့ပါ။ ဘာပဲဖြစ်ဖြစ် မင်းက သူနဲ့ နည်းနည်းရင်းနှီးတယ်လေ"

"ရင်းနှီးတယ်? "

"အထက်တန်းတည်းကဆို"

"သူပြောတာလား"

"သူက ဂိုးသားပြီး ပွင့်လင်းတယ်"

"တစ်လောကလုံးမှာ မင်းတစ်ယောက်ပဲ သူ့ကို ချီးကျူးတယ်"

"သူက ဘာဖြစ်လို့လဲ"

"ရိုမိုင်လာ"

"သူ ဘာကြိုက်တတ်သလဲ။ ဘယ်အချိန်မှာ ဘယ်သွားတတ်သလဲ"

"ငါ့ကိုမေးနေမယ့်အစား သူ့ကိုပဲသွားမေးပါလား"

"အတန်းတူဆိုတော့ သိမလားလို့ပါ"

"အဲ့ဒီလိုမိန်းကလေးမျိုးကို အချိန်ကုန်ခံပြီးကြည့်နေဖို့ ငါ့မှာ အချိန်မပိုဘူး ရိုမိုင်လာ"

"ဟုတ်သားပဲ မင်းက စာနဲ့ငွေပဲ သိတဲ့လူကိုး"

"မင်းနဲ့ ရိုင်းနင်"

"ငါသွားတော့မယ်"

သူ့စကားကိုဆုံးအောင်ပင် နားမထောင်နိုင်တော့ဘဲ ထွက်သွားသောရိုမိုင်လာကြောင့် သူ့မှာ စကားပင် ဆုံးအောင်မပြောလိုက်ရဘဲ တို့လို့တန်းလန်းပဲ ရပ်ထားလိုက်ရပါသည်။

"ဘယ်လိုကောင်လဲမသိဘူး"

ဟုပါးစပ်မှပွစိပွစိလေးပြောကာ သူပါ ထိုမနက်စာဝိုင်းမှ ထ၍ ကျောင်းသွားဖို့ထလာခဲ့ပါတော့သည်။

ကျောင်းရောက်တော့ ကားကိုနေရာရှာကာ ရပ်လိုက်ပြီး ကား

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှဆင်းမည်အပြုတွင် မောင်းဝင်လာသောရိုင်းနင်ရဲ့ကားကြောင့် ပွင့်နေပြီဖြစ်သောတံခါးကိုချပ်ကိုပြန်ဆွဲပိတ်ပြီး ချောင်းကြည့်ဖြစ်သွားပါသည်။

သူ ချောင်းကြည့်နေစဉ်အတွင်းမှာပဲ ကားထဲမှ ဗလီညာက ဆင်းလာခဲ့တာကိုတော့ တွေ့ရ၏။ ဒီတစ်ခါမှာတော့ ဗလီညာက မျက်နှာကြီး သုန်မှုန်ကာ ပွစိပွစိနှင့်မဟုတ်တော့ဘဲ ရွှမ်းရွှမ်းဝေနေသောအပြုံးများနှင့်ပင် ရိုင်းနင်ကိုနှုတ်ဆက်နေပါသေး၏။

''ရင်းနီးမှုက မြန်လှချည်လား။ ဒီလိုလွယ်တဲ့မိန်းကလေးမျိုးကို ငါက အထင်မကြီးဘူး''

ဟုပင် မနေနိုင်မထိုင်နိုင်ပင် ပွစိပွစိလေးပြောလိုက်မိသေး၏

''ဘွန်ဖိုင်''

ကားပေါ်က ဆင်းဆင်းချင်းပင် ခေါ်သံကြောင့် သူစိတ်ရှုပ်သွားရပါသည်။

''ငါနဲ့စကားအေးအေးဆေးဆေးပြောရအောင်''

''မင်းနဲ့ပြောစရာစကား ငါ့မှာမရှိဘူး အောင်ကိုလတ်''

''ငါသိချင်တယ်။ အဲ့ဒီခန်းမကို ငါ့ကိုဘာလို့မငှားနိုင်တာလဲ''

''တစ်လောကလုံးမှာ ငါ့ခန်းမတစ်ခုတည်းရှိတာမှ မဟုတ်တာ''



''အဲ့ဒါနဲ့ပဲအဆင်ပြေမှာမို့ပါ။ ငါက အကောင်းဆုံးလုပ်ချင်တယ်''

''ငါ ငှားပြီးသွားပြီ''

''အဲ့ဒါအပေါ်ဆုံးထပ်ပါ။ ငါ့အတွက် အလယ်ထပ်လောက်ဆိုအဆင်ပြေမယ်''

''ငါနားမလည်ဘူး။ ပန်းချီပြပွဲကိုတော့ ငှားပြီ၊ မင်းက ဘာပွဲမို့လဲ. . . ဟမ်း''

''ပန်းချီပြပွဲထက် မနိမ့်တဲ့အဆင့်ပါ''

''မငှားနိုင်ဘူး''

''ဘွန်ဖိုင်''

''မင်း လူစကား နားမလည်ဘူးလား။ စကားတစ်လုံးကို ထပ်ခါထပ်ခါပြောတဲ့လူက အနိမ့်ကျဆုံးလူပဲ''

''ဘာ! ''

''ပြောလို့ပြီးပြီမဟုတ်လား''

ဟုဆိုကာ သူက သွားမည်အပြုတွင်. . .

''မင်း ဆက်လက်ပြီး ထောင်လွှားနိုင်ပါစေလို့ ငါဆုတောင်းတယ် ဘွန်ဖိုင်''

''ငါကရော မင်းလိုကောင်ရဲ့ဆုတောင်းကိုဂရုစိုက်နေမယ် ထင်

www.burmeseclassic.com

www.burmeseclassic.com



သလား''

''တောက်!''

ထိုတောက်ခေါက်သံကြောင့် သူပြုံးမိသွားပါသည်၊ ထိုအပြုံး

သူ့လောက်တော့ ရယ်ချင်တယ်ဆိုတဲ့ ထိမထင်အပြုံးမျိုးပါ။

''ရှင် စကားကို ဒီ့ထက်ယဉ်ကျေးအောင် မပြောတတ်ဘူးလား''

ဟု သူ့ရှေ့မှာ ဘွားခနဲပေါ်လာသည့်မိန်းကလေးကြောင့်

ထဲမှာ ဒေါသဖြစ်ချင်နေတဲ့သူက. . .

''မင်းကရော ယဉ်ကျေးလိမ္မာကျောင်းဆင်းမို့လား''

''ဒီပုံအတိုင်းဆို ရှင့်ရဲ့ကံကြမ္မာကိုမတွေးရဲစရာဘဲ ဘွန်နိုင်

''မင်းအပူမပါပါဘူး။ ဒါ မင်းကိစ္စမဟုတ်ဘူး''

''ရှင်တို့ညီအစ်ကိုတွေထဲမှာတော့ ရှင်ဟာ အမောက်မာ

အထောင်လွှားဆုံးပဲ''

''အဲ့ဒါ မင်းဝေဖန်စရာမလိုဘူး ဗလီညာ။ ဒါမျိုး ရှိုင်း

ရှိမိုင်လာကိုပဲ ပြောလို့ရချင်ရမယ်။ ငါက ဘွန်ဖိုင်။ မင်းပြောသ

ကြားနာရအောင် မင်းမှာ ငါ့ထက်သာတဲ့အဆင့်မရှိဘူး''

''ရှင်စကားပြောတာ ရင့်လှချည်လား''

''သူများအကြောင်း စိတ်ဝင်တစားဝင်ပါတတ်တဲ့ နိမ့်ကျ



အကျင့်ဆိုးက မင်းရဲ့စိတ်ဓာတ်လား''

''ဘာ!''

''ငါ့အရှေ့က ဖယ်လိုက်ပါ''

''ရှင့်လိုလူမျိုးနဲ့ မျက်နှာချင်းဆိုင်စကားပြောနေရတာတောင် တော်တော်အောက်နေပြီ''

''ဘာ!''

''ရှိမိုင်လာရဲ့ဖုန်းနံပါတ်ပေးပါ''

''ဘာ!''

''ကျွန်မကိုပေးထားတာ ကျပျောက်သွားလို့''

''အရှက်မရှိတဲ့မိန်းမ''

''ဘာ!''

''ကားနဲ့ခေါ်တိုင်းလိုက်တတ်တဲ့ခပ်ပေါပေါမိန်းမကို ငါက ရှိမိုင်လာရဲ့ဖုန်းနံပါတ် ပေးမယ်ထင်နေသလား။ မင်းရဲ့အဆင့်လောက်နဲ့ ရှိမိုင်လာကိုကျိတ်ပိုးနေတာ မရှက်ဘူးလား။ လေကျယ်တဲ့မင်းကလည်း ဒီအဆင့်ပဲ၊ ရှိုင်းနင်ကိုလည်း အလွတ်မပေး။ ရှိမိုင်လာကိုလည်း အမိဖမ်းချင်၊ အဲ့လောက်ထိ ငွေမက်တဲ့မိန်းခလေးလား. ဟမ်း။ အဲ့လောက်ထိပဲ ငွေတွေ၊ ကားတွေ၊ ကြိုက်လွန်းရင်လည်း. . . . . .ကိုသွား။ မင်း

www.burmeseclassic.com

www.burmeseclassic.com



အတွက် မခက်ပါဘူး''

''ဖြန်း!. . .''

သူမဒေါသတွေကို မချုပ်တည်းနိုင်တော့ပါ။ ပူထူသွားရတဲ့ ပါးပြင်ကြောင့် သူဒေါသဖြစ်သွားရပါသည်။

သူက အသားနာသွား၍ ဒေါသဖြစ်ဖြစ်ပင် သူမကိုစူးရဲစွာ စိုက်ကြည့်ဖြစ်သွားသလို သူမကလည်း ဒေါသနှင့် သူ့ကိုစူးရဲစွာစိုက် ကြည့်နေရာ အကြည့်နှစ်စုမှာ မီးတောက်များသဖွယ် လမ်းခုလတ်တွင် တောက်လောက်နေရပါ၏။

''မိုက်ရိုင်းတယ်''

ဟုအတွင်းသံကြီးနှင့်ဆိုကာ နောက်တစ်ချက်လွှဲရိုက်ရန် ဟန် ပြင်လိုက်စဉ်မှာတော့ သူမ၏လက်မှာ လေထဲတွင် ရပ်တန့်သွားရပါ တော့သည်။

''ငါ့အသားကို ဘယ်သူမှမထိခဲ့ဖူးဘူး''

သူမရဲ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသောသူက ဒေါသသံကြီးနှင့်ပြောလိုက်သည့်တွင် ဒေါသဖြစ်နေသောသူမပင်လျှင် ကြက်သီးထသွားရပါသည်။

သူက သူမကို အားပြင်သည့်အကြည့်မျိုးနှင့်ကြည့်နေခဲ့သည်



မှာ မမိုတ်မသုန် စူးစူးရဲရဲကြီးဖြစ်ပါသည်။

''ဘွန်ဖိုင်, ငါ့လက်ကိုလွှတ်စမ်း!''

''မင်းတစ်ခုခုပေးဆပ်ရမယ် ဗလီညာ''

ဟုသာ အေးစက်စက်ကြီးဆိုပြီး ဆုပ်ကိုင်ထားသောသူမရဲ့ လက်ကိုဆောင့်ဆွဲကာ. . .

''ဟင်. . .''

ထိုရန်ပွဲကို စိတ်ဝင်တစားနှင့် တစ်ရိပ်တစ်စောင်းအကဲခတ် နေသူအပေါင်းတို့မှာ အာမေဋိတ်သံတွေနှင့် ငြိမ်သက်သွားရပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဘွန်ဗိုင်"

စိတ်တွေ ဂယောက်ဂယက်နှင့် ရောက်တတ်ရာရာဖြစ်နေသော သူက ခေါ်သံတိုးတိုးလေးဆိုပေမယ့် လန့်သွားရပါသည်။

"မင်းကို ငါကြည့်နေတာကြာပြီ၊ ဘာဖြစ်နေတာလဲ။ အိပ်ခန်းထဲဝင်လိုက်ပြန်ထွက်လိုက်၊ ဂိမ်းဆော့လိုက်၊ ရေထသောက်လိုက်၊ လမ်းလျှောက်လိုက်နဲ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

ဟုသာ ဖွတ်ခြင်းပြီး ရိုင်းနင်ရှေ့မှထွက်လာကာ အပေါ်ထပ်

www.burmeseclassic.com

www.burmeseclassic.com

ဝရန်တာသို့ တက်လာခဲ့ပြန်ပါသည်။

သည်တွင် ဝရန်တာမှာ ကော်ဖီသောက်နေသော ရှိုင်လာကို ထပ်တွေ့ရပြန်ပါသည်။

"ဘာရယ်နေတာလဲ၊ လာချင်လည်းလာလေ"

"ငါရောက်နေတာ ဘယ်လိုလုပ်သိလဲ"

"ပထမတော့ လမ်းလျှောက်သံက ကျယ်တယ်။ ပြီးတော့ တိုးသွားတယ်။ နောက်တော့ ရပ်တန့်သွားတယ်။ ရှိုင်းနင်က ဒီလိုမှ မဟုတ်တာ။ အမြဲတမ်းပုံမှန်ပဲ၊ သိပ်ပြီးအပြောင်းအလဲမရှိဘူး"

"စိတ်ကိုဖတ်နေတာလား"

"ကဗျာတစ်ပိုဒ်ကို တွေးနေတာပါ"

"ကဗျာ? "

"အချစ်ကဗျာ ရေးရမလားလို့ပါ"

"အချစ်? "

"ဆန်းကြယ်လို့ တွေးစရာကြီးဖြစ်နေတာပါ"

"တစ်ဦးတစ်ယောက်က အခြားတစ်ယောက်ကို ဘယ်အချိန်မျိုးတွေမှာ ချစ်မိတတ်သလဲ"

"အခုဆင်း၊ အန္တ အသံရဲ့စိတ်ခံစားမှုက အခြေခံမယ်ထင်တယ်"



"ငါသိပ်နားမလည်ဘူး"

"အထိအတွေ့ပေါ့။ အယောက်ျားနဲ့မိန်းမဆိုတဲ့မတူညီတဲ့ခာတ်သဘောက ထူးဆန်းသာ။ ယောက်ျားချင်း ပခုံးဖက်လိုက်တာဟာ ခာတ်သဘောအရရော၊ စိတ်ခံစားမှုအရပါ ဘာမှမထူးဘူး"

ဟုဆို၍ တစ်ခုခုကိုစဉ်းစားပြီးမှ. . .

"ငါ မိန်းကလေးတစ်ယောက်ရဲ့လက်ကို မထင်မှတ်ဘဲ ကိုင်မိသွားတယ်။ ထိမိသွားတယ်ပြောရင် ပိုမှန်မယ်။ ဘာကြောင့်မှန်းမသိဘူး၊ ရင်ခုန်သံတွေတဒိတ်ဒိတ်နဲ့ နေမရအောင်ကို ဆူညံသွားတယ်"

ဟု ရင်ဖွင့်ပြောဆိုလာသည်မှာတော့ သူ့မျက်ဝန်းတွေမှာ တောက်ပသွားရကာ သူ၏ဘယ်ဘက်ရင်အုံးကိုပုတ်ပြလိုက်ပြီး. . .

"ဒီနေရာမှာလား"

"အင်း"

"ငါလည်းဖြစ်ဖူးတယ်"

"ဟမ်း"

"စိတ်ဆိုးနေတော့ ကောင်း၏ဆိုး၏ဆိုတာမျိုးကို ငါ့စိတ်ထဲမှာ မတွေးမိလိုက်ဘူး။ ငါ့ကိုတတွတ်တွတ်နဲ့ပြောနေတဲ့သူ့နှုတ်ခမ်းကို ငါမှန်းသွားတယ်။ ဒေါသဖြစ်ဖြစ်နဲ့ ဆွဲနမ်းပစ်လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်း"

"အဲ့လိုလုပ်ပြီးမှ ငါ့ရင်ဘတ်ကြီး ဘာဖြစ်သွားမှန်းမသိဘူး တဒိတ်ဒိတ်နဲ့ ပွင့်ထွက်နေတယ်ထင်ရတယ်"

"ဘွန်နိုင်"

"ဘာလဲ"

"မင်းက ကောင်မလေးကိုဆွဲနမ်းတယ်?"

"အဲ, ငါ အဲ့လိုပြောမိလို့လား"

"ရှက်မနေပါနဲ့ကွာ"

ဟုဆိုကာ အေးစက်စက်အပြုံးနှင့် သူတို့နားရောက်လာသော ဆရာကြီးရိုင်းနင်က ဝရန်တာကိုမှီရပ်လိုက်ပြီး. . .

"မင်း ငါသင်ပေးတဲ့အတိုင်း လုပ်လိုက်တာပေါ့"

"အမှန်က အဲ့ဒီအကြောင်းမျိုးက လုံးဝစိတ်ထဲမှာမရှိဘူး ဘာဖြစ်သွားသလဲဆိုတာလည်း ငါမသိဘူး"

"ဩော်, ဒါကြောင့် မင်းဒီလိုဖြစ်နေတာကိုး"

"မင်းကို အဲ့ဒီမိန်းကလေးက ကြိုက်လား"

"မသိဘူး"

"ဝေးလိုက်တာ ရိုမိုင်လာရာ၊ မကြိုက်ဘဲနဲ့ ဘာလို့ အနမ်း



ဘာလဲ။ မင်းကိုပါးရိုက်သွားသလား"

"ရိုက်တယ်"

"ဟမ်း"

"ရိုက်မှာပေါ့ကွာ. . . မင်းတို့က ရည်းစားမတော်ရသေးဘူး မဟုတ်လား"

"အင်း, မတော်သေးဘူး"

"အဆင့်ကျော်ပြီးလုပ်မှတော့ ဟိုက တီးထည့်တာတောင် နည်းသေးတယ်"

"ဟုတ်တယ်၊ မင်းကအရင် ရည်းစားစကားပြောသင့်သေးတယ်"

"ဘယ်လိုပြောမလဲ၊ ငါကမှ သူ့ကိုမကြိုက်တာ"

"မကြိုက်ဘူး?"

"အံ့သြပါတယ်။ မကြိုက်တဲ့မိန်းကလေးကို"

"စိတ်တိုလို့ပေါ့"

"ဩော်, သိပြီ။ ငါပြောတဲ့နည်းအတိုင်း အကောင်းဆုံးအရှက်ခွဲနည်းပေါ့"

"အဲ့ဒီလိုလည်းမဟုတ်ဘူး၊ အဲ့လိုနည်းကိုသုံးတာလည်းမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

“ဘာလဲကွာ။ မုန့်လုံးနဲ့ကျွာအေးဖြစ်နေပြီ”

“ငါ့ကိုပြောနေတဲ့အဲ့ဒီနှုတ်ခမ်းကို ငါကြည့်ရင်းနဲ့ ဒေါသဖြစ်လာတယ်။ အဲ့ဒါကြောင့်ပဲ သူတော်တော်ရှက်သွားပုံရတယ်။ ငါ့ကိုတောင်ရန်မတွေ့နိုင်ဘဲ တန်းပြေးတော့တာပဲ”

“ပါးရိုက်သေးတယ်ဆို”

“ကြိုရိုက်ထားတာ”

“မင်းဇာတ်လမ်းက ပိုင်းပြီး စိတ်ကူးတိုရမှာလား။ ရယ်ရ[illegible]လား”

“နေဦး၊ ရှက်သွားတယ်ဆိုတော့ မင်းကိုလား။ တခြားလူ[illegible]လား”

“မသိဘူး”

“ဘာ! ”

“လူတွေတော်တော်များများတော့ မြင်လိုက်ကြတယ်။ [illegible] မပြောနဲ့။ ပြီးမှ Subject ကြီး ငါတောင် ပူထူသွားတယ်”

“ကွယ်ရာမှာမဟုတ်ဘူးလား”

“ရည်းစားမဟုတ်ဘူးဆိုမှတော့ ချိန်းတွေ့ပြီး ကွယ်ရာမှာ[illegible]ပါ့မလား”



“ဒါဆို”

“ကားပါကင်အကျော်က စားသောက်ဆိုင်ရှေ့မှာ”

“အားပါးပါး. . . အာဂသတ္တိပဲ ဟော့ကောင်”

“ကဲ၊ ရိုင်းနင်၊ မင်း၊ ဘွန်ဗိုင်ကို ဆရာခေါ်လိုက်စမ်း”

“ချီးကျူးတယ်ကွာ။ ရည်းစားများတဲ့ငါတောင် အဲ့ဒီလိုမလုပ်[illegible]ဘူး”

“ငါဘာလုပ်ရမလဲ”

“မင်းက ဘာလုပ်ချင်လို့လဲ”

“နေလို့မရတော့ဘူး။ ရင်တွေ ပွင့်ထွက်တော့မယ်ထင်တယ်။ [illegible]ိုင်ခုံမှာလည်း ထိုင်မရဘူး။ ရေခဲရေသောက်လေ, ပူလေပဲ၊ ငါ့အတွက် [illegible]နေစရာနေရာမရှိဘူးဖြစ်နေပြီ”

ဟုဆိုလျှင် ရိုင်းနင်ရဲ့မျက်ဝန်းမှာ အဓိပ္ပာယ်တစ်မျိုးနှင့် လင်း[illegible]သွားချေပြီ. . .

“ငါတို့ထက် စွာသွားပြီပဲ”

“ငါဘာလုပ်ရမလဲ ရိုင်းနင်”

“အကောင်းဆုံးကတော့ စိတ်ငြိမ်ဆေးသောက်ပြီး အိပ်လိုက်”

“သောက်ပြီးပြီ”

www.burmeseclassic.com

www.burmeseclassic.com



''ဟမ်း''

''မျက်စိလည်း ပိတ်လို့မရဘူး''

''ရောဂါကတော့ ရင့်ပြီထင်တယ်''

''မင်းဘာဖြစ်ချင်သလဲပြော''

''မသိဘူး။ ငါဘာဖြစ်ချင်သလဲဆိုတာ ငါ့ကိုယ်ငါမသိတော့ဘူး ငါ မနက်ဖြန်ရောက်ချင်နေပြီ။ ဒါပေမဲ့ မရောက်ချင်ဘူး။ ဘာတွေဖြစ် နေသလဲမသိဘူး။ ပျော်သလိုလို မပျော်ဘူးလိုလိုနဲ့ အီလည်လည်ကြီး ပြီးတော့ စကားလည်းပြောချင်သလိုလိုနဲ့ မပြောချင်ဘူးဖြစ်နေတယ်''

''သေချာပြီ မင်းကို ဗီးနပ်စ်နတ်သမီး ဖမ်းစားသွားပြီ''

''သူက နတ်သမီးမဟုတ်ဘူး။ ငရဲပြည်က အကြီးအကဲရဲ့ အဆိုးဆုံးသမီး. . .''

''ဘာ, ဟား. . . ဟား''

ရှိမိုင်လာနဲ့ ရှိုင်းနင်မှာ သူ့စကားကိုဟက်ဟက်ပက်ပက်ရယ် နေကြပါသော်လည်း သူကတော့ မရယ်နိုင်လောက်အောင်ကို ရင်ထဲ ပြည့်အင့်နေရပါသည်။

❖ ❖ ❖

## အခန်း (၂၀)

''ဗလီညာ, နင် ခုထိအိပ်ရာမထသေးဘူးလား''

ဟူသော မေမေ့အသံကိုကြားတော့ သူမက တခါးဘုကိုချုပ် လိုက်၏။

''ဒေါက်! ဒေါက်! ''

သူမ မသိချင်ယောင်ဆောင်ကာ စောင်ကိုဆွဲခြုံထားပြန်၏။

''ဗလီညာ. . .''

''ဒေါက်! ဒေါက်! ''

''အခန်းထဲမှာ အသံတိတ် သေသွားပြီလား''

www.burmeseclassic.com

www.burmeseclassic.com



ဟု ပွစိပွစိပြောကာ ထွက်ခွာသွားသောခြေသံ ကြားတော့မှ စောင်ခြုံကြားထဲမှ မျက်နှာကိုဖော်ကာ. . .

"ဟူး. . ."

ထိုသို့သက်ပြင်းမှုတ်လိုက်ချိန်တိုင်းမှာ ပေါ်လာတတ်တဲ့ မျက်နှာတစ်ခုကြောင့် မျက်လုံးတွေကို ပိတ်ချပစ်လိုက်ပါသည်။

"သေနာကောင်, တွေ့မယ်။ ဟင်း, အား. . . ရှက်လိုက်တာနော်"

စောင်ကြီးကိုဆွဲတင်ကာ ခေါင်းမြီးခြုံထားလိုက်ပြန်ပါသည်။

ထိုအချိန်မှာပင်. . .

"ကလစ်"

တံခါးရွက်ဆီမှအသံကိုကြားရ၍ သူမမှာ ငြိမ်သက်၍နေလိုက်ပါသည်။ ပြဿနာပဲ၊ အဲဒီမေမေက တံခါးကို သော့နဲ့ဖွင့်ပြန်ပြီထင်တယ်။

"ဟဲ့, အခုချိန်ထိ အိပ်ရာမထသေးတာ ဘာဖြစ်နေလဲ။ ရည်းစားပူ မိနေတာလား"

အမှန်တရားကို ရုပ်ထိမှန်သွားတဲ့မေမေ့စကားကြောင့် သူမမှာ တုန်ခနဲဖြစ်သွားရပါသည်။

သို့သော် ဆက်လက်၍ငြိမ်သက်နေဆဲ. . .



"အချိန်ကိုလည်း ကြည့်ပါဦး။ ထတော့၊ ညည်းကျောင်းသွားရဦးမှာ"

ဒီနေ့ သူမ ကျောင်းမသွားချင်ပါ။ မေမေကို ကျောင်းမသွားချင်ပါဘူးဟုဆိုပြီး ပေးစရာအကြောင်းပြချက်ကလည်း နိုင်နိုင်လုံလုံမရှိသေးသောကြောင့် အိပ်ပျော်နေပါတယ်ဆိုသောပုံနှင့် ဆက်လက်၍ ငြိမ်သက်နေလိုက်ပါသည်။ သူမသဘောကတော့ မေမေအပြင်သွားမှ ထပြီး စားသောက်မယ်ပေါ့။

"အိပ်ချင်ယောင်ဆောင်မနေနဲ့ ဗလီညာ၊ မင်းရဲ့ခြေထောက်က လှုပ်တုတ်လှုပ်တုတ်နဲ့။ ထစမ်း! ပိုက်ဆံ ဘယ်လောက်ထိ အကုန်ခံထားရတယ်မှတ်သလဲ။ နောက်လအနည်းငယ်ဆို ပြီးတော့မှာ။ ထ"

ဟုဆိုကာ ခြုံစောင်ကိုဆွဲခွာလိုက်တော့ နှုတ်ခမ်းပြင်တွင် ချွေးစတို့ စို့တက်နေသောသူမမှာ ငေါက်ခနဲထထိုင်ခဲ့ရပါသည်။

"ညည်းနိုးနေတာကြာပြီမဟုတ်လား"

"ဟား, အိပ်ချင်သေးတယ်"

"ငါက ညည်းကိုမွေးခဲ့တဲ့အမေ။ လုပ်တဲ့အလုပ်က ပွဲစား။ ငါ့ကိုလာပြီး ဟန်လုပ်ပြမနေနဲ့။ သွား. . . ကျောင်းကို"

"မသွားချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ့ ညည်းက ပိုက်ဆံဘယ်လောက်ရှိလို့ မသွားချင်ဘူး ပြောရတာလဲ"

"တစ်ရက်တစ်လေမသွားလည်း ဘာမှမဖြစ်ဘူး"

"ကျောင်းဆိုတာ စရိတ်ရှိမှ တက်လို့ရတာ။ တစ်ရက်မသွားရင် ငွေဘယ်လောက်အလကားဖြစ်သွားပြီမှတ်သလဲ။ မရဘူး, သွား"

"မသွားချင်ဘူး။ ဒီအချိန်က သွားလို့မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"ကားအဆင်မပြေဘူး"

"အငှားကားနဲ့သွား။ ရော့, ပိုက်ဆံ"

ဟုဆိုကာ ငွေငါးထောင်ကို ကုတင်ပေါ်ပစ်တင်လိုက်၍. . .

"ဟာ! "

"ရေမိုးချိုး ကျောင်းသွား ဒါပဲ"

"မေမေ ဒီနေ့ သမီး ကျောင်းမသွားချင်ဘူးနော်"

"ဘာဖြစ်လို့လဲ"

"နေမကောင်းဘူး"

"ဒီရုပ်က နေမကောင်းတာလား။ ရတယ်၊ ဆင်ထိုးတဲ့ အနဲ့ကို ဆေးထိုးလွှတ်ပစ်မယ်"



"မေမေ"

"ကဲ, ပြော၊ ညည်း ကျောင်းသွားမှာလား မသွားဘူးလား"

"မသွားဘူး။ လုံးဝမသွားဘူး"

ဟုအပြတ်ပြောပစ်ချိန်မှာတော့ မေမေက ထောင်ထားသော တံမြက်စည်းကိုပြေးကိုင်ကာ. . .

"ဘုတ်! ဘုတ်! "

"အား, နာတယ်"

"သွားမှာလား မသွားဘူးလား"

"မသွားဘူး"

"ဘုတ်! ဘုတ်! "

"သွားမယ်၊ သွားမယ်၊ သွားမယ်"

ထိုအခါမှ တံမြက်စည်းရိုးက သူမကိုယ်ပေါ်တွင် ရပ်စဲသွားရပါသည်။

"အုပ်ဆောင်းထဲမှာ မုန့်ဟင်းခါးရှိတယ်၊ စားလိုက်။ ငါ နေ့လယ် အိမ်တစ်ခေါက်ပြန်လာမှာနော်"

"အိမ်မှာမရှိရင် ပြီးတာပဲမဟုတ်လား"

"ဂလေရိုက်မယ်တော့ စိတ်မကူးနဲ့။ ဒီနေ့မင်းကို ငါစောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ သတိရ၊ ဒါပဲ''

''ဟား. . .''

''အခုတစ်လော ဗလီညာတို့တော့ ကံကိုမကောင်းဘူး''

ဟုညည်းတွားကာ စောင်တွေကြားမှ ပျင်းပျင်းရိရိထပြီး ထ… ခန်းတည်းသာရှိသော ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ်၊ သွားတို… မယ်ကြီတော့ မှန်ထဲမှာမြင်နေရတဲ့ သူမရဲ့မျက်နှာကြီးကြောင့်. . .

''ဟူး၊ ရှက်လိုက်တာနော်။ ပုံမှန်အရသာဆို အဲ့ဒီကျောင်း… ငါ သွားကိုမတက်ချင်တော့ဘူး။ ဒီမျက်နှာကြီးနဲ့ ကျောင်းကို ဘယ်… လုပ်သွားရမှာလဲ၊ သေမယ်၊ ဒီကောင်တော့ သေမယ်၊ ငါ သူ့ကိုဘာ… လုပ်ရမှာလဲ။ အား. . . ဦးနှောက်ခြောက်လိုက်တာ။ သူ့ကိုတစ်ခုခု… ဖို့မပြောနဲ့ သူ့မျက်နှာကိုတောင် ငါဘယ်လိုပြန်ကြည့်ရမလဲမသိဘူး။ … နာ၊ ငါ့ရည်းစားနဲ့တောင် ငါဘာမှမဖြစ်ရသေးဘူး။ သူက ဘာမို့လဲ… ရည်းစား? ငါက ရည်းစားမှမရှိတာ၊ ရည်းစားတောင် မထားဖူးသေး… ငါ့ကို သူက ဘာကိစ္စနဲ့ အဲ့ဒီလိုလုပ်ရတာလဲ။ အီး. ရှက်လိုက်တာ… သေခြင်းဆိုး။ အရှုးလိုကောင်၊ ငါ သူ့ကို ဘာကြောင့်များ တစ်ခုခုမ… ခဲ့ရတာလဲ။ ပါး လေးငါးဆယ်ချက်တီးပြီးမှ ဗိုက်ကို လက်သီးနဲ့နှစ်… လောက်ထိုးခဲ့ရမှာ၊ အား. ဒါကို ငါ ဘာကြောင့်မတွေးမိရတာလဲ။ …



မိဖို့နေနေသာသာ အဲ့ဒီအချိန်တုန်းက လမ်းတောင်မှ မလျှောက်နိုင်တော့ဘူး။ ဒူးတွေက ခွေပြီး ချောင်ကျချင်နေပြီ၊ အိမ်ရောက်အောင်တောင် မနည်းအားခဲပြီး ပြန်လာရတယ်။ အား. ငါဘာလုပ်ရမလဲ။ ငါ့ကိုဘာဖြစ်လို့ အဲ့လိုလုပ်တာလဲလို့ ရန်တွေ့ရမှာလား။ ဘာဝင်ရှုး.သေချင်ပြီလားလို့ သွားပြောရမှာလား။ ဒါလည်း မဖြစ်သေးပါဘူး။ ဒါမှမဟုတ် အလိုမတူပဲ ကျွန်မကိုအဲ့လိုလုပ်ပါတယ်ဆိုပြီး အမျိုးသမီးရေးရာမှာ သွားတိုင်ရမလား။ အဲ့ဒါက ပြဿနာကြီးပဲ၊ မဖြစ်သေးပါဘူး။ အဲ့ဒါဆိုရင် ငါ သူ့ကို ပါးသွားရိုက်ရမှာလား။ အဲ့ဒါမှ ထပ်အနမ်းခံနေရရင်ပြဿနာ။ အား. ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး။ ငါတော့ရူးချင်တာပဲ၊ သူဘာဖြစ်လို့ အဲ့လိုလုပ်ရတာလဲ၊ ရန်ဖြစ်ပါလား။ ရန်ဖြစ်ရင်တောင် ငါ့ဆီမှာ စကားတွေ အများကြီးရှိနေသေးတယ်။ အဲ့လိုမျိုးကြီးဆိုတော့ ငါက ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး။ အား. ရှက်လိုက်တာနော်၊ ပိုက်ဆံရှိတယ်ဆိုပြီး လုပ်တိုင်းရတယ် ထင်နေသလား။ ဘာတဲ့၊ ကားနဲ့ခေါ်ရင်လိုက်သလား။ တွေ့မယ်၊ ငါနဲ့ထပ်တွေ့မယ်။ မတွေ့ရဲဘူး။ အား. ဘာတွေဖြစ်ကုန်ပြီလဲ။ မေမေကလည်း တစ်မျောက်၊ ငါက ဘယ်လိုမျက်နှာနဲ့ အဲ့ဒီကျောင်းကိုသွားရမှာလဲ။ ဘာဖြစ်လို့မသွားရဲရမှာလဲ၊ ဟူး. . .''

ဟုကိုယ့်ကိုယ်ကိုအားပေးကာ အဝတ်အစားလဲပြီး ပုံမှန်ပင်

www.burmeseclassic.com

အလှပြင်ကာ ထွက်လာခဲ့သည်တွင် လမ်းထိပ်တွင် ရှိုင်းနှင်ကို ကားနှင့် တွေ့လိုက်ရပါသည်။ သူမ စိတ်တိုသွားမိသည်။ မနေ့ကပြောခဲ့သော ဘွန်ဗိုင်၏စကားများကို ပြန်ကြားမိလို့ပါ။

"မင်း—နောက်ကျတယ်နော်. . . ကိုယ်က လိုက်လာတော့မလို့။ မင်းရဲ့အိမ်ကို မသိလို့သာ"

"ဘာလုပ်မလို့လဲ"

"ကိုယ်က မင်းရဲ့ဖယ်ရီလေ"

"လူကို ကားနဲ့လာခေါ်တိုင်း လိုက်တတ်တဲ့အတန်းအစားများ ထင်နေသလား"

"ဟမ်း"

"ဒီနေ့ကစပြီး ရှင် ကျွန်မဆီမလာပါနဲ့"

မနေ့ကထိ အခြေအနေကောင်းနေပြီး ဒီနေ့မှ ရုတ်တရက်ကြီး ဖောက်သွားသောသူမကြောင့် သူ့မှာ မျက်နှာကြီး မီးဟပ်ခံရသလို ပူလောင်လောင်စပ်ဖျင်းဖျင်းကြီးခံစားလိုက်ရပါသည်။

"နောင်ဆို ရှင် ကျွန်မဆီမလာပါနဲ့။ ရှင်တို့က ချမ်းသာတာကို ကျွန်မက ဘာလုပ်ရမလဲ။ ရှင်တို့ကား ရှိတော့ရော ကျွန်မနဲ့ဘာဆိုင်သလဲ။ ရှင်တို့က အောင်မြင်တဲ့လူဖြစ်တော့ရော ကျွန်မနဲ့ဘာပတ်သက်လဲ၊ တော်ပြီ. . . ရှင် ကျွန်မဆီ လာကိုမလာပါနဲ့"



"ဗလီညာ"

"ဘာလဲ"

"မင်းကို ဘွန်ဗိုင်က တစ်ခုခုပြောလို့လား"

"ဘွန်ဗိုင်, အဲ့ဒီဘွန်ဗိုင်ဆိုတဲ့ကောင်က ဘာလဲ၊ သူက ဘာမို့ အရေးထားနေရမှာလဲ"

"မင်းနဲ့ ဘွန်ဗိုင်"

"ဘာမှမဖြစ်ဘူး။ ဒီကြားထဲ ကျွန်မတို့ တွေ့တောင်မတွေ့ဘူး။ သူဘာပြောပြောမယုံနဲ့နော်။ လူကိုကြည့်တော့သာ ရုပ်တည်နဲ့။ သူမတူအောင် လိမ်တတ်တာ။ ရှင်ဘာမှမယုံနဲ့။ ဒီအတောအတွင်း သူနဲ့ကျွန်မက တွေ့တောင်တွေ့တာမဟုတ်ဘူး"

သူက ဘာမှမပြောရသေးခင် ဖွတ်ပင် အငြင်းထိကျွံနေသောသူမကြောင့် သူ့မှာ တွေးစရာတွေ တစ်ပုံကြီးဖြစ်သွားရပါသည်။

ထိုသို့သာ ဖွတ်ကြီးပိတ်ပြောပြီး သူ့ကိုပြုံးကြောင်ကြောင်ကြီး နောက်ဆုံးကြည့်ပြီး သွားလိုက်သောဗလီညာကြောင့် သူမှာ ဘုမသိဘမသိဖြစ်သွား၍ စိတ်ထဲမှာမရှင်းတာကြောင့် သူမနောက်လိုက်သွားကာ. . .

www.burmeseclassic.com

www.burmeseclassic.com

"ယောကျ်ားလေးတွေက မိန်းကလေးတွေအတွက် ဘာလဲ သိလား"

"ဘာလဲ"

"ဒိုင်း. . ."

"ဒိုင်း. . ."

"အကာအကွယ်အဖြစ် အသုံးပြုလို့ရတယ်"

ဟူသော အဆက်အစပ်မရှိတဲ့ နိုင်းနင်ရဲ့စကားကြောင့် သူမမှာ မလုံမလဲဖြစ်သွားရပါသည်။

"အကာအကွယ်ဖြစ်စေမယ့် အကောင်းဆုံးလိုအပ်တဲ့အဖော်မွန်ပေါ့။ မင်းကိုကြည့်ရတာ ဒီနေ့ယုံကြည်မှုမရှိတဲ့ပုံဘဲ"

"ရှင်ဘယ်လိုသိသလဲ"

"မင်းရဲ့စကားတွေနဲ့ မင်းရဲ့မျက်လုံးတွေက မငြိမ်သက်ဘူးဖြစ်နေတယ်။ ကိုယ့်အထင်ပြောရရင်တော့ မင်းမှာ အကာအကွယ်လိုနေပြီ"

"ရှင်က အသုံးချခံချင်တယ်ဆိုတဲ့သဘောလား"

"တစ်ခုခုကိုရချင်ရင် တစ်ခုခုကိုလက်လွှတ်ရတယ်တဲ့။ ဒီနေ့ကိုယ့်ကို မင်းငှားလိုက်"



"ဈေးကြီးမှာပေါ့"

"ကော်ဖီတစ်ခွက်ဆို ရတယ်"

"ကော်ဖီဈေးကြီးနော်၊ မှန့်မရဘူး"

လိုဈေးဆစ်လာသောသူ့မကို သူပြုံး၍ကြည့်မိသွားသည်။ ခွကျဘာကလွဲရင် သူမက ချစ်စရာလေးပါလားဟု သူ့ရင်ထဲတွေးနေမိပါသည်။ သို့သော် အဲ့လိုခွကျတာလေးက အခုလိုသေချာပေါင်းကြည့်တော့လည်း နှိုင်းရှင်းသလိုလိုပဲဟု ခံစားမိပါသည်။

"ရှင်, ကားပါလို့ လိုက်တာမဟုတ်ဘူးနော်။ ပေါင်းစရာ သူငယ်ချင်းမရှိလို့"

"ဩော်, ဒီလိုလား"

"တကယ်တော့ ကျွန်မ ဒီနေ့သတ္တိမရှိဘူး။ ကျွန်မတစ်ယောက်တည်း မသွားရဲသေးဘူး"

"ဘာဖြစ်လို့လဲ"

"အချို့အချို့တွေ မြင်ထားတယ်"

"ဟမ်း"

"အဲ, ဘာမှမဟုတ်ဘူး"

"အဲ့ဒါဆို ကားပေါ်တက်လေ။ သူလည်း ရပ်နေရတာကြာလို့

www.burmeseclassic.com

www.burmeseclassic.com



ပျင်းနေတော့မယ်''

''ရှိုင်းနှင်''

''ပြောလေ''

''ရှင်က ရှင့်ရည်းစားတွေကို အမြဲဒိုင်းလုပ်ပေးနေကျလား''

ဟုဆိုတော့ သူက အနည်းငယ်မျှစဉ်းစားလိုက်ပြီးမှ. . .

''မရှိဘူး။ ကိုယ်အခုလိုမျိုး ဘယ်သူ့ကိုမှမပြောဖူးဘူး''

''သြော်''

ဟုသာဆိုကာ သူတို့နှစ်ယောက်ကြား ခေတ္တငြိမ်သက်သွားပြီးမှ. . .

''ရှိမိုင်လာရဲ့ဖုန်းနံပါတ် ပေးလို့ရလား''

''ရပါတယ်၊ ဒါနဲ့''

''သူပေးထားတယ်၊ မေ့သွားလို့။ သူက ပန်းချီတွေကြည့်ခေါ်တယ်။ မနေ့က မေမေခိုင်းထားတဲ့အလုပ်ရှိလို့ မလာနိုင်တော့ဘူးပြီး ဖုန်းဆက်ပြောမလို့ဟာ''

ဟုဆိုပြီးမှ အာရုံထဲ ရုတ်တရက်ဝင်လာတဲ့ဘွန်ဖိုင်ရဲ့မျက်နှာကြောင့်. . .

''သေနာ''



''ဟမ်း''

''သြော်. ဆောရီး။ ရှင့်ကိုပြောတာမဟုတ်ဘူး''

''မင်းက တော်တော်ရယ်ရတာပဲ''

''ရှင်တို့ညီအစ်ကိုတွေက စရိုက်ချင်းမတူကြဘူးနော်''

''ဝေဖန်ကြည့်လေ''

''ရှိမိုင်လာက အကောင်းဆုံးပဲ''

''ဘာကြောင့်လဲ''

''သူက အေးဆေးတယ်၊ တည်ကြည်တယ်၊ ပြီးတော့ ကူညီတတ်တယ်။ ကြင်နာတတ်တဲ့မျက်လုံးမျိုးကို ပိုင်ဆိုင်ထားတယ်။ ပြီးတော့ နာမည်ကြီးတဲ့လူဆိုပေမယ့် ဘဝင်မြင့်တဲ့စကားလုံးမျိုးကိုထည့်မသုံးဘူး''

''ကိုယ်က သုံးတယ်ပေါ့''

''ရှင့်ရုပ်က အချစ်များမယ့်ရုပ်ပါ''

''သာမန်အားဖြင့်တော့ အဲ့လို ဒဲ့ကြီးပြောရင် လူတိုင်း စိတ်တိုကြမှာပဲ''

''အမှန်တရားပဲကို''

''ရွာပြင်ထုတ်ခံရမှာ မကြောက်ဘူးလား''

''အဲ့ဒီခေတ်မဟုတ်တော့ဘူး''

www.burmeseclassic.com

www.burmeseclassic.com



“တကယ်တော့ ကိုယ့်မှာ ချစ်သူဆိုတာမရှိဖူးဘူး”

“အံ့ဩစရာပါလား”

“ကိုယ်မှမဟုတ်ဘူး၊ ကိုယ်တို့သုံးယောက်လုံး မရှိဘူး”

“ရှင်နဲ့ဘွန်ဖိုင်ကိုတော့ မယုံပေမယ့် ရိုမိုင်လာကိုတော့ ယုံတယ်”

“ဘာဖြစ်လို့လဲ”

“ကျွန်မရဲ့ဝမ်းကွဲအစ်မက သိပ်ချောတယ်လေ၊ ရိုမိုင်လာနဲ့ အတန်းဖော်ပေါ့”

“အဲ့တော့”

“ပြောရမှာ နည်းနည်းတော့ မျက်နှာပူပေမယ့် သူက ရိုမိုင်လာကိုကြိုက်တယ်လေ။ ဒါပေမဲ့ ရိုမိုင်လာက ရေခဲတုံးကြီးတဲ့၊ အခုတော့ သူလည်း အိမ်ထောင်ကျသွားပါပြီ။ သူ့ဆီမှာပဲ ရိုမိုင်လာရဲ့ပုံကို မြင်ရတာ။ ဘဝင်မြင့်တတ်မယ့်လူမျိုးလို့ထင်ထားခဲ့တာ”

“ရေခဲတုံးဆိုလည်း မီးနဲ့တွေ့ရင် ပျော်ကျရမှာပဲ”

“မီးနဲ့ဟုတ်လား”

“အချစ်လေ၊ အချစ်ဟာ မီးနဲ့တူတယ်။ အရှိန်ပြင်းတယ် အလွယ်တကူ တောက်လောင်နိုင်တယ်။ တစ်ခါပဲ လောင်နိုင်တယ်



နောက်တစ်ခေါက် မလောင်နိုင်ဘူး”

“ဘာဖြစ်လို့လဲ”

“လောင်ပြီးရင် လောင်စရာမှမရှိတော့တာ”

“ဒါဆို ဘာလို့ ရှင်က ခဏခဏလောင်ရတာလဲ”

“မင်းဘယ်လိုလုပ်သိနိုင်မလဲ”

“ရှင်က နာမည်ကြီးတဲ့လူပဲ၊ ဂျာနယ်က သိတာပေါ့။ ကျွန်မ သိသလောက်တောင် ရှင်နဲ့ရှုပ်တဲ့မိန်းကလေး လေးငါးယောက်ရှိတယ်”

“တစ်ယောက်တည်းပါ”

“ဟမ်း”

“ရင်ဘတ်တစ်ခုမှာ လူတစ်ယောက်ပဲဆန့်တယ်”

“ရှိပြီးသားလား”

“ရှိဖို့ကြံတုန်း”

“ရှင်ကြံနေတဲ့မိန်းမကတော့ မလွယ်ဘူးဘဲ”

“ဘာကြောင့်”

“တိုက်ကွန်ဒို အံ့ရင်သင်ထားရမယ်”

“ဟား ဟား ဟား. . . မင်းက တကယ်ရယ်ရတာပဲ”

“အမှန်က ကျွန်မ ရှင့်ကိုကြိုက်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်"

"ရှင့်သီချင်းခွေတွေ ဝယ်ကြည့်တယ်။ ဒါပေမဲ့ ရှင့်ကို တော်တယ်လို့တော့ မချီးကျူးချင်ဘူး"

"ဘာလို့လဲ"

"မျောက်ကားဖြစ်သွားမှာစိုးလို့"

"ဒီထက်နားဝင်ချိုတဲ့စကား မရှိဘူးလား"

"ကျွန်မက သိပ်နားဝင်ချိုအောင် မပြောတတ်ဘူး"

"သိပါတယ်။ ကိုယ့်ကိုနားဝင်ချိုအောင်ပြောခဲ့မယ်ဆိုရင် မင်းနဲ့ ခုလို ရင်းနှီးချင်မှ ရင်းနှီးမိမှာပဲ။ ပထမတော့ မင်းကို ဘာအဆင့်လဲဆိုပြီး စိတ်တိုတယ်။ သေချာပြန်တွေးကြည့်ရင် မင်းပြောတာတွေ အမှန်ချည်းပဲ။ မင်းနဲ့တွေ့တော့ ကိုယ့်အားနည်းချက်ကိုသိသွားတယ်။ မင်းနဲ့ကိုယ်တို့က ရေစက်ပဲဖြစ်ရမယ်"

"ရေစက်ဆိုလည်း ရေစက်ပေါ့။ ရှင် ဒီနေ့ ကျွန်မနဲ့အတာ အတူတူတက်မလား"

"မဖြစ်ဘူးထင်တယ်။ ကိုယ်က လူသိများတယ်လေ"

"ဟုတ်သားပဲ"

"ဒီနေ့မှ ဘာဖြစ်လို့ အဲ့လိုပြောရတာလဲ"



"ရှင်ပဲ ဒိုင်းဆို"

"ဩော်၊ ဟုတ်သားပဲ"

"မင်းမှာ အနှောက်အယှက်ရှိရင် ဘွန်ဖိုင်ကို ဖုန်းဆက်ပေးယ်လေ။ အတန်းတူချင်းပဲ၊ အဖော်ရတာပေါ့"

"မဆက်နဲ့၊ ရ. . . ရတယ်။ သူ့ကို လုံးဝ ကျွန်မအကြောင်း ပြောနဲ့"

"မင်းနဲ့ဘွန်ဖိုင်ကတော့ တကယ်ပဲ"

"ဘာလဲ"

"ဘွန်ဖိုင်က ဗိုလ်.သိလား။ မာမီ့အသည်းလေ။ အိမ်မှာ သူ့ဆို ူတိုင်းကြောက်ရတယ်။ ဘွန်ဖိုင်သာခေါ်လိုက်ရင် ကောင်မလေးတွေ ာ တုန်နေအောင် ပြေးတာ။ သူကခေါ်တာနဲ့ ရှေ့ရောက်မှကြိုက်တာ။ ြီးတော့ စိတ်လည်းကြီးတယ်။ သူ့အသားနာရင် လုံးဝမရဘူး။ ငယ်တုန်း ာ အိမ်မှာ ကြောင်တစ်ကောင်ရှိတယ်။ သူ့ရဲ့ကြောင့်ပေါ့။ အဲ့ဒီကြောင် ာ သူနဲ့တည့်တယ်။ ဒါပေမဲ့ သူ့ကို လက်သည်းလေးနဲ့မတော်တဆလေး ခြစ်မိသွားရော အဲ့ဒီကြောင်ဟာ အမှိုက်ပုံးထဲ ရောက်သွားတော့တာပဲ။ နောက် ကြောင်အော်သံကြားရင်တောင် အဲ့ဒီကြောင်ကိုဖမ်းပြီး အမှိုက် ြစ်စေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲ, ကြောက်စရာပါလား။ အဲ, အကယ်၍ မိန်းကလေးသာ ယောက်က သူ့ကိုပါးရိုက်လိုက်ရင်ရော"

"သေချာတယ်၊ အဲ့ဒီမိန်းကလေးကို သူလက်စားချေမှာပဲ။ ဒ နဲ့ မနေ့က တွေ့လိုက်လို့လား"

"ဘာလဲ"

"ဘွန်ဖိုင်နဲ့ မနေ့က မိန်းကလေးလေ"

ဟုဆိုလာချိန်မှာတော့ ကြက်သီးမွေးညှင်း ထသွားရကာ. . .

"မတွေ့ပါဘူး. . . မတွေ့ဘူး"

"ဘယ်လိုမိန်းကလေးလဲမသိဘူး"

"ဟင်, ဟိုဟာ ရိုမိုင်လာမဟုတ်လား"

ကျောင်းရောက်ရောက်ချင်းမှာပဲ ကားကိုမှီကာ ရပ်နေသော ရိုမိုင်လာနားတွင် ရိုင်းနင်က ကားကိုရပ်လိုက်ပြီး. . .

"မင်းတို့ ဘယ်လိုတွေ့ခဲ့ကြတာလဲ"

"ဒီနေ့ အတန်းဖော်မရှိရင် ရိုမိုင်လာနဲ့တက်လေ"

"ငါက အတန်းတက်ရမယ်"

"ဒီနေ့ ယုံကြည်ချက် ပျောက်ဆုံးနေပုံရတယ်"

ဟု ခေါင်းလေးငုံ့ကာ ထွက်လာသောသူမကို မျက်စပစ်



င်းနင်က ပြောလိုက်လျှင်. . .

"ဘယ်လိုလုပ်မလဲ။ ငါ ဒီနေ့မအားဘူး"

"အရေးကြီးရင် ဖုန်းဆက်လိုက်လေ"

"ရပါတယ်၊ ကျွန်မ"

"ရိုင်းနင်"

ဟိုက်! သွားပြီ။ ဒါ ဘွန်ဖိုင်ရဲ့အသံပဲ။ ငါတော့ အီးပိတ်ပြီ။

"မင်းတို့ ငါ့ဆီလာကြတာတော့ ဟုတ်ပုံမရဘူး"

"ဩော်, အကြံရပြီ။ ဗလီညာ, မင်း ဘွန်ဖိုင်နဲ့တက်လိုက်လေ။ တကူးတက ဖုန်းဆက်စရာမှမလိုတော့တာ"

"ကျွန်မ"

"ရပါတယ်ကွာ။ ဘွန်ဖိုင်က မင်းထင်နေသလို ကြီးကျယ်တဲ့ ကောင်မဟုတ်ပါဘူး"

ပြဿနာပဲနော်။ အဲ့ဒါကြောင့်မဟုတ်ဘူး။

"ဘွန်ဖိုင် သူ့ကိုစောင့်ရှောက်လိုက်ပါကွာ။ သူ ဒီနေ့ ယုံကြည် မှုပျောက်ဆုံးနေတယ်"

"ငါက ဘာလို့အဲ့လိုလုပ်ရမှာလဲ"

"ရှင့်ကိုကရော ဘယ်သူက ခယယအကူအညီတောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



လိုလဲ''

''ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မင်း ငါနဲ့အတူတူသွားတာက ကောင်းသေးတယ်။ နို့မဟုတ်ရင် အားလုံးရဲ့အကြည့်တွေအောက်မှာ မင်းအရည်ပျော်ကျသွားနိုင်တယ်''

''ဒိုင်းပေါ့ ဗလီညာ။ ကဲ, ငါတို့သွားမယ်။ ဒါနဲ့ ရှိမိုင်လာ ဘာလို့လာတာလဲ''

''မနေ့က ဗလီညာပေါ်မလာလို့ ဘာဖြစ်တာလဲဆိုပြီး ဝင်ကြည့်တာပါ။ နေမကောင်းလို့လား''

''ကောင်း. . . ကောင်းပါတယ်''

''ညနေဆို ငါတို့ ညစာအတူစားရအောင်လေ၊..... မှာ ဗလီညာရော လိုက်ခဲ့ပါလား''

''ကျွန်မ''

''ဘွန်ဖိုင်နဲ့လိုက်ခဲ့လေ။ ကြိုနေတာပဲ''

''ရ. . . ရတယ်''

''မငြင်းပါနဲ့၊ ကိုယ်တို့သုံးယောက် အပြင်ပထမဆုံးဖိတ်ကျွေးတဲ့ ပထမဆုံးညစာသည်မို့ပါ''

''အင်း''



''အဲ့ဒါဆို ညနေမှဆုံကြတာပေါ့''

ဟုဆိုကာ ရှိမိုင်လာနှင့် ရိုင်းနင်က ထွက်သွားကြတော့. . .

''ငါ့အစ်ကိုတွေကို မင်း ဘာဆေးကျွေးထားသလဲ''

''စွပ်စွပ်စွဲစွဲ''

''မိန်းကလေးတစ်ယောက်ကိုအရေးအရာလုပ်တာ ဒါ ပထမဆုံးတွေ့ဖူးတာပဲ''

''ရှင်အရင်သွားပါ။ ကျွန်မ နောက်မှလိုက်လာမယ်''

''ရှက်လို့လား''

''အမှန်က ရှင် ကျွန်မကိုတောင်းပန်သင့်တယ်''

''ငါ အသားနာထားလို့ လုံးဝမတောင်းပန်နိုင်ဘူး''

''ရှင်ဟာ ဘယ်လိုလူလဲ ဘွန်ဖိုင်''

''လုပ်ချင်ရာလုပ်တဲ့လူလေ''

''ကျွတ်!''

''ငါတွေ့ဖူးသမျှမိန်းကလေးထဲမှာတော့ မင်းဟာ ရုပ်အဆိုးဆုံးပဲ။ ဒါပေမဲ့ မင်းနဲ့ငါ အတည်တွဲရအောင်လေ''

''ရှင်ရူးသွားပြီ''

''တကယ်တော့ ငါ မနေ့က ရင်ခုန်ခဲ့တယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဘာ! "

"ငါ့ဘဝမှာ ပထမဆုံးပဲ၊ ငါတို့အတည်တွဲရအောင်"

"ရှင့်ရည်းစားစကားက ရင်ခုန်ဖို့မကောင်းဘူးဘွန်ဖိုင်"

"ငါက ဟန်မဆောင်တတ်ဘူး ဇလီညာ၊ ငါ့ဆီမှာ မင်းကို ပြောဖို့ စကားအတိအကျမရှိဘဲ လိမ်မပြောချင်ဘူး။ ငါပြောတာကို သဘောတူလိုက်ပါ။ ငါနဲ့တွဲလို့ မင်းအကျိုးမယုတ်ပါဘူး၊ ပထမအချက်က မင်း အခု ငါ့လက်ကိုကိုင်လိုက်ရင် ရက်ရွံ့တာ သက်သာသွားမယ်။ ရည်းစားမို့ ဘယ်အရာမှကိစ္စမရှိဘူး။ အဲ့တော့ မင်းသိက္ခာကျ သက်သာတာပေါ့။ ဒုတိယအချက် ငါ့ကို မင်းမတွဲနိုင်စရာ ဘာအကြောင်းမှမရှိဘူး။ ငါက အရပ်ရှည်တယ်၊ ရုပ်ချောတယ်၊ ပြီးတော့ ငွေရှိတယ်၊ မင်းလိုချင်ရာကို ငါဖန်တီးပေးနိုင်တယ်"

"ရှင့်ခြေထောက်တွေ မြေကြီးနဲ့ထိသေးရဲ့လား"

"မင်းဘာပြောပြော ငါ့စိတ်ကိုထိန်းချုပ်ပေးမယ်၊ အဲ့တော့ ငါ မင်းလက်ကိုကိုင်မယ်။ အကယ်၍ မင်း ငါနဲ့တွဲရတာကိုမကြိုက်တော့ဘူးဆိုတဲ့နေ့ ရပ်စဲပစ်လို့ရတယ်။ ဒါသဘောတူညီမှုပဲ၊ ကြိုက်တယ်ဆိုရင်တော့ နောက်တစ်ဆင့်တိုးပြီး ရည်းစားတော်ကြတာပေါ့။ အဲ့ဒါ ငါတာဝန်အယူနိုင်ဆုံးပဲ"



ဟုဆိုကာ လက်တစ်ဖက်ကို ကမ်းပေးလာသည်တွင် သူမမှာ ဝေခွဲမရဖြစ်သွားရပါသည်။

သူပြောတာက ဟုတ်သလိုလိုတော့ရှိသားပင်။ ထို့ကြောင့်ပင် ဘာမှစဉ်းစားမနေတော့ဘဲ သူ့ရဲ့လက်ကို ရုပ်ထိလေးပုတ်ပြီး အရှေ့မှ ထွက်လာခဲ့ရာ သူ့မှာ ထိုလက်ကြီးတန်းလျန်းပင် ကျန်ရစ်ခဲ့ရပါသည်။

ဘယ်လိုမိန်းကလေးလဲ၊ လက်ကိုပုတ်ခိုင်းတာမဟုတ်ဘူးလေ။ လက်တွဲမလို့ကမ်းတာ။ သို့သော်လည်း သူမက လက်ကိုပုတ်ပြီးထွက်သွားသောကြောင့် သူ့လက်ကိုပြန်ရုပ်ကာ သူမနောက်သို့ပြေးလိုက်လာပြီး သူမပခုံးကို ပိုင်စိုးပိုင်နင်းဖက်လိုက်ပါသည်။

"ဘာလဲ"

"ငြိမ်ငြိမ်နေပါ။ အတွဲအဟုတ်လို့ထင်ပြီး မင်းကိုဘာမှမပြောတော့မှာ"

"ရှင်တော်တော်. . ."

"ဟိုးမှာ မင်းရဲ့သူငယ်ချင်းတွေ"

"ရှင့်ကြောင့် သူတို့နဲ့မခေါ်ကြတော့ဘူး။ ရှင့်လက်ကို ကျွန်မပခုံးက ဖယ်လိုက်ပါ"

"နောက်သယ်မိနစ်ကြာရင် ဖယ်မယ်။ အဲ့ဒီအတွက် မင်းဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com

ကို ငါတစ်ခုလိုက်လျှော့ပေးမယ်"

"အင်း၊ ရတယ်လေ။ ငြင်းရင်တော့ ရှင်သေပြီသာမှတ်"

ဟု တိုးတိုးလေးကြိတ်မာန်ကာ တစ်ရိပ်တစ်စောင်းအကဲခတ်နေသူများကို ကျော်ဖြတ်လာခဲ့ပါသည်။

"ငါတို့မျက်စိမှားတာတော့ မဖြစ်နိုင်ပါဘူးနော်"

"ကမ္ဘာကြီးက ဖောက်ထိုးလည်ကုန်ပြီ မဟေသီရေ"

"ဒါဆို ငါတို့ မနေ့ကကြားတဲ့သတင်းက မှန်လောက်တယ်"

"ဘွန်ဖိုင်လိုလူက အပျော်တွဲတာပဲဖြစ်မှာပါ"

"ဟုတ်တယ်၊ သူက ရုပ်ချောတယ်၊ စာတော်တယ်၊ ပိုက်ဆံရှိတယ်။ အဲ့လိုလူက ဗလီညာလို ရုပ်ရည်ကမရှိ မကောင်းကပြောသေး အဆိုးဆုံးက ငမွဲ။ သုံးတာကအစ အပေါစားချည်းပဲ။ ကျိန်းသေကိုပြောနိုင်တယ်။ ဒါအပျော်ပဲဖြစ်မှာပါ"

"ဗလီညာတော့ သနားပါတယ်. . . ကျွတ် ကျွတ် ကျွတ်"

ထိုသို့ဝေဖန်သံတွေကိုလည်း ဗလီညာကတော့ မကြားနိုင်တော့ဘဲ ဘွန်ဖိုင်ကိုသာ,မာန်၍ တောင့်တောင့်ကြီးသွားနေခဲ့ပါသည်။

❖ ❖ ❖

## အခန်း (၂၁)

"မင်းနဲ့ဗလီညာက ဘယ်လိုလဲဘွန်ဖိုင်"

"ဘာဖြစ်လို့လဲ"

"တကယ်တော့ ဗလီညာက ချစ်စရာလေးပါ"

"ငါ ဗလီညာကို ပရိုပိုစ်လုပ်မလို့"

"ဟမ်း"

ရိုမိုင်လာရဲ့စကားကြောင့် သူရော ရိုင်းနင်ပါ အံ့သြသွားရပါသည်။

"ရိုမိုင်လာ, မင်းတကယ်ပဲပြောနေတာလား"

www.burmeseclassic.com

www.burmeseclassic.com

''ငါလူတစ်ယောက်ကို ခုထိမနောက်ဖူးသေးဘူး။ ပန်းချီကားတွေကိုစိတ်ဝင်တစားကြည့်တတ်တဲ့သူမကို ငါ့ရင်ထဲ တစ်ခုခုခံစားနေရတယ်''

ဟုဆိုတော့ ရှိုင်းနင်က အိတ်ထဲမှတစ်ခုခုကို ထုတ်လာခဲ့ကာ သူတို့နှစ်ယောက်ရှေ့သို့ ချပြလိုက်သည်။

ထိုအခါ လှပသောစိန်လက်စွပ်တစ်ကွင်းကို သူတို့နှစ်ယောက်လုံး မြင်လိုက်ကြ၏။

''ဘာလဲ''

''ဗလီညာအတွက်''

''ဘာ! ''

''ငါမနက်ဖြန် သူ့ကိုပြောမလို့''

''ရှိုင်းနင် သူ့ကိုမကစားနဲ့။ သူက စွာပေမယ့် ရိုးတယ်''

''မင်း ကာဗာလုပ်တာ ဒီမိန်းကလေးတစ်ယောက်ပဲရှိတယ် ရှိမိုင်လာ''

''မင်းတို့နှစ်ယောက်စလုံး နောက်ကျသွားပြီ။ သူနဲ့ငါက တွဲနေကြပြီ''

''ကြားတဲ့နားထဲသာ ရေနွေးပူလောင်းချင်တော့တယ်''



''အမြဲတမ်း ငါတို့ကိုသာအောင်ပြောတတ်တဲ့ မင်းရဲ့အကျင့်က မပျောက်သေးပါလား ဘွန်ဖိုင်''

''ငါနောက်နေတာမဟုတ်ဘူး''

''မနက်ကတွေ့တဲ့ထိ မင်းတို့နှစ်ယောက်ရဲ့ပုံက အတွဲနဲ့မတူဘူး''

''မယုံလည်း မတတ်နိုင်ဘူး''

ဟုသာ ရုပ်တည်တည်ကြီးဆိုကာ. . .

''ဒါပေမဲ့ ယုံပါ။ ငါ့မိန်းကလေးမို့ မင်းတို့ စည်းမကျော်နဲ့''

''ဟား ဟား ဟား. . . အေး ထားပါ။ မင်းရဲ့မိန်းကလေးပဲ ဒါပေမဲ့ မင်းမိန်းမမှမဟုတ်သေးတာ''

''တစ်နေ့နေ့တစ်ချိန်ချိန် အိမ်ပေါ်ရောက်ခဲ့ရင် ငါ့မိန်းမပဲ။ အဲ့ဒီချိန်ဆို ပရိုပိုစ်လုပ်ဖူးတဲ့မင်းတို့မျက်နှာတွေနဲ့ ဘယ်လိုကြည့်မလဲ''

''ဟား. . . ရယ်စရာကြီးပဲ''

ဟုဆိုကာ ထသွားကြသောညီနောင်နှစ်ယောက်လုံးကြောင့် သူမှာ စိတ်ထဲမတင်မကျကြီးကျန်ရစ်ခဲ့ပါသည်။

''ဘယ်လောက်လုလို့ ဒီလိုဝိုင်းကြိုက်နေကြတာလဲ''

ဟုပင် ပါးစပ်မှပွစိပွစိပြောကာ စိတ်ထဲမကျေမချမ်းရှိလာတာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် အပေါ်ဝတ်အင်္ကျီကိုဆွဲကာ ကားမောင်းပြီး ထွက်လာခဲ့ပါသည်။

ညကမှောင်နေပြီမို့ မီးရောင်တွေက ထိန်လင်းနေခဲ့၏၊ သူထွက်သာထွက်လာခဲ့ပေမယ့် ဦးတည်ချက်က မရှိပါ။

"သူ ဘာလုပ်နေတာလဲ၊ ဇာတ်လမ်းကြည့်နေမှာလား၊ ဒါမှမဟုတ်၊ ဟာ! မဖြစ်ဘူး မနက်ဖြန်ဆို ဟိုနှစ်ကောင်က ရှေ့တက်တော့မှာ၊ နည်းနည်းမှနောက်ဆုတ်မယ့်ဟန်မရှိဘူး၊ ဟား ဟား. . . ဘယ်ရမလဲ"

ဟုဆိုကာ ညနေပိုင်းကမှ ရောက်ခဲ့သော လမ်းသွယ်လေးဆီသို့ဦးတည်လိုက်ပါသည်။ ထိုလမ်းထဲသာ ရောက်နေပေမယ့် သူမအိမ်က ဘယ်မှာမှန်းမသိ၍ သူက ဘယ်သွားရမှန်းမသိပါ။ ထိုအချိန်မှာပဲ အသက်ငါးဆယ်ခန့်ရှိတဲ့အမျိုးသမီးကြီးမှာ. . .

"အယ်, ဒုက္ခပဲ။ အိမ်ရောက်ခါနီးမှ ဖိနပ်ပြတ်ရတယ်လို့"

ဟုဆိုကာ ဆွဲလာသောအထုပ်များနှင့် မနိုင်မနင်းကြီးပင် ဖိနပ်ပြတ်ကို အားလုပ်ကာ စီးနေခဲ့သည်တွင် သူ့မျက်စိထဲ၌ အမြင်မတော်တော့ပါ။

"အိမ်က ဝေးသလား"

ဟုဆိုတော့ ထိုအမျိုးသမီးကြီးမှာ သူ့ကိုကြည့်လာပြီး. . .



"မဝေးပါဘူး၊ နောက်ဆယ့်ငါးမိနစ်ဆိုရောက်မှာပါ"

ဟုလည်းပြောကာ သူ့ကားကို မျက်စောင်းလေးနှင့်ကြည့်လိုက်ပါသည်။

အင်း, ချမ်းသာမယ့်ပုံပဲ။ ကားကတော့ လန့်ပုံနေတာပဲ။

"ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"မင်းကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ"

ဟုဆိုကာ အမျိုးသမီးကြီးက သူ့ကိုသေချာစွာစိုက်ကြည့်ပြီး အတန်ကြာတော့. . .

"အာကာထက်မြက် ဟုတ်တယ်၊ မင်း, အာကာထက်မြက်က မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

"အို, လုပ်ငန်းကြီးပဲ။ အာကာထက်မြက်နာမည်နဲ့ လုပ်ငန်းတွေ-အများကြီးနော်။ အန်တီတော့လေ,. . . . . . လမ်းက စိန်ဆိုင်ကို အကြိုက်ဆုံးပဲ။ မင်းကတော့ အန်တီ့ကိုသိချင်မှသိမယ်။ ဒင်နာတစ်ခုမှာ အန်တီ, မင်းကိုတွေ့ဖူးပါတယ်။ မင်းက တစ်ဦးတည်းသောသားလား"

"အငယ်ဆုံးပါ။ ညီအစ်ကိုသုံးယောက်"

"ဩော်, အစ်ကိုတွေက အိမ်ထောင်နဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဒါနဲ့များ သားကပဲ ဒီလုပ်ငန်းတွေ ဆက်လုပ်မှာနဲ့ ပြောနေကြသေးတယ်ကော"

"ဟုတ်ပါတယ်။ ကျွန်တော့်အစ်ကိုနှစ်ယောက်လုံးက ဒါတွေ စိတ်မဝင်စားဘူး"

"မင်းရဲ့နာမည်က ခပ်ဆန်းဆန်းပါ။ စိုင်း. . . ဘာ"

သူပြုံးလိုက်ပြီးမှ. . .

"ဘွန်ဖိုင်ပါ"

"ဪ, အေး, ဟုတ်တယ်။ ဒါနဲ့ ဒီကိုဘာကိစ္စလဲ"

နည်းနည်းစပ်စုတတ်ပုံရသောထိုအမျိုးသမီးကို စိတ်ညစ်လာပါသည်။ သို့သော်. . .

"သူငယ်ချင်းတစ်ယောက်ဆီလာတာပါ။ အိမ်မသိတာနဲ့"

"ဒီရပ်ကွက်ထဲကလား"

"ဟုတ်ပါတယ်"

"နာမည် ဘယ်သူလဲ။ အန်တီက ဒီရပ်ကွက်ထဲမှာ အပ်ကျတာကအစ သိတယ်"

ဟုဆိုတော့ သူက အားတက်သရောပင်. . .



"ဗလီညာပါ"

"ဗလီညာ? "

"မသိဘူးလား"

"ဗလီညာနဲ့ မင်းက"

"တကယ်တော့ ကျွန်တော့်ရဲ့ရည်းစားပါ"

"ဘာ!. . ."

သူ့နဖူးကြောတွေ ထောင်သွားရပါသည်။

ဒီစပ်စုတဲ့အမျိုးသမီးနဲ့တော့ ဒုက္ခပဲ။ သူဘာတွေဖြစ်ကုန်တာလဲဆိုတာမျိုးကို နားမလည်တော့ပါ။

"ဗလီညာက မင်းရည်းစား? "

"ဗလီညာကိုသိလို့လား"

"သိပ်သိတာပေါ့။ သိပ်ကိုသိတယ်။ သိသိသိသိနဲ့တောင် မြည်သေးတယ်"

"အဲ့ဒါဆို ကျွန်တော့ကို သူ့အိမ်. . ."

"ပြကိုပြပေးမယ်။ ခေါ်ကိုပြဦးမယ်၊ လာ, ဒီအိမ်ပဲ"

ဟုဆိုကာ အိမ်မဲမဲလေးထဲခေါ်လိုက်ပြီး. . .

"ဗလီညာ, တံခါးဖွင့်စမ်း! "

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုဆိုချင်းမှာပဲ ရုတ်တရက်ပွင့်လာသောတံခါးချပ်ကြီးတွင် ဗလီညာ့ကို ဘောင်းဘီတိုလေးနှင့် ကလေးတစ်ယောက်သဖွယ် တွေ့လိုက်ရပါသည်။

"မေမေ နောက်ကျ. . . အဲ့, ဘွန်ဖိုင်"

"ဗျာ, အန်တီက"

"ကဲ, ဧည့်သည်၊ အိမ်ပေါ်ကြွပါ"

ဟုဆိုကာ ဦးဆောင်ခေါ်လိုက်သဖြင့် သူ့မှာ တအံ့တသြနှင့် ကြောင်တက်တက်ကြီးရပ်နေသောဗလီညာ့ကို ကျော်၍ဝင်ကာ ဆက်တီပေါ် ထိုင်လိုက်ပါသည်။

"အဲ့တိုင်းပဲ ရပ်နေတော့မှာလား၊ ဒီမှာ မင်းရည်းစားပါတယ်လာ, ဧည့်ခံ"

ဟုဆိုသဖြင့်. . .

"သမီးရဲ့ရည်းစား? "

ဟုသာ သူမက တအံ့တသြလေးပြောလိုက်ပေမယ့် မေမေတော့ မျက်စိတစ်ဖက်မှိတ်ပြကာ အိမ်ခန်းထဲ ဝင်သွားခဲ့ပါသည်။

ဒါက ရှောင်ပေးတယ်ဆိုတဲ့သဘောလား။

"ရှင် ဘယ်လိုလုပ်ရောက်လာတာလဲ"



"ဒီအဝတ်အစားနဲ့မင်း, ကလေးနဲ့တူတယ်"

"ကျွန်မအမေနဲ့ ဘယ်လိုလုပ်သိတာလဲ"

"လောကကြီးက ကျဉ်းကျဉ်းလေးဆိုမှတော့ မြန်မာနိုင်ငံက ဘယ်လောက်ကျယ်မှာမို့လဲ"

"ရှင်ဘာလုပ်လာတာလဲ"

"အလည်လာတာ"

"ညကိုးနာရီထိုးနေပြီ၊ ဒါ ဧည့်လက်ခံချိန်မဟုတ်ဘူး"

"ငါ့ကိုမောင်းတာ လောကမှာ မင်းတစ်ယောက်တည်းရှိမယ်ထင်တယ်၊ မင်းကို ငါစိတ်မဆိုးပါဘူး၊ ခွင့်လွှတ်မယ်လို့ပြောပြီးသားပဲ"

"ရှင်စိတ်ဆိုးမှာရော ကျွန်မက ကြောက်နေမယ်ထင်လား"

"ငါက စိတ်ဆိုးရင် ဘာလုပ်သလဲဆိုတာ မင်းသိတယ်နော်"

"ရှင်, ပြန်တော့. . . ပြန်တော့"

"မင်းရဲ့အမေက ငါ့ကိုကြိုဆိုပါတယ်၊ မင်းက"

"မိန်းမပျိုရှိတဲ့အိမ်ကို ဒီအချိန်လာတာ ဘာလဲ၊ သွားပါ ပြန်ပါ"

"ဒီလိုကျတော့လည်း မင်းနဲ့ငါက တကယ့်ရည်းစားကျနေတာပဲ"

"ရှင် ပြန်မလား၊ မပြန်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ မနက်ပိုင်း လာကြိုမယ်နော်"

"ငါက ကားနဲ့ခေါ်တိုင်း မလိုက်တတ်ဘူး"

"ကားနဲ့မခေါ်လို့ နွားလှည်းနဲ့လာခေါ်ရမှာလား"

"ရှင် လက်ပေါက်မကပ်နဲ့"

"မနက်ဖြန် ငါလာမခေါ်မချင်း ဘယ်မှမသွားနဲ့နော်"

"သွားပါ ပြန်ပါ"

"ငါလာခေါ်မှာနော်"

ဟုသာ သူမက တွန်းထုတ်လိုက်၍ သူက လှည့်ကြည့်လှည့်ကြည့်နှင့် ပြန်သွားသည်တွင်. . .

"ဘွန်ဖိုင်ရော"

"ပြန်သွားပြီ"

"ဒီတစ်ကြိမ်တော့ မင်းတော်သွားပြီ ဗလီညာ။ မင်းကို မေ
ချီးကျူးတယ်။ ဒီခေတ်က သူဌေးတွေနဲ့ရည်းစားဖြစ်ရတယ်ဆိုတာ
ဆယ်ရာခိုင်နှုန်းပဲ ဖြစ်နိုင်တော့တယ်။ အာကာထက်မြက့်အဲ့ဒီအင်ပါ
ကို သိမ်းအပိုင်စီးရတော့မယ့်. . . ဟား ဟား"

"အာကာထက်မြက် ဟုတ်လား၊ ဒီလောက်ကြီးတဲ့လုပ်ငန်း
ပိုင်ရမယ်။ မေမေ့ကို ဘယ်သူ ဆေးများကျွေးခဲ့ပြီလဲ"



"ကိုယ့်အမေကိုများ. . ."

"ဒွပ်! ဒွပ်! "

"နာတယ်"

"ကိုယ်စီးတဲ့မြင်း အထီးမှန်းအမမှန်းမသိတဲ့မိန်းကလေး။ ဒီ
က်တောင် နာသင့်သေးတယ်။ ဘွန်ဖိုင်, မင်းရည်းစားဘွန်ဖိုင်ဟာ
အာကာထက်မြက်ရဲ့အငယ်ဆုံးမဟုတ်လို့ ဘာလဲ"

"ဘွန်ဖိုင်က"

"ကိုင်ထားပြီးသားပဲ၊ အပိုင်သာချည်လိုက်တော့။ ငါ့သမီးလေး
ာင်းစားတာကို မေမေက တွေ့လိုက်ချင်စမ်းပါဘိ"

သူမ အံ့ဩသွားရပါသည်။

ဘွန်ဖိုင်က ချမ်းသာတယ်ဆိုတာ ခန့်မှန်းရပေမယ့် အဲ့လောက်
ိအရှိန်ကြီးလိမ့်မည်ဟု သူမ ထင်မထားခဲ့တာအမှန်ပါ။

တွေးရင်းနှင့် သူမသဘောပေါက်လာမိပါ၏။ ဒါကြောင့် ဘွန်
ိုင်က သာမန်ထက်ကြီးကျယ်တာကိုးဆိုတာပဲဖြစ်သည်။

ဘွန်ဖိုင်၏အရှိန်အဝါကိုကြားရတာနှင့်ပင် သူမစိတ်ထဲ အလို
ိုအားငယ်လာမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

''သား သိပ်နောက်ကျပါလား''

ဟု အိမ်ထဲဝင်ဝင်ချင်းမှာပဲ အပြောခံလိုက်ရပါသည်။

''ဒယ်ဒီရော ပြန်ရောက်ပြီလား''

''အရေးကြီးကိစ္စတစ်ခုနဲ့ စင်ကာပူရောက်နေတာ မနေ့တည်းကပဲ။ ဒါနဲ့ သား, မိန်းကလေးတစ်ယောက်နဲ့တွဲနေတယ်ဆို''

''လျှပ်စီးထက်မြန်တဲ့သတင်းပါလား''

''ဘယ်မိသားစုက ဘယ်လိုမိန်းကလေးမျိုးလဲ''

''မာမီကန့်ကွက်မလို့လား''

www.burmeseclassic.com

www.burmeseclassic.com



''သားက မာမီ့ထက် ပိုဉာဏ်ကောင်းပါတယ်။ သားရွေးချယ်တာ မမှားနိုင်ဘူးလို့ထင်တယ်၊ ဒါပေမဲ့ သားသတိထားပါ။ ပိုင်းလုံးက ကြောက်ဖို့ကောင်းတယ်''

''သား လှုကဲခတ်တတ်ပါတယ်''

''ငွေကြေးချမ်းသာတာထက် အကျင့်စာရိတ္တနဲ့ သားအမှန်တကယ်မြတ်နိုးမနိုးက အဓိကပါ။ သားက အသက်ငယ်သေးတယ်''

''သားလည်း ခုလောလောဆယ် လက်မထပ်သေးပါဘူး''

''သားလက်တွဲဖို့ ရွေးချယ်တယ်ဆို မာမီ့ကိုခေါ်ပြပေါ့။ သားအခ်ကိုတွေကပါ ထောက်ခံရင် စေ့စပ်ထားပြီး. . . တရားဝင်တွဲတော့ ဂုဏ်သိက္ခာ ရှိတာပေါ့''

''Thank you...မာမီ၊ အဲ့လိုနားလည်ပေးတဲ့အတွက် ကျေးဇူးပါ''

''နားမလည်ပေးလို့ရော ရမလား။ မင်းက ပြဿနာကောင်လေးပဲ''

''ပထမတော့ သူ့ကိုမကြိုက်ဘူး။ ဒါပေမဲ့ ခုတော့ တော်တော်ကိုကြိုက်နေပြီ။ အဲရင်တုန်းကတော့ အဲ့လိုရန်တွေ့တာကို ခါးအောင်မုန်းပေမယ့် အခုတော့ ချစ်စရာလေးလို့မြင်လာပြီ''



လို့ သူကပြောလျှင် သူ့ကိုပြုံးပြီးကြည့်နေသောမာမီကြောင့် သူက ရင်ထဲမှာ နည်းနည်းရှက်သွားကာ. . .

''နားတော့မယ် မာမီ။ good night...''

''good night...''

သူ့ရင်ထဲ ကြည်နူးနေရပါသည်။

မှတ်မှတ်ရရပြောရမည်ဆိုလျှင် ဒီလိုစိတ်ခံစားမှုမျိုးဟာ သူ့ဘဝတွင် ဒါပထမဆုံးပဲဖြစ်ပါသည်။

မနက်ကျရင် သူမကိုတွေ့လျှင် ဘာပြောရမလဲဆိုတာကအစစဉ်းစားနေမိပါသည်။ သူရဲ့ညတွေထဲမှာ ဒီညက ကြယ်တွေအစုံဆုံးဟုထင်ပါသည်။

ထိုသို့သောအလင်းတန်းများကြောင့် သူ မအိပ်နိုင်ဘဲ ပျော်ရွှင်ကြည်နူးမဆုံးဖြစ်နေရပါတော့သည်။

မနက်ပိုင်း ရှိုင်းနှင်နှင့် ရှိမိုင်လာမထခင် သူက ဦးအောင်ထပြီး သူမရဲ့အိမ်ကိုသွားရမည်ဟု အစီအစဉ်ချထားမိပါသည်။

ရှိုင်းနှင်က ရုပ်ချောပြီး အောင်မြင်နေတဲ့လူ။ ရှိုင်းနှင်သာ ပရိုပိုစ်လုပ်ရင် သူမ ရှိုင်းနှင်ကိုမကြိုက်ဘူးလို့ သူအတတ်မပြောနိုင်ပါ။ ပြီးတော့ ရှိမိုင်လာ၏ရန်ကိုလည်း ကြောက်နေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတည်းက ရှိမိုင်လာကို ယိုင်ချင်ချင်ဖြစ်နေခဲ့တဲ့ သူမရဲ့ စိတ်တွေကို သူဘယ်လိုမှစိတ်မချနိုင်တော့ပါ။ သူမသာ ရှိမိုင်လာနှင့်ညှိသွားရင်ဆိုတဲ့အတွေးက သူ့ကိုချောက်ချားစေရပါသည်။

သူမကို ၂နှစ်တစ်ယောက်အနေနဲ့ သူတစ်သက်လုံး ဟန်မပျက်ပြောဆိုနိုင်ပါ့မလားဟုတွေးလိုက်ချိန်မှာတော့ မဖြစ်ဘူးဆိုတာပဲ အထပ်ထပ်အဖြေထွက်လာခဲ့ရပါသည်။

ထို့ကြောင့်ပင် သူက ဝိရိယရှိရှိနှင့် ညပင်မအိပ်တော့ဘဲ ရေမိုးချိုးကာ နံနက်သုံးနာရီလောက်ကပင် အိမ်မှထွက်လာခဲ့ပါသည်။ သူမနဲ့သာ တစ်ချိန်လုံး သူရှိနေခဲ့လျှင် ရိုင်းနှင်ရော၊ ရှိမိုင်လာရော ကပ်နိုင်ကြတော့မှာမဟုတ်ဘူးဆိုတာ သူကြိုတွေးမိ၍ပါ။

ထူးဆန်းလွန်းတဲ့သူ့ကို ခြံစောင့်နှစ်ယောက်က အကဲခတ်နေသည်ကိုပင် သူ့မငေါက်လွှတ်နိုင်တော့။ ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်ရကာ. . .

"ရိုင်းနှင်နဲ့ ရှိမိုင်လာကို မပြောနဲ့နော်"

"ဗျာ! "

"သူတို့မေးတဲ့အချိန်မှာ လွန်ခဲ့တဲ့ဆယ့်ငါးမိနစ်ကမှ ထွက်သွားတာလို့ပြော"



"ဟုတ်ကဲ့ အစ်ကိုလေး"

"တံခါးဖွင့်လေ၊ ဘာလုပ်နေတာလဲ"

"ဟုတ်ကဲ့"

"ဪ၊ ရော့၊ ဒါမုန့်ဖိုး မင်းတို့ကို ငါက မုန့်ဖိုးပေးတာ"

"ဟုတ်ကဲ့"

သူပြုံးလိုက်မိပါသည်။

သူ သူမတို့အိမ်ရှေ့ကိုရောက်သောအချိန် သူမတို့တစ်အိမ်လုံး မှောင်မဲနေခဲ့ပါသည်။ သူမအခန်းက ဘယ်မှာလဲဟု စိတ်နှင့်မှန်းဆကာ ရောက်တတ်ရာရာလှမ်းကြည့်လိုက်ပြီးမှ. . .

"စိတ်ပျက်စရာကောင်းလောက်အောင်ကို အိပ်ပျော်နေမှာပဲ။ အသံကလည်း ထွက်ဦးမယ်"

ဟု ပွစိပွစိလုပ်မိပေမယ့် သူ့နှုတ်ခမ်းကတော့ ပြုံးရယ်လို့ပါပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဒေါက်! ဒေါက်!"

တံခါးခေါက်သံကြားမှ သူ့မှာ မျက်လုံးနှစ်လုံးပွင့်လာရပြီး ဘွားခနဲတွေ့လိုက်ရတဲ့မျက်နှာတစ်ခုကြောင့်. . .

"အမယ်လေး. . . လန့်လိုက်တာ"

"ဘွန်ဗိုင်. ညက အိမ်မပြန်ဖြစ်ဘူးလား"

"ဗျာ. . ."

"ဒါနဲ့များ အိမ်ထဲမှာ အိပ်ရောပေါ့၊ အခန်းတစ်ခန်းပိုပါတယ်။ ကားထဲမှာ ညောင်းမှာပေါ့။ လာ လာ. . . အိမ်ထဲဝင်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာကြီး"

"အားမနာပါနဲ့ ရပါတယ်။ နောက်ဆို အမျိုးတော်ကြရဦးမှာပဲ"

"ဗျာ! "

"သမီးကတော့ အိပ်တုန်းကွယ်။ သူက နည်းနည်းအိပ်ရေး ပုပ်တယ်"

"ကျွန်တော်ရောပဲ"

"ကဲ, မျက်နှာသစ်မလား"

"ဟုတ်ကဲ့"

"အန်တီက ဈေးသွားမလို့ထွက်တာ။ ဒါပေမဲ့ မောင်ဘွန်နိုင် အဖော်မရှိမှာစိုးလို့"

"ကျွန်တော်ပို့ပေးမယ်လေ"

"ရပါတယ်၊ အားနာစရာကြီး။ မသွားတော့ပါဘူး"

"အန်တီ ဘာဝယ်မလို့လဲ"

"မနက်စာ မုန့်ရယ်၊ အသီးအရွက် အသားငါးလေး နည်းနည်း စီ ဝယ်မလားလို့ပါ"

"အန်တီ မသွားချင်တော့ရင် ကျွန်တော်ဝယ်ပေးမယ်လေ"

"ဟမ်း"



"ခဏလေးနော်"

ဟုဆိုကာ ဖုန်းကိုနှိပ်လိုက်ပြီး အနောက်ခန်းထဲဝင်ကာ တစ်ခု ခုပြောနေပုံသာမြင်ရပြီးနောက် နာရီဝက်မျှအကြာတွင် မယုံနိုင်ချင်စရာ ကောင်းလောက်အောင်ပင် အသီးအရွက်၊ အသားငါးနှင့် သမီး သိပ် ကြိုက်သော ဒင်ဆမ်းပူပူနွေးနွေးများက မျက်လှည့်ပြသလို ရောက်လာ ခဲ့ရပါသည်။

"ကျွန်တော်လည်း ဒီမှာထမင်းစားလို့ရမလား"

"ရတာပေါ့။ အန်တီက အားနာ. . ."

"တကယ်တော့ အန်တီရဲ့သဘောကောင်းမှုလေး ဗလီညာက နည်းနည်းရရင် ကောင်းမယ်"

"စောစောစီးစီး သူများအိမ်လာပြီး ဘယ်သူ့အတင်း ပြောနေ တာလဲ"

နောက်ကျောမှ အသံရှင်အား လှည့်လိုက်တော့ ဆံပင်စုတ် ဖွားနှင့်သူမကို တွေ့လိုက်ရပါသည်။

"ဟင်! မေမေ, တစ်ဈေးလုံးများ သိမ်းလာခဲ့တာလား"

"ဘွန်နိုင် ဝယ်ပေးတာ"

"သူက"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မနက်စာအတူတူစားရအောင် မျက်နှာသစ်သွားတိုက်"

"သူနဲ့အတူစားရမှာလား"

"သူနဲ့အတူမစားလို့ ညည်းက လမ်းဘေးက ခွေးဝဲစားနဲ့ အတူစားချင်သေးတာလား"

"မေမေ"

"လုပ်ပါ။ ဒီမှာ ဘွန်ဖိုင်ကိုအားနာစရာကြီး"

"သူ့ကို ဘယ်သူကစောင့်ခိုင်းလို့ အားနာစရာဖြစ်ရမှာလဲ"

"ကဲပါ၊ မျက်နှာသွားသစ်မှာလား။ ညည်းရဲ့မျက်နှာကို ငါ ရေနဲ့ပက်ရမှာလား"

ဟုဆိုတော့မှ စိတ်ဆိုးမာန်ဆိုးဝင်သွားတဲ့သူမရဲ့ပုံကြောင့် ဘွန်ဖိုင်မှာ ပြုံးမိလိုက်ပါသည်။

"သူက အဲ့လိုကျတော့လည်း ချစ်စရာလေးနော်။ သူ့ကိုနိုင်တဲ့လူ လောကမှာ ရှိသေးသားပဲ။ ဂုဏ်ပြုပါတယ်။ ဂုဏ်ပြုတဲ့အနေနဲ့ မေမေခေါ်လို့ရမလား"

"ဟမ်း"

"မရဘူးလား"

"ရပါတယ်။ တစ်မျိုးဖြစ်နေမလားလို့ပါ"



"နေ့စပ်ထားရင်တော့ ခေါ်လို့တစ်မျိုးမဖြစ်တော့ဘူးနော်"

"နေ့စပ်မယ်"

"ကျွန်တော့်မာမီကို ညကာ ပြောလိုက်တယ်"

"ဘာတဲ့လဲ"

"အန်တီရော ခွင့်ပြုမှာလား"

"ပြုတာပေါ့၊ ပြုတယ်။ ဒါကောင်းတဲ့ကိစ္စပဲ"

"ဒါဆို စီစဉ်လိုက်တော့မယ်နော်"

"မမြန်လွန်းဘူးလား"

"သူ့ကို ကျွန်တော်မကြိုက်ဘူး၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲ သူရောက်လာပြီ"

"ဘယ်လိုကြီးလဲ"

"သူ့ကိုမြန်မြန်ကိုင်ထားမှဖြစ်မယ်။ နို့မဟုတ်ရင် ရန်သူတွေဝိုင်းနေတယ်။ ကြာရင် အန္တရာယ်ရှိတယ်"

"ဘာအန္တရာယ်တွေ ရှိနေကြတာလဲ"

"ဘာမှမဟုတ်ပါဘူး"

"ရှင် ညက ပြန်အိပ်ရဲ့လား"

"ဗလီညာ, ကိုယ့်လူကိုစကားပြောတာ အဲ့လိုပြောရသလား၊

www.burmeseclassic.com



နည်းနည်းမှဆွဲဆောင်မှုမရှိဘူး''

''ရပါတယ်။ ကျွန်တော်တို့ကြားမှာ နားလည်မှုရှိတယ်''

''ဒီလိုကောင်းတဲ့လူမျိုးကို မစဉ်းစားလို့တော့ မင်းအတွက် မှ

စာဖက်က ဒီတစ်သက်မရှိနိုင်တော့ဘူး''

''မေမေဘာတွေပြောနေတာလဲ''

''ကဲ၊ စကားပြောရစ်ကြဦး။ ပစ္စည်းတွေ ရှင်းရဦးမယ်။ ထမင်း

ချက်ရဦးမယ်''

''သမီး ဝိုင်းကူ. . .''

''ရပါတယ်၊ ရပါတယ် စကားပြောရစ်ပါ။ ဒါတွေကိုသေချာ

သင်ပြု ဆေးကြောပြီး ရေခဲသေတ္တာထဲထည့်ရမှာ။ ညည်းနဲ့မဖြစ်ပါဘူး''

ဟုဆိုကာ ပစ္စည်းများကို မ,ဝင်သွားသောမေမေကြောင့် သူ

နှင့်သူသာ နှစ်ယောက်တည်းကျန်ခဲ့ရာ စကားသံများ ခေတ္တတိတ်ဆိတ်

သွားရပါ၏။

''ရှင် မပြန်သေးဘူးလား''

''ငါ့ကို မင်းမှာ ဒီစကားပဲပြောဖို့ရှိလား''

''ရှင်ဘာဖြစ်လို့ စောစောလာရတာလဲ''

''ငါက ဝိရိယရှိတယ်လေ။ ဝိရိယသာ အောင်မြင်ခြင်းရဲ့ပင်



''ဘာအဓိပ္ပာယ်လဲ''

''ညက မင်းတို့အိမ်ကို ငါတစ်ချိန်လုံးကြည့်နေခဲ့တယ်''

''ဟင်! ရှင်မပြန်ဘူးလား''

''ပြန်ပါတယ်၊ ပြန်လာခဲ့တာ။ မင်းကိုသတိရလို့''

''ကျွန်မကို၊ ရှင်ရူးများသွားပြီလား''

''မင်းဘယ်လိုပုံ အိပ်ပျော်နေမလဲဆိုတာ ငါတွေးကြည့်နေတာ။

ငါ့အတွေးထဲမှာတော့ တော်တော်ရယ်စရာကောင်းတယ်။ ငါအဲ့လိုတွေး

ရတာ ပျော်တယ်။ ငါ့ကိုယ်ငါနားလည်သွားတယ်။ မင်းနဲ့ငါ တကယ်

အတည်တွဲရအောင်''

''ဟမ်း၊ ရှင် ဆေးသောက်လာရဲ့လား''

''မင်း၊ ငါနဲ့အတည်တွဲလိုက်ရင် မင်းကို ဘယ်သူမှ ပရိုပို့စ်

မလုပ်တော့ဘူး။ အဲ့ဒါဆို ငါလည်းစိတ်ချရပြီ''

''ရှင်ရူးနေသလား''

''အင်း၊ ရူးနေပြီထင်တယ်။ မင်းလိုမိန်းကလေးမျိုးကိုကြိုက်

မှတော့ ငါ ရူးလို့ပေါ့။ အကယ်၍ ငါ မင်းကိုချစ်တယ်လို့ပြောရင် မင်းယုံ

မှာလား။ မယုံဘူးလား''

''ဘာ! ''

www.burmeseclassic.com

www.burmeseclassic.com



"မင်းမယုံပါဘူး။ ဒါကြောင့် ငါအဲ့ဒီစကားကိုမပြောဘူး။ မင်း ယုံလောက်တဲ့အချိန်မှပဲ ငါပြောမယ်။ အခုလောလောဆယ် မင်းနဲ့ငါနဲ့ စေ့စပ်ထားရအောင်"

"ဘာ!"

"မင်းရဲ့မေမေကိုတော့ ငါပြောပြီးပြီ"

"ဘာ!"

"မင်းအံ့သြနေလား။ မအံ့သြပါနဲ့ ငါတို့အဖြစ်က ခပ်ဆန်းဆန်း ပဲဟာ"

"စကားက ဘာအဓိပ္ပာယ်လဲ"

"ငါတို့စတွေ့တာက အိမ်သာတက်တဲ့ဆီမှာ"

"အီး..."

"ပြီးတော့ မင်းက ငါ့ကိုမုန်းတယ်။ ငါကလည်း မင်းကိုအထင် သေးတယ်။ ပြီးတော့ ရည်းစားမဖြစ်ခင် နမ်းမှုကြတယ်"

"ရှင်...နော်"

"အဲ့တော့ ရည်းစားမဖြစ်ခင် စေ့စပ်တာက အဆန်းကြီးမှ မဖြစ်နိုင်တော့တာ။ အမှန်က ငါ မင်းကိုကတိတစ်ခုပေးနိုင်တယ်"

"ဘာလဲ"



"ငါက ကတိတည်တဲ့လူဆိုတာကို ငါ့ပတ်ဝန်းကျင်ကလူတွေ အားလုံးသိတယ်။ ငါ မင်းကိုတစ်သက်လုံးအတွက် ရည်ရွယ်ထားတယ်။ အဲ့တော့ မင်းတစ်ယောက်တည်းပါဆိုတဲ့ကတိမျိုးပါ။ ငါအံ့သြတယ်။ မင်းကိုမှ ငါ ဘာကြောင့်အဲ့လိုတွေးရသလဲလို့။ ထူးဆန်းတယ်။ အဲ့ဒီ ထူးဆန်းတဲ့စိတ်ကပဲ ငါ့နှလုံးသားကိုစေခိုင်းနေတယ်"

"ကိုယ့်ကိုယ်ကို အပြစ်တင်နေတာလား"

"အွန့်ဟွန်း...ကြည်နူးနေတာပါ။ မင်းသာ ကြည်ဖြူမယ်ဆို ငါ ဒီ့ထက်မက အများကြီးကြည်နူးနိုင်တယ်"

"ရှင်စကားကို ဒီ့ထက်နုအောင် မပြောတတ်ဘူးလား"

"ငါပြောရင်လည်း မင်းက ယုံမှာမှမဟုတ်တာ"

"ရှင် အရူးလိုပဲ။ ယောကျ်ားလေးတစ်ယောက် နူးနူးညံ့ညံ့ လေးပြောလာရင် ဘယ်မိန်းကလေးက မကြည်နူးဘဲရှိမလဲ"

"သြော်. ဒီလိုလား။ အဲ့လိုဆိုလည်း ငါက ဘာပြောရမလဲမသိ ဘူး"

"သြော်. ကိုယ့်ကို ရည်းစားစကားပြောဖို့တောင် ကိုယ်က ပြန်သင်ပေးရဦးမှာလား"

"ဘာ...ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီတော်ပြီ။ ရှင်နဲ့မပြောချင်တော့ဘူး"

ဟုဆိုကာ သူမက ထရပ်လိုက်သည်တွင် သူက သူမရဲ့လက်ကောက်ဝတ်ကိုဖမ်းဆွဲကာ ထိုင်စေလိုက်ပြီးမှ သူမနှင့်မျက်နှာချင်းဆိုင်တွင် ဒူးထောက်လိုက်ကာ. . .

"ငါ မင်းကိုချစ်တယ်။ ငါ့ကိုလက်ခံပေးပါ"

"ဘွန်ဗိုင်"

"ငါ့စိတ်တွေ တအားလှုပ်ရှားနေတယ် ဗလီညာ။ ဒါကြောင့် မျက်လုံးမှိတ်ထားတာ"

"အဲ့တော့ ကျွန်မက ဖြေရင်၊ ရှင်က မြင်မှာမို့လား"

"ငါ မျက်နှာမော့ထားတယ်။ ငါ့ပါးက မင်းရဲ့အဖြေကိုစောင့်နေတယ် ဗလီညာ"

"ရှင်ဘာတွေပြောနေတာလဲ. . . ထ"

"ထစေချင်ရင် မြန်မြန်အဖြေပေးလိုက်။ ကြိုက်မရှက်ပိုက်မရှက်တဲ့။ ငါက ရှက်မှာမဟုတ်ဘူး"

ဟုတဖွတ်ဖွတ်ထိုးပြောလာချိန်မှာတော့ သူမကာပြုံးကာ. . . .

ဘွန်ဗိုင်မျက်လုံးဖွင့်သွားသောအချိန်မှာတော့ သူမရဲ့မျက်နှာတစ်ခုလုံးမှာ ပန်းရောင်လွှမ်းနေရပါ၏။



"ဗလီညာ"

သူ့မှာ ဝမ်းသာလွန်း၍ ဗလီညာရဲ့လက်ဖမိုးကို ဆုပ်ကိုင်မိလိုက်ပါသည်။

"ဒါ အလှပဆုံးဇာတ်ဝင်ခန်းတစ်ခုပေါ့"

"ဟင်, ရိုင်းနင်၊ ရှိမိုင်လာ"

"အလစ်မှာ ဖြတ်ရိုက်ခံရတာပဲ။ ကျည်တစ်တောင့်နဲ့ပွဲသိမ်း"

"မင်း ညကထွက်သွားကတည်းက ငါတို့ထင်ပြီးသား။ ဒီပွဲမှာလည်း မင်း ဉာဏ်ကောင်းသွားပြန်ပြီ ဘွန်ဗိုင်"

"ငါတို့ သူ့ကိုအနိုင်ယူတာ များခဲ့ပြီလေ"

"ရှင်တို့ဘာတွေပြောနေကြတာလဲ"

ဟု မသိနားမလည်စွာ မေးလိုက်သည့်ဗလီညာကို သူတို့သုံးယောက်က ကြည့်ပြီး ပြုံးလျှက်. . .

ရသတို့နှင့်ပြည့်စုံပါစေ. . .

မယ်နိုင်

www.burmeseclassic.com